
www.burmeseclassic.com



www.burmeseclassic.com

# ရွှန်းရမီမိုး

## ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၃၄၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၁၃၀၄၁၀

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၁၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရွှန်းရမီမိုး
ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ/ရွှန်းရမီမိုး၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၀- စာ၊ ၁၂×၁၈ စင်တီ။
(၁) ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ရွှန်းရစ်မိုး




စိစဥ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



# ဝဝ နှင့်ဝင်းနို



ရှင်ဦဇစ်
ဒိုက်ရိုက်ခဲဓိတဲ့
ပဆဇဇနာဝဓဓ



၁

"ဟာယ်... ခဲရယ် မလုပ်ပါနဲ့"

"အား"

"ကဲ ... ပြောရင်းက စူးပြီရော၊ မလုပ်တတ်ဘဲနဲ့ကို"

"နန်းဝါကလည်း၊ ပန်းဆယ်မွှင့်စုံမြီး ကြိုးနဲ့စည်းတာတော့ လုပ်တတ်ပါတယ်နော်"

"လုပ်တတ်လို့ အခု စူးပြီရော"

ရှမ်းမလေး နန်းဝါက စကားပြောရင်း ရော ... ရော နဲ့ ထည့်ပြောတတ်ပုံလေးကို ခခက အရှမ်းသဘောကျသည်။ နန်းဝါတို့က တောင်ကြီးမြို့ရဲ့ တောင်ဘက်မှာရှိသော တောင်ကြီး တက္ကသိုလ်နားက ကျောင်းကြီးစုရပ်ဘတ်မှာ နှင်းဆီခြံကျယ်ကြီး တို ပိုင်ဆိုင်ထားသူပါ။

www.burmeseclassic.com



သားအမိနှစ်ယောက်သာနေသော နန်းဝါတို့အတွက် နှင်းဆီခြံရဲ့ ဝင်ငွေကပင် တော်တော်လေး ဖူလုံနေသလို နန်းဝါရဲ့ ကျောင်းစရိတ်ကိုလည်း နှင်းဆီခြံရဲ့ ဝင်ငွေနဲ့ပဲ သုံးနေရခြင်း ပါ။

"ဘာကြည့်နေတာလဲ"

"သြော် ... နန်းဝါက လှလိုက်တာ ဆိုပြီး ငေးနေတာ ပေါ့"

"ဟုတ်ဘဲနဲ့၊ နန်းဝါက ခခလောက် မလှဘူးနော်"

"လှပါတယ်၊ နန်းဝါက အသားလေးက ဖြူဖြူလေး၊ ပါး လေးတွေဆို ရဲနေတာပဲ"

"အဲဒါ မလှတာပေါ့၊ ပါးက နီနေပြီး နေပူတဲ့ အချိန်များ ဆို မျက်နှာက ရဲရဲတောက်နေပြီ"

"အဲဒါ မကောင်းဘူးလား"

"ဟင့်အင်း ... နန်းဝါတော့ မကြိုက်ဘူး၊ နန်းဝါက ခခလို အသားဝါဝင်းဝင်းလေးကို ကြိုက်တာ၊ ခခ ဆိုရင် မျက်နှာ လေးမှာ မွေးညှင်းနုလေးတွေနဲ့ အကြောစိမ်းစိမ်းလေးတွေနဲ့ အရမ်းချစ်စရာကောင်းပဲ"





"ဟဲ ဟဲ ... နှစ်ယောက်သား အပြန်အလှန် ချီးမွမ်းနေ လိုက်ကြတာ၊ မရှက်ဘူးလားဝေ့"

"အယ် ... အမေတောင် ပြန်လာပြီရော"

"အေး ... နန်းဝါရေ၊ ဒီမှာ နင့်အဒေါ် လိမ္မော်သီးတွေ ထည့်ပေးလိုက်တယ်"

"ဟယ် ... ခေါင်သီးတွေပဲ၊ ချောတယ် ချိုမှာပဲ၊ ခခ စား ကြည့်"

"စားမယ်၊ နန်းဝါရယ် ... ခခကို လိမ္မော်ခြံတွေ လိုက်ပို့ ဦးလေ"

"ပို့မယ် ... ပို့မယ်၊ နန်းဝါတို့ အဒေါ်မှာ လိမ္မော်ခြံရှိတယ်၊ အဲဒီကို လိုက်ပို့ပေးမယ်"

"အိုခေ"

"ဒါပေမဲ့ ဆိုင်ကယ်နဲ့ပဲ သွားရမှာနော်၊ ခခ လေတိုးခံနိုင် ပါ့မလား"

"ရပါတယ်၊ ဂျာကင်ဝတ်သွားမယ်လေ၊ ဘောင်းဘီရှည်ဝတ် မယ်၊ ဆိုင်ကယ်လည်း စီးချင်တယ်၊ ပျော်စရာကြီး"

"ခခလေးက ကလေးပီစီကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဓေးဝါလိုပဲ ခရဲ့ အိမ်မှာဆို ကလေးတစ်ယောက်လိုနေရတာ၊ အဲဒါကြောင့် ရွှေမင်းသမီးလေး တစ်ခုခုဖြစ်မှာ စိုးတာ"

"ဟင် ... နန်းဝါကလည်းကွာ၊ ခခကို မချုပ်ချယ်ပါနဲ့၊ အိမ်မှာဆို အရမ်းမွန်းကျပ်လွန်းလို့ ခခ ဒီမှာလွတ်လွတ်လပ်လပ်နေပါရစေကွာ ... နော်"

"အင်းပါ ... ဒါပေမဲ့ ခခ တစ်ခုခုဖြစ်ရင် နန်းဝါကို ခခ အိမ်က ပြောကြမှာပေါ့၊ နန်းဝါက တာဝန်ယူပြီး ခေါ်လာရတာလေ"

"အင်းပါ ... ဒါပေမဲ့ ခခက ခုချိန်လေးပဲ အခွင့်အရေးရတာလေ"

"ဟုတ်ပါပြီ၊ ကျွန်တော်မျိုးမပဲ အရှင်းပေးတယ်၊ မနက်ဖြန် လိမ္မော်ခြံ သွားမယ်နော်၊ ကဲ ... ခုတော့ ဟိုမှာ ပန်းဖောက်သည်တွေကို စန်းသွားရောင်းလိုက်ဦးမယ်"

"ခြံထဲရောက်ပြီးမှ လိုက်မယ်"

"မိုးရွာထားတာဆိုတော့ ခြံထဲမှာ ဗွက်တွေနဲ့ ခခရဲ့"





"ဗွက်တွေဆို နန်းဝါလို လည်သာဖိနပ်အရှည်လေး စီးမှာပေါ့"

"ကဲ .. ပြောမရလည်း သဘောပဲရော"

"ခစ် ... ခစ် ... တရောရောနဲ့ ဘာမှန်းလဲ မသိဘူး"

နှင်းဆီခြံထဲရောက်တော့ ပန်းဖောက်သည်တွေက ခခကို ဝိုင်းကြည့်နေကြသည်။ ခခက ဘိုမရုပ်ကလေးလို လှသူလေးပါ။

အသားဖြူဝင်းဝင်းက အဝါဘက်ပြေးနေပြီး ဆံပင်မတိုမရှည်က ရွှေအိုရောင်ရှင့်ရှင့်ပြေးလျက် မျက်သားက ဖြူလွန်းသဖြင့် ပြာသည့်ဘက်ပင် ပြေးနေပြီး မျက်လုံးတောက်တောက်တို့က နက်မှောင်ပြာလဲ့နေသည်မို့ ခခ ပုံစံလေးက ထင်းနေပါသည်။

အရပ်က ငါးပေငါးလက်မခန့်ရှိပြီး သွယ်စင်းသော ခန္ဓာကိုယ်ကလည်း အရပ်ပုသော နန်းဝါနှင့် ယှဉ်လိုက်တော့ ပိုပေါ်လွင်သွားလားမသိ။ ဂျင်းပင်ပြာပြာအောက်က ခြေထောက်အလှကလည်း ထင်းနေသည်။ ပေါင်တံသွယ်စင်းစင်းလေးတွေရဲ့ အဆုံးမှာ လည်သာဖိနပ်အရှည်ကြီးတွေဖြင့် ပန်းဖောက်သည်တွေမှာ သူမကို ငေးနေကြသည်။

www.burmeseclassic.com



"နန်းဝါလေး ... သူက ဘယ်သူလဲဝေ့"

"နန်းဝါ သူငယ်ချင်းလေ"

"ချောတယ်ဟ"

"ရန်ကုန်သူလား"

"ဟုတ်တယ်"

"ထင်တယ်၊ ဟိုတလောက ရန်ကုန်က ပြန်လာတဲ့ ကျုပ်တူလေး ပြောတာ၊ ရန်ကုန်သူတွေက နိုင်ငံခြားသူတွေကျ နေတာပဲတဲ့၊ ညည်းသူငယ်ချင်းက အင်္ဂလိပ်ကားတွေထဲက မင်းသမီးနဲ့ တူတယ်ဟ"

ခခက သူတို့စကားတွေကို သဘောကျနေသည်။ ပြီးတော့ ပန်းညှပ်နေတဲ့ ကောင်မလေးတွေနား သွားပြီး ...

"အစ်မလည်း ရှုးကြည့်ချင်တယ်"

"သူက ညှပ်တတ်မှရတာ မမရဲ့၊ အဖူးလွတ်အောင် အဆစ်လွတ်အောင် ညှပ်ရတာ"

"ဘယ်လို ညှပ်လဲ ပြောပြပေးလေ၊ ညှပ်ကြည့်မယ် ... နော်"

"ဒါဆို ဒီအပွင့်လေး ညှပ်ကြည့်လေ၊ ဒီနားကညှပ်"





"အင်း ... စမ်းကြည့်လိုက်မယ်၊ အား ..."

"ဟယ် ... ခခ ရှုးပြီ၊ ဘယ်လိုဖြစ်တာလဲ ဂျမ်းပုံ၊ ဘယ်လိုဖြစ်တာလဲ"

"ဟို ... ဒီအစ်မက ပန်းညှပ်ကြည့်မယ်ဆိုပြီး ညှပ်တာ ဆူးရှုးသွားလို့ ... အဟီ"

"ဟယ် ... ဘာလို့ညှပ်ခိုင်းရတာလဲ၊ ဖယ် ... ဖယ် ... ခခလာ၊ အဲဒါကြောင့် ခခကို မခေါ်ချင်တာ၊ ခုတော့ ရှုးပြီ၊ လာ ... ဆေးသွားထည့်မယ်"

"ရပါတယ်"

"ဘာရတာလဲ၊ ဒီမှာ သွေးတွေ ထွက်နေပြီ"

နန်းဝါက အတင်းဆွဲခေါ်သွားသည်။ ခခမှာ ပန်းခင်းကြီးကို စိတ်မဖြတ်နိုင်စွာ ငေးကြည့်ပြီး ပါသွားသည်။

"အမယ်လေး ... ရန်ကုန်သူကလည်း နှင်းဆီပန်းဆူးတောင် အရှုးမခံနိုင်ပါလားဝေ့"

"လှတာတော့ ရက်ရက်စက်စက်ပဲဟ"

"လှတာမက်ရင် ညစာခက်မယ် ဖိုးမောင်ရေ၊ ကဲ ... ကိုယ့်ဘာသာ ဆေးဖျန်းစရာရှိတာ ဖျန်း"

www.burmeseclassic.com



"အေးပါဟာ ဖျန်းမှာပေါ့၊ နင်ကလည်း ငါက သူလှတယ်ပဲ ပြောသေးတာပါ၊ မနာလိုဖြစ်မနေနဲ့ ဂျမ်းပုံရ"

"အံမယ် ... ငါက ဘာလို့မနာလို ဖြစ်ရမှာလဲ"

"ဟဲ ဟဲ ... ဂျမ်းပုံရာ"

"ဖိုးမောင်နော် ... နင့်လို မြေကြီးကိုများ"

"အဲဒီမြေကြီးဆိုတာ ရှိနေလို့ ကမ္ဘာဆိုတာ ရှိနေတာလေ ဂျမ်းပုံရ"

ပန်းခြံလုပ်သားလေး ဖိုးမောင်နဲ့ ပန်းညှပ်သမလေး ဂျမ်းပုံတို့က သမီးရည်းစားတွေပါ။ ပန်းဖောက်သည်တွေက သူတို့ကိုကြည့်ပြီး ဘေးကနေ ဝိုင်းစ,နေကြသည်။

နန်းဝါတို့ရဲ့ နှင်းဆီခြံလေးကလည်း ပျော်စရာကမ္ဘာငယ်လေးတစ်ခုပါပဲ။

အဲဒါကြောင့်လည်း ခခက နန်းဝါတို့ဆီမှာ ပျော်နေတာပေါ့။

နန်းဝါက တောင်ကြီးတက္ကသိုလ်မှာ မတက်ဘဲ ရန်ကုန်မှာ ကျောင်းလာတက်သည်မို့ ရန်ကုန်သူ ခခနဲ့ ခင်သွားပြီး နန်းဝါ တောင်ကြီးပြန်တော့ ခခက လိုက်လည်ခြင်းပါ။





ဒီရောက်တော့ နှင်းဆီခြံကြီးက ခခကို ဆွဲဆောင်သွားပြန်သည်။ ခခက နှင်းဆီပန်းကြိုက်သော်လည်း မေမေက မကြိုက်သဖြင့် ခခ ရန်ကုန်မှာ နှင်းဆီပန်း လုံးဝမဝယ်ရပါ။

အဲဒီလို ကိုယ့်စိတ်ကိုယ်မပိုင်ရတဲ့ ဘဝမျိုးကို ခခ မုန်းပါသည်။ ခခမှာ ထွက်ပေါက်မရှိ ပိတ်မိနေသလို ခံစားရသည်။ ထို့ကြောင့် ကျောင်းပြီးတော့ ခခ နန်းဝါနှင့် တောင်ကြီးကို လိုက်လည်ဖို့ ခွင့်တောင်းသည်။

မေမေက လုံးဝခွင့်မပြုတော့ ပါးပါးကို ပြောရသည်။ ဒီမှာ ပါးပါးက ကတိတစ်ခုတောင်းသဖြင့် ခခ တောင်ကြီးလိုက်လည်ခွင့်ကို ကတိတစ်ခုနှင့် လဲခဲ့ရခြင်းပင်။

ထို့ကြောင့် ထိုကတိနှင့်တန်အောင် တောင်ကြီးမှာ အကြာကြီး နေပစ်မည်ဟု တွေးထားသည်။ ဒါတောင် မေမေက အိမ်က ကောင်မလေးတစ်ယောက်ကို အဖော်ထည့်ပေးချင်သေးသည်တဲ့လေ။ မနည်းငြင်းခဲ့ရသည်။

ဒီလွတ်လပ်မှုကြီး ကုန်ဆုံးသွားရင်တော့ ခခဟာ ပါးပါးကို ပေးထားတဲ့ ကတိတစ်ခုအောက်မှာ မွန်းကျပ်စွာ။ ဒါပေမဲ့လေ ဒီကတိကို မပေးဘဲနေလည်း ဒီခရီးကို မလာရပါဘ

www.burmeseclassic.com



ရှိမည်မို့ ပုံစံခွက်ထဲမှာပဲ ပုံမှန်ရှင်သန်ရုံသာ ရှိမည်မို့ ခခ ပါးပါး တောင်းတဲ့ ကတိကို ပေးလိုက်ရတာပင်။

"အား ... စပ်လိုက်တာ"

"ဆေးထည့်မယ်ဆို ပြောနေတာကို ဘာတွေးနေလဲ မသိဘဲ"

"ဘာဆေးလဲကွာ၊ အရမ်းစပ်တာပဲ"

"ဥုဖြ ... ပျောက်သွားပြီ၊ မစပ်တော့ဘူး၊ ရေဆောက်လိုက်"

"ဟံင် ... လက်ကစပ်တာ ရေဆောက်လို့ ပျောက်မလား၊ ဘာမှလဲ မဆိုင်ဘူး"

"မဆိုင်ဘူးလား၊ ဆိုင်တယ်မှတ်လို့"

"နန်းဝါနော်"

"ဟဲ ဟဲ ... ကဲ ... လာ၊ ထမင်းစားရအောင်"

"ဘာဟင်းလဲ"

"ခခ ကြိုက်တတ်တဲ့ မုန်ညင်းချဉ်နဲ့ ဝက်သားကြော်ထားတယ်၊ ဂျူးမြစ်သုပ်၊ ပဲထွန်ဆေးခါးဟင်း၊ ပြီးတော့ ..."

"တော်ပြီ ... တော်ပြီ၊ ဒီလောက်နဲ့တင် လျှာလည်သွားပြီ၊ ခခကလေ နန်းဝါအမေချက်တဲ့ ဟင်းတွေကို အရမ်းကြိုက်တာပဲ၊ အိမ်မှာဆိုရင် အချဉ်တွေ အစစ်တွေပါတဲ့ဟင်းဆို





မချက်ကြဘူး၊ အချဉ်အစပ်လည်း မစားရဘူး သိလား၊ ခခတော့ ဒီမှာ ရှမ်းစာတွေကို ကြိုက်နေပြီ"

"ကြိုက်နေရင် ရှမ်းလေးတစ်ယောက်ကိုယူပြီး ဒီမှာ အပြီးနေလိုက်"

"အံမယ် ... သူကတော့ ခေါ်ထားမယ် မရှိဘူး"

"အိုး ... နေနိုင်လို့ကတော့ ခေါ်ထားပြီးသားပါပဲနော်၊ အမေ ... ခခကို အပြီးခေါ်ထားမယ်နော်"

"ဝေး ... ကောင်းတာပေါ့၊ သမီးနှစ်ယောက်"

"အမေက တကယ် ခေါ်ထားမှာလား"

"ခေါ်ထားမှာပေါ့ ကလေးပီစိရယ်"

"အမေ ခေါ်တာက ရယ်ရတယ်နော်၊ ကလေးပီစိတဲ့၊ ဟီး ဟီး"

"ကလေးပီစိသာ ပျော်တယ် ဆိုလို့တော့ တစ်သက်လုံးနေ"

"ခခက ဘာမှ မလုပ်တတ်ဘူးနော်"

"အိုး ... ဘာမှလုပ်စရာ မလိုပါဘူး၊ လှလှလေးနေရင် ရပြီ"

"ဟဲ ဟဲ ... အမေက သဘောကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … အမေက နန်းဝါကိုကျတော့ ခိုင်းတယ်"

"ဩော် … နန်းဝါက လုပ်တတ်နေပြီဆိုတော့ လုပ်ပေါ့ ကွယ်၊ ခခက မလုပ်တတ်ဘူးပဲ"

"အိုး … ဒါဆို အစတည်းက မသင်ထားစဘူးဟယ်"

ရယ်သံတွေ စီပြည်သွားရသည်။

❣❤❣



တောင်ကြီးမြို့ရဲ့ တောင်ဘက်မှာရှိသော ကျောက်တစ်လုံးရွာလေး။ ထိုရွာလေးဆီမှ လိမ္မော်ခြံလေးသို့ ဦးတည်လျက် တရိပ်ရိပ်ပြေးနေသော ဆိုင်ကယ်လေးတစ်စီးနဲ့ မိန်းမချောလေး နှစ်ယောက်။

နန်းဝါနဲ့ ခခရယ်ပါ။ နန်းဝါက မိန်းမစီးဆိုင်ကယ်လေးကို ကျွမ်းကျင်စွာ မောင်းနှင်လျက် ခခက နန်းဝါခါးကိုဖက်ပြီး အသစ်အဆန်းတစ်ခု ရထားသော ကလေးငယ်ပမာ သဘောကျနေသည်။

ခခဆို ဆိုင်ကယ်လည်း မစီးတတ်၊ ကားလည်း မောင်းတတ်။ ခခရဲ့ မေမေက တစ်ဦးတည်းသော သမီးလေး ခခကို ပိုးမွေးသလို မွေးခဲ့တာလေ။

မိခင်ဖြစ်သူမှာ နလုံးရောဂါသည်မို့ ခခကို မွေးပြီးသားသမီး ထပ်မရနိုင်တော့သဖြင့် ခခကို အရိပ်တကြည့်ကြည့်၊

www.burmeseclassic.com



ဖြစ်နေခဲ့တာ။ တစ်ချိန်လုံး အသေးစိတ်ကစပြီး ဂရုစိုက်နေခဲ့သဖြင့် ခခမှာ လှောင်ချိုင့်ထဲက ငှက်ကလေးပမာ ဖြစ်ခဲ့တာပါ။

ထို့ကြောင့်လည်း ခခ ဆိုသော ရွှေမင်းသမီးလေးဟာ နဂိုကပင် ချောမောလှပသော ရုပ်ရည်ကလေးမှာ ပိုးသားလို နူးညံ့မှုတွေနဲ့ အလှပေါ် အလှဆင့်ခဲ့ရသည်။

နန်းဝါဆို အမြဲပြောသည်။

"ခခ အသားလေးတွေက နုအိနေတာပဲရော၊ ခခ လက်ကလေးတွေကလည်း ကိုင်လို့ကောင်းတယ်"

"ဟုတ်မှာပေါ့၊ ဒီလက်တွေက ဘာမှမလုပ်ရတာကိုး နန်းမှာပေါ့"

"ကျို"

"ဟဲ့ ... မလုတ်တုတ်"

"ရောက်ပြီလေ ခခရဲ့၊ ဘာတွေ တွေးနေတာလဲ"

"ဟာ ... လိမ္မော်သီးတွေ အများကြီးပါ၊ ခူးချင်စရာကြီးတော့။ အကြွေတွေကလည်း မှည့်နေတာပဲ၊ ပျော်စရာကြီး"

"အဟင်း ... ကဲ ... လာ၊ အိမ်ကို သွားကြမယ်၊ ပြီးမှပဲ ခြံထဲပြန်ဆင်းတာပေါ့"

"အိုးခေ"



"ကြီးကြီးလေး"

"ဪ ... နန်းဝါ၊ လာ ... လာ ... ညည်းတို့လာမယ်ဆိုလို့ ဒီမှာ ဟင်းတွေ ရှယ်ချက်ထားတယ်"

"ဟား ... ပွတာပဲ၊ ဝါးကြွေမှာပေါ့"

"ဟုတ်တာပ၊ ကဲ ... ညည်းရဲ့ ညီမလေး ချောမှချော ဆို၊ ဘယ်မလဲ"

"ခခ လာလေ"

"ဟယ် ... ချစ်စရာလေးပဲ၊ နန်းကျော့ရေ ... လာပေ့၊ ဒီမှာ နန်းဝါသူငယ်ချင်းကို လာကြည့်စမ်း"

"လာပါပြီ"

"ဟော ... မမကျော့"

"ဟယ် ... နန်းဝါ၊ မတွေ့တာကြာလို့ နင် ပိုချောလာတယ်၊ နင့်သူငယ်ချင်းရော"

"ဒီမှာ"

"ချစ်ရာလေး ချောလိုက်တာ"

"လိမ္မော်သီးခူးကျွေးမယ် အစ်မ"

"စကားပြောတာလည်း ချစ်စရာလေးပဲ"

"အယ် ... ဘာဆက်ပြောရမလဲတောင် မသိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်တာ ပြောလေ"

"အဟင်း"

"ခခ ... ဒါ မမနန်းကျော့တဲ့၊ ကြီးကြီးလေးသမီးလေ၊ မမကျော့ ... ဒါက ခခတဲ့"

"အေး ... အေး"

"မမကျော့ လိမ္မော်သီးခူးလို့ရမလားဟင်"

"ရတယ်လေ ခူးပေါ့"

"ဝေး ... အကြိုက်ခူးမယ်"

"ခူးပါရှင်"

ထိုစဉ်မှာပဲ နန်းကျော့တို့ အိမ်ရှေ့သို့ ဒီတီဆိုင်ကယ်တစ်စီး ထိုးဆိုက်လာသည်။ အသားမဖြူမညို၊ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ယောက် ဆင်းလာသည်။

"ဟယ် ... စိုင်း လာပြီ"

မနန်းကျော့ရဲ့ မျက်နှာက ဝင်းထိန်သွားပြီး ကလေးတစ်ယောက်ပမာ ပြေးဆင်းသွားသည်။

"စိုင်း ... ဘယ်တုန်းက ပြန်ရောက်တာလဲ"

"သုံးရက်လောက်တော့ ရှိပြီ"





"ဟယ် ... သုံးရက်တောင်ရှိပြီ၊ အခုမှလာတယ်၊ စိုင်း မကောင်းဘူး"

"မအားဘူး နန်းကျော့ရဲ့၊ ဟိုကပြန်လာတော့လည်း အလုပ်တွေက ပုံနေတာ၊ ခုတောင် ကိုယ် ခြံထဲကို ရိက္ခာပို့ရင်းနဲ့ ခြိစစ်ဖို့လာတာ"

"လမ်းကြုံလို့ပေါ့လေ"

"ဘာပဲဖြစ်ဖြစ် ရောက်လာပြီပဲလေကွာ"

"ထားပါတော့၊ နန်းကျော့ ညီမတွေ ရောက်လာလို့ ဟင်းကို ရှယ်ချက်ထားတာ၊ ထမင်းစားသွား"

"တော်ပါပြီ၊ စကားမစပ် နန်းကျော့ ညီမလေးတွေက ချောလား"

"စိုင်းနော်"

"သူ့ညီမတွေကို အူတိုတယ်ပေါ့လေ"

"တော်ပြီ၊ ပြန်တော့"

"ဟာ ... နင်လှချည်လား"

ခခနဲ့ နန်းဝါက သူတို့နှစ်ယောက်ကို အိမ်ထဲက လှမ်းမြင်နေရပါသည်။ မနန်းကျော့ကလည်း အသားညိုညို လူကြီး ပေါက်လှမို့ ထိုလူကြီးနှင့် လိုက်ဖက်ပါသည်။ မျက်နှာလုံးလုံး



www.burmeseclassic.com

နှုတ်ခမ်းဖူးဖူးလေးနှင့်မို့ ညိုချောစာရင်းဝင် မနန်းကျော့ကို ထိုလူကြီးကလည်း ပြုံးကြည့်နေတာပင်။

နန်းဝါက ...

"မမကျော့ ရည်းစားလား မသိဘူး"

"နန်းဝါ"

"ရှင်"

"လာဦး"

"ခဲခဲ ခဏနေလေးနော်"

"ရတယ်၊ သွား ... သွား"

နန်းဝါက မနန်းကျော့တို့နားသို့ ဆင်းသွားသည်။ ခခကတော့ လိမ္မော်သီးအမြှာလေးတွေကို အပြင်ဘက်က အမြှာအလွှာတွေ သင်ပြီး အသားမျှင်လေးတွေချည်းစီ ရအောင်နွှင်ကာ ဆေးနေသည်။

"နန်းဝါ ... ဒါ မမကျော့ သူငယ်ချင်း စိုင်းတဲ့"

"စိုင်း ... ဒါ နန်းကျော့ ညီမဝမ်းကွဲလေး နန်းဝါ"

"ညီအစ်မနှစ်ယောက် တခြားစီပဲနော်၊ ကျော့က ညိုညိုမြင့်မြင့်၊ ညီမလေးက ဖြူဖြူပုပု"

"လက်တောင် အတိုအရှည် ညီတာမှ မဟုတ်တာ ဒိုင်းရဲ့"



"ကဲ ... ကျော့လည်း ဧည့်သည်ရောက်နေတာပဲ၊ အလုပ်ရှုပ်နေလား။ ကိုယ်တော့ ခြံထဲဆက်သွားလိုက်ဦးမယ်"

"ဟယ် ... မပြန်ပါနဲ့ဦး စိုင်းရဲ့၊ ထမင်းစားသွားပါဦးလေ"

"မစားတော့ဘူး၊ ဪ ... မေ့တော့မလို့၊ ကျော့အတွက် ရန်ကုန်ပြန်လက်ဆောင် လာပေးတာ"

"ဘာလဲ"

"ဂျေဒိုးနတ်မုန့်လေ"

"ဟာ ... စားရချည်သေးရဲ့"

"ကဲ ... ကိုယ်သွားပြီ"

"ထမင်းစားသွားပါဆို"

"နောက်မှ စားတော့မယ်ကွာ၊ ဪ ... ကျော့"

"ပြောလေ"

"ဒီနှစ်လည်း ကျော့တို့ခြံထွက် အသီးအားလုံး ကိုယ်ယူမှာနော်၊ စရန်ပေးထားရမလား"

"မလိုပါဘူး ရပါတယ်၊ သိပ်မေါနေတယ် ဆိုရင်တော့လည်း ပေးပေါ့"

"လိုပါပြီ၊ ကဲ ... သွားပြီ"

"ဆိုင်ကယ် ဖြည်းဖြည်းစီးနော်"

www.burmeseclassic.com



"အေးဆေးပါကွာ"

ဒီတီဆိုင်ကယ်ကြီးက ဝေါခနဲ အရှိန်ပြင်းစွာ ...

"တော်တော်ပြောစကား နားထောင်တဲ့ စိုင်းပဲ"

"မမကျော့

"ဟင်"

"အဲဒါ မမကျော့ရဲ့ ချစ်ချစ်လား"

"မဟုတ်တာကြီး၊ သူငယ်ချင်းပါဟယ်"

"ဒါပေမဲ့ မမကျော့တို့ မျက်လုံးတွေမှာတော့ သူငယ်ချင်းထက် ပိုနေတယ်နော်"

"ဟုတ်လို့လား"

"အံမယ် ... ဟုတ်လို့လားတဲ့"

"အဟင်း ... စိုင်းက ခင်ဖို့တော့ကောင်းတယ်ဟ"

"ချစ်ဖို့ရော"

"ဟာ ... ဒီကောင်မလေး၊ သွား ... သွား ဟိုမှာဧည့်သည် တစ်ယောက်တည်း"

"ခုမှပဲ ဧည့်သည်ကို သတိရတယ်ပေါ့လေ၊ ရောဂါ ... ရောဂါ"

"ဟယ် ... တော်ပြီ ... တော်ပြီ၊ နန်းဝါရစ္စ်လေး"





ရှက်ရှက်နှင့် အိမ်ပေါ်ပြေးတက်သော မနန်းကျော့လေ့ကားစွန်းနှင့် ခလုတ်တိုက်မိသွားသဖြင့် ညိုသောမျက်နှာလေးမှာ ရဲရဲတွက်သွားလေတော့သည်။

ခခကတော့ လိမ္မော်သီးကိုသာ စိတ်ရှည်လက်ရှည် နွာလျက်။

"ခခ"

"အင်း"

"ခြံထဲဆင်းတော့မလား"

"ဆင်းမယ်လေ"

"လာ ... သွားကြစို့၊ မမကျော့ရေ ... နန်းဝါတို့ ခြံထဲဆင်းလိုက်ဦးမယ်၊ ကြီးကြီးလေးရော"

"အမေ ခြံထဲမှာပဲ၊ သွားချင်သွားလေ၊ ခဏနေရင် ထမင်းစားဖို့ ခေါ်ခိုင်းလိုက်မယ်"

"ဟုတ် ... လာ ခခ"

ခြံထဲရောက်တော့ နန်းဝါက လိမ္မော်သီး ကူခွတ်ပေးနေလိုက်သည်။ ခခကတော့ ပြွတ်သိပ်နေသော လိမ္မော်သီးတွေကို ကိုင်ကြည့်လိုက်၊ ခူးလိုက်နှင့် သဘောတွေ ကျနေသည်။

"နန်းဝါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆဲ"

"ဒီမှာကြည့်စမ်း၊ ဒီလိုလေးကိုင်ပြီး ဓာတ်ပုံရိုက်ရင် လှမယ်နော်၊ ပြီးတော့ လိမ္မော်သီးပုံကြီးကို ကျူးပြီးဖက်ထားတဲ့ပုံဆိုရင်လည်း မဆိုးဘူး၊ လိမ္မော်ပင်လေးကိုမှီပြီး ခြေပစ်လက်ပစ် ထိုင်နေရရင်တော့ ဆွေးနေတဲ့ပုံ ပေါက်မှာပေါ့"

"စိတ်ကူးကလည်း ယဉ်ပါ့"

"စိတ်ကူးရှက်က လေမတိုက်ဘဲလည်း လွင့်လို့ရတာကိုးကွ"

"ဟုတ်ပါပြီ"

လိမ္မော်ခြံက အလုပ်သမားတွေကလည်း ခခကို ဝိုင်းကြည့်နေကြသည်။

"ချစ်ရာလေးနော်"

"အေးလေ ... ရုပ်ရှင်မင်းသမီး ကျနေတာပဲ"

"ဟုတ်တယ်ဟ၊ အသားလေးတွေဆို ဝင်းညက်နေတာပဲ၊ လှလိုက်တာ"

"လှတယ်ဆို့ ပြောတဲ့သူကို လိမ္မော်သီး တစ်ယောက်တစ်လုံးပေးမယ်လေ"

"ဟင်း ... ဟင်း"





အဲဒီနောက်မှာတော့ ခခ တစ်ယောက် အလုပ်သမားတွေနဲ့ အဖွဲ့ကျသွားပြီး အလုပ်သမားတွေက ခခနားမှာ ဝိုင်းနေသည်။ နန်းဝါက ...

"အံမယ် ... ရွှေမင်းသမီးနားမှာ ဝိုင်းနေပြန်ပြီ၊ ကိုယ်လုပ်စရာရှိတာ လုပ်ကြပါတော်၊ တော်ကြာ ခြံကြီးရှင်တွေထွက်လာရင် ဒီဧည့်သည်တွေ နောက်မလာနဲ့ ဖြစ်နေပါဦးမယ်၊ ကဲ ... ခခ လာ၊ ထမင်းစားဖို့ ခေါ်နေပြီ၊ သွားစားကြစို့"

"မမကျော့ လက်ရာက အရမ်းကောင်းတယ် ခခရဲ့"

"ခခတော့ စိတ်တက်လာပြီထင်တယ် နန်းဝါရေ"

"ဟုတ်တယ်၊ နည်းနည်းပြည့်လာတယ်၊ ဒါပေမဲ့ ပြည့်လာမှ ပိုလှတာ၊ ရန်ကုန်မှာတုန်းကဆို အရမ်းပိန်နေသလိုပဲ၊ ခုမှ ပိုလှသွားတာ"

"ဟုတ်ပါဘူး၊ လျှောက်ပြောနေတာပါ"

"တကယ် ... မိန်းကလေးတွေ ပိန်လွန်းရင်လည်း မလှပါဘူး၊ ခုမှ တကယ့်ကို ပိုလှလာတာ၊ ရန်ကုန်မှာဆို ရှင့်ပုံစံလေးက ပိုးဟပ်ဖြူလေး ကျနေတာပဲ"

"နန်းဝါ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝါက ခခထက်စာရင် အများကြီးပိုပြီး လူကြီးဆန်တယ်နော်၊ ခခကလေ ကျောင်းပြီးလို့ ဘွဲ့သာရလာတယ်၊ ဘာမှ မလုပ်တတ်၊ ဘာမှ မသိနဲ့"

"ဩော်... ဒါကတော့ ကျင်လည်ရတဲ့ Life Style အတိုင်းပေါ့ ခခရယ်၊ နန်းဝါ ဆိုရင်လည်း ခခဘဝကို အားကျတာပဲ"

"ဘာမျာ၊ အားကျစရာ ကောင်းလို့လဲ"

"ဩော်... လောကကြီးမှာ မှုပင်ဘောက ကင်းစွာနဲ့ အေးအေးဆေးဆေး ဇိုတရာဘဝကို ဘယ်သူမဆို လိုချင်ကြတယ် ခခရဲ့၊ အဲဒီဘဝကို ခခက ပိုင်ဆိုင်ထားတယ်လေ၊ ပြီးတော့ နန်းဝါဆို အဖေမရှိတော့ဘူးမို့လား၊ ခခက မိစုံဘစုံနဲ့ ပြီးတော့ ခခ မိဘတွေကလည်း ခခကို သိပ်ချစ်ကြတာလေ၊ သူတို့ ချုပ်ချယ်တယ်ဆိုတာကလည်း ချစ်လွန်းလို့ ဂရုစိုက်လွန်းလို့ ဖြစ်ရတာပါ၊ အဲဒီတော့ ခခလောက် ကံကောင်းတဲ့သူ ရှိဦးမလား"

"ဒါပေမဲ့ ခခ လုပ်ချင်တာတွေ မလုပ်ရဘူးလေ၊ နန်းဝါရဲ့ လိုတရလှောင်ချိုင့်ထဲမှာ နေရတာထက်စာရင် အပြင်လောကကြီးထဲမှာ အားမာန်အပြည့်နဲ့ ပျံသန်းကြည့်ချင်တယ်"





"အတောင်သောင်းလာမှာပေါ့ ခခရယ်"

"ဒါပေမဲ့ အဲဒါ သဘာဝတရားပဲလေ"

"ကလေးပိစိ ဦးနှောက်ထဲမှာလည်း ဒီလိုကြီးကျယ်တဲ့ အတွေးတွေ ရှိတယ်ပေါ့လေ"

"အံမယ် ... သူကများ"

"အမလေး ... မတွေ့ရတဲ့သူတွေ ကျနေတာပဲ၊ စကားတွေ တွတ်ထိုးနေလိုက်တာ၊ ကဲ ... လာကြ ... လာကြ၊ ပူပူနွေးနွေး စားလိုက်ကြဦး"

"မမကျော့ လက်ရာဆိုရင် စားကောင်းတော့မှာပဲ၊ နန်းဝါက ပြောတယ်၊ မမကျော့လက်ရာက အရမ်းကောင်းတာတဲ့"

"သူက အဲလိုပဲ ညာစားနေကြလေ"

"အံမယ် ... တကယ်ကောင်းလို့ ကောင်းတယ် ပြောတာပါနော်"

"အေးပါ ... အေးပါ၊ ထည့်စားနော် ရန်ကုန်သူလေး"

"ဟုတ်ကဲ့"

"မမကျော့ ကြီးကြီးလေးရော"

"လာပြီဝေ"

"ဩော် ... ကြီးကြီးလေးက ရေတောင်ချိုးပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး … နန်းဝါရေ၊ ခြံထဲက ထွက်လာတော့ အိုက်တယ်လေ၊ ရေမချိုးလို့ မရဘူး"

"အမေက ရေချောချော ချိုးတာပဲ၊ ပြောလို့လည်း မရဘူး၊ ကျန်းမာရေး ကောင်းတုန်းမို့ ဟုတ်တာပေါ့"

"ညည်းကလည်း ကျုပ်ကို ချုပ်ချယ်ပါ့ နန်းကျော့ရယ်၊ ကဲ … စားကြ … စားကြ၊ ညှော်သည့်လေးအားရပါးရစားနော်"

"ဟုတ်ကဲ့"

"နန်းကျော့ အစောက ကိုစိုးကို တွေ့လိုက်သလိုပဲ"

"ဟုတ်တယ် အမေ၊ သူ ရန်ကုန်က ပြန်လာလို့တဲ့၊ မုန့်လာပေးတာ"

"ထမင်းစား မခေါ်လိုက်ဘူးလား"

"ခေါ်ပြီးရော၊ သူမှ မစားတာ"

"အဲဒီကလေး လုပ်ရည်ကိုင်ရည် တော်တယ်၊ ကြီးပွားမယ့် ကလေးမျိုးပဲ"

ထို့နောက် ထမင်းစားဝိုင်းမှာ နန်းကျော့တို့သားအမိရဲ့ စကားသံတွေသာ ဖုံးလွှမ်းသွားသည်။ ခဏကြာတော့ စားကောင်းကောင်းနှင့် တစ်ဝကြီး စားပစ်သည်။ စားပြီးတော့ ဗိုက်လေးလာပြီး ဗိုက်မြည်းလာသံဖြင့် …





"ညှော်သည့်လေး အိပ်ချင်လို့လား"

"ဟုတ်ကဲ့"

"လာ … လာ၊ ဒီကွပ်ပျစ်လေးမှာ လာအိပ်လှည့်၊ ဖျာခင်းပေးမယ်၊ လေတဖြူးဖြူးနဲ့ အိပ်လို့ကောင်းတယ်"

"ဟိုအထဲမှာပဲ အိပ်ပါ၊ ကွပ်ပျစ်မှာ လေစိမ်းတွေတိုက်ပြီး ဖျားဦးမယ်"

"ဟင် … ဖျားပါဘူး၊ အပြင်မှာ အိပ်မယ်၊ ရန်ကုန်မှာဆိုလည်း အဲယားကွန်း အခန်းတွေထဲ အိပ်ရတာပဲ နန်းဝါရယ်"

"ခဏ တစ်ခုခုဖြစ်မှာ စိုးလို့ပါ"

"ဖြစ်ရင် ဆေးသောက်မယ်လေ"

"ကဲ … သဘော … သဘော"

"နန်းဝါက ချစ်ဖို့ကောင်းတယ်"

ပြောပြီး ကွပ်ပျစ်ပေါ် သွားလှဲပြီး ခဏအိပ်ပျော်သွားသည်။

"ဟယ် … ညှော်သည့်လေး အိပ်ပျော်သွားပြီ၊ သူက ချစ်စရာလေး နန်းဝါရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကလေ၊ သူ့မိဘတွေက ချမ်းသာတယ်၊ ပြီးတော့ တစ်ဦးတည်းသော သမီးဆိုတော့ အရမ်းလည်း ဂရုစိုက်ကြတာပေါ့၊ ခုတောင် အာမခံပြီး ခေါ်လာရတာ"

ထို့နောက် နန်းဝါက သူ့အစ်မတွေ အခေါ်တွေဖြင့် စကားလက်ဆုံ ကျနေသည်။ ဒိတ်ဒီဆိုင်ကယ်ကြီးက ခြံထဲဝင်လာပြန်သည်။

"ကိုစိုင်း ... လာ"

"အဲ့ရီးလေး"

"အေး ... ထမင်းဘာလို့ လာမစားတာလဲ"

"အလုပ်ရှုပ်နေလို့၊ ပြီးတော့ ခြံထဲက အလုပ်သမားတွေ အခြေအနေလည်း ကြည့်ရင်း သူတို့နဲ့ပဲ စားလိုက်တော့တယ်"

"အကုန်သက်သာတာပေါ့ စိုင်းရယ်"

"အေးပါ၊ စေတနာမရှိဘူးဆိုတာသိလို့ မစားတာ"

"အံမယ် ... စိုင်းစုတ်"

"လာ ... လာ ကိုစိုင်း၊ ဒီမှာ အခါးရည်နဲ့ ထန်းလျက် လာစားလှည့်ဦး"





"ဟုတ်ကဲ့"

အိမ်ပေါ်တက်လာသော စိုင်း အိမ်ရှေ့ဝရန်တာဘက်ရှိ ကွပ်ပျစ်ပေါ်တွင် အိပ်ပျော်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တော့ ...

"ဟင်"

ရင်ခုန်သံက ထိန်းချုပ်မရစွာ ပေါက်ကွဲထွက်သွားသလိုပင်။

"လှလိုက်တာ၊ ချစ်စရာ ကောင်းလိုက်တာ"

ရင်ထဲက စကားသံတွေရယ်ပါ။

"သူက ဘယ်သူလဲ ကျော့"

"အဲဒါ ညီမလေးရဲ့ သူငယ်ချင်းလေ"

"ဪ ..."

နန်းကျော့တို့နဲ့သာ စကားပြောနေရပေမယ့် သူ့စိတ်တွေကတော့ ပဲ့ဦးစပ်လေး အနည်းငယ်ဟကာ အိပ်ပျော်နေသော ကောင်မလေးဆီသို့ ရောက်နေသည်။

သူ့တစ်သက်နဲ့ တစ်ကိုယ်မှာ မိန်းမလှများစွာ မြင်ဖူးသော်လည်း တစ်ခါဖူးမျှပင် ရင်မခုန်ဘူးခဲ့။ အနည်းငယ်ကလေးဆန်ပုံရသော (သူ့စိတ်ထဲမှာ [illegible] ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



သောက်လို့ သဘောထားမိသွားသော) ထိုကောင်မလေးကို မြင်လိုက်ရချိန်မှာတော့ တစ်ခါမှ မလှုပ်ရှား ဘူးသော သူ့နှလုံးသားက ကျွမ်းထိုးမှောက်ခုံ ဖြစ်နေပြီ။

နန်းကျော့တို့အိမ်သို့ ခဏတဖြုတ်ဟု လာခဲ့သော သူသည် ကောင်မလေး နိုးလာတဲ့အထိ နေဖို့ ဆုံးဖြတ်မိသွားတာ ဘာကြောင့်လဲ။

"ကိုစိုင်းရယ်၊ နင် ဘာတွေ တွေးနေတာလဲ"

"ဟင် ... အရီးလေး"

"နင့်စက်ရုံလုပ်ငန်းတွေ အဆင်ပြေလားလို့"

"ပြေပါတယ် အရီးလေး"

"အေးလေ၊ နင်တို့စက်ရုံက ထွက်တဲ့ အချိုရယ်တွေက လည်း ဈေးကွက်မှာ နာမည်တော်တော် ရနေပြီပဲ"

"ကိုစိုင်းက အချိုရည် ထုတ်တာလား"

"ကိုစိုင်းက အချိုရည် မထုတ်ပါဘူး၊ စက်ရုံတွေက အချိုရည်ထုတ်တာပါ"

"ဟင် ... ကိုစိုင်းကလည်း နောက်နေပြန်ပြီ"

"သူက ဒဲလိုပဲ နန်းဝါရဲ့၊ မိန်းမလှလေးတွေနဲ့ စကားပြောရင် တည်တည်ကြည်ကြည် မပြောတတ်ဘူး"





"ဟာ ... ကျော့ရယ်၊ နင်ပြောမှပဲ ငါလည်း နာဘူး ဖြစ်တော့တယ်"

"အစတည်းက နာဘူးဖြစ်ပြီးသားပဲကွယ်"

"အေးပါ၊ ငါ ဒီတစ်ခါ ဘယ်သွားသွား မုန့်မဝယ်လာတော့ဘူး"

"ဟယ် ... စိုင်းကလည်း သဘောကောင်းပါတယ်ဆို"

သူတို့ အော်ရယ်လိုက်ကြပြီးမှ ကောင်မလေး အိပ်နေတာ သတိရသွားပြီး စိုင်း ပါးစပ်ပိတ်သွားသည်။ ကောင်မလေးလည်း နိုးသွားပြီး အိပ်မှုန်စုံမွှားဖြင့် ထထိုင်သည်။

"ဝေ ... ငါတို့စကားများနေတာနဲ့ ကလေးမ နိုးသွားပြီ"

"ရပါတယ် ကြီးကြီးလေးရဲ့၊ ခဲခဲ အိပ်ရေးဝသွားပြီ"

"ကဲ ... အိပ်ရေးဝရင် မုန့်လာစား၊ ရန်ကုန်သူကို ကျေဒိုးနတ်နဲ့ ပြန်ဧည့်ခံမယ်"

"တော်ပြီ ... မုန့်မစားဘူး၊ အသီးပဲ စားတော့မယ်၊ ဒီမှာက လတ်လို့လား မသိဘူးနော်၊ အသီးတွေ အရမ်းစားလို့ကောင်းတာပဲ"

"အေးပေါ့၊ ရန်ကုန်မှာကတော့ ဒီမှာလောက် ဘယ်လတ်ဆတ်မှာလဲ"

www.burmeseclassic.com



ခခ စကားပြောနေရင်း တစ်ယောက်ယောက် စူးစိုက်ကြည့်နေသလို ခံစားရတာကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ကိုစိုင်း ဆိုသည့်လူကြီး ခခကို စိုက်ကြည့်နေသည်။ ခခ ဆတ်ခနဲ တုန်သွားသည်။

"ဟင်"

ခခ ကြည့်လိုက်တော့ သူက မျက်နှာလွှဲသွားသည်။

"ကိုစိုင်း ... နင် ဟိုဘက်ခြံကို ဝယ်လိုက်ပြီဆို"

"ဘယ်ခြံလဲ အမေ"

"ငါတို့ခြံနဲ့ ကပ်ရပ်က ဦးဖိုးသာတို့ခြံလေ နန်းကျော့ရယ်"

"ဦးဖိုးသာတို့ ခြံရောင်းလိုက်တယ်ဆိုတာတော့ သိတယ်၊ ကိုစိုင်းကို ရောင်းလိုက်တာလား"

"ဟုတ်တယ်၊ ကိုယ့်လုပ်ငန်းအတွက်က လိုတာပဲလေ၊ ပြီးတော့ ဒီနှစ် စက်ရုံကထွက်တဲ့ အမြတ်လေးနည်းနည်း ပိုနေတာနဲ့ ခြံထပ်ဝယ်ချင်နေတော့ သူတို့ရောင်းမယ်ဆိုတာနဲ့ အတော်ပဲ ဖြစ်သွားတာပေါ့"

"ကျောက်တစ်လုံးမှာတော့ ကိုစိုင်း ခြံတွေက လက်ညှိုးထိုးမလွဲ ဖြစ်နေပြီ"





"ငါ့ခြံ မဟုတ်ပါဘူး နန်းဝါရယ်၊ သူများကြားရင် အထင်ကြီးနေဦးမယ်၊ ငါ့သူဌေးရဲ့ ခြံတွေပါ"

"ကိုစိုင်းရဲ့သူဌေးက တစ်ခါမှ မလာဘူးနော်"

"သူက တခြားလုပ်ငန်းတွေ အများကြီးရှိသေးတယ်လေ၊ ဒါကြောင့် ဒီအချိုရည်လုပ်ငန်းကို ငါ့ကို လုံးဝလွှဲထားတာပေါ့"

"ကိုယ်က သစ္စာရှိရှိလုပ်ပေးတော့ သူဌေးက ယုံကြည်တာပေါ့ကွယ်၊ ကြိုးစားလှူလေး၊ ကိုယ်ပိုင်အလုပ်လို သဘောထားပြီး ကြိုးစား၊ တစ်နေ့ ကိုယ့်စေတနာက ပြန်အကျိုးပေးမှာပဲ"

"ဟုတ်ကဲ့"

"ဒါနဲ့ ကိုစိုင်း နိုင်ငံခြားသွားရဦးမယ်ဆို"

"အင်း ... ဟိုက အချိုရည်စက်ရုံတွေ လည်ပတ်ပုံ၊ ထုတ်လုပ်ပုံ၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ ပညာတွေ သွားသင်ရမယ်တဲ့"

"ကိုစိုင်းရဲ့သူဌေးက ကေန္တ အပျိုကြီးများလား၊ ကိုစိုင်းအပေါ် ဒီလောက်ကောင်းနေပုံထောက်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျော့ကလည်း"

"ဒီကောင်မလေး တောက်တီးတောက်တဲ့"

"ကဲ ... လေကန်နေတာနဲ့ နောက်ကျနေပြီ၊ ရွာထိပ်ပိုင်းက ခြံတွေကို သွားကြည့်ရဦးမယ်၊ သွားတော့မယ်၊ အရီးလေး ... ကျော့ သွားပြီ"

"ဟုတ်ကဲ့ ကိုစိုင်း"

"ညီမလေးတွေ သွားပြီနော်"

ခခကို နက်ရှိုင်းစွာ စိုက်ကြည့်ပြီး နှုတ်ဆက်လိုက်သဖြင့် ခခမှာ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး သူ့ကို ကြောက်သလိုလို ပင် [illegible] ပီးက ဖြန်းခနဲပင်။

ပါးစပ်ကလည်း လွှတ်ခနဲ ...

"ကြောက်စရာကြီး"

"ဘာရယ် ခခ"

ဩော် ... အဲဒီလူကြီးက ကြောက်စရာကြီးလို့ ပြောတာ

"ကိုစိုင်းက လူကြမ်းကြမ်းတမ်းတမ်း နေတတ်လို့ပါ၊ နောကျောင်းပါတယ်"





"ကဲ ... ခခ ခြံထဲဆင်းကြည့်ချင် ကြည့်လေ၊ ခဏနေရင် ပြန်တော့မယ်"

"အဲဒါဆို လိမ္မော်သီး သွားခူးလိုက်ဦးမယ်"

ခြံထဲ ပြေးဆင်းသွားသော ခခကို ကြည့်ပြီး နန်းကျော့က ...

"နန်းဝါရယ်၊ သူ့လို အလုပ်ပေးနဲ့တွဲတော့ နှစ်က မိန်သွားတာပေါ့"

"ဘာဆိုင်လဲ၊ မမကျော့ကလည်း"

"ဟုတ်တယ်လေ၊ ငါ့ညီမအလုက မပေါ်တော့ဘူးပေါ့၊ ခုနကဆို စိုင်းရဲ့မျက်လုံးတွေက သူ့ဆီမှာချည်းပဲ့ ဝဲနေတာပဲ"

"ဟင် ... မဟုတ်တာ။ ကိုစိုင်းက မမကျော့ ရည်းစားပဲ၊ သူက ဘာလို့ ခခဆီ မျက်လုံးရောက်ရမှာလဲ"

"အေးလေ ... ယောက်ျားဆိုတာ အိမ်ထောင်ရှိတဲ့ သူတွေတောင် မိန်းမလှမြင်ရင် ငမ်းကြသေးတာပဲ၊ ရည်းစားရှိတာလောက်တော့၊ ဟွန်း ... အေးမှာ ငါရှိနေလည်း သူ ငမ်းချင်ငမ်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ရှင်းနေတာပဲ၊ သူ မမကျော့ကို မချစ်လို့ပေါ့၊ ချစ်ရင် အဲ့လို ဘယ်လုပ်မှာလဲ"

နန်းကျော့ မျက်နှာ မည်းသွားပြီး ဘာမှဆက်မပြောတော့ပေ။ နန်းဝါလည်း ခြံထဲ အသာလစ်လာခဲ့သည်။ ခြံထဲမှာ သူမရဲ့ ချစ်စရာသူငယ်ချင်းလေးကတော့ လိမ္မော်သီးပုံတွေနားမှာ ဖြူစင်စွာ ပျော်မွေ့နေရဲ့။ မနန်းကျော့ဟာ ကိုစိုင်းနဲ့ပတ်သက်ပြီး ခကော်ကို အမြင်မကြည်ရှာဘူး ထင်ပါရဲ့လေ။

"နန်းဝါ ... လာ၊ ဒီမှာ ဘယ်နှလုံးရှိလဲ ရေကြည့်နေတာ"

"အလုပ်မရှိ အလုပ်ရှာလို့"

"ဟဲ ... ဟဲ"

"ကဲ ... ကဲ ပြန်ကြမယ် သူငယ်ချင်း၊ သုံးနာရီထိုးပြီးပြီ တော်ကြာ နောက်ကျနေရင် အမေ စိတ်ပူနေလိမ့်မယ်"

"အေး ... အေး"

"နေဦး ... ကြီးကြီးလေးကို သွားနှုတ်ဆက်ရအောင်၊ လာ"

ကိုယ်တိုင် ခြံထဲဆင်းပြီး လိမ္မော်သီးရွေးနေသော ကြီးကြီးလေးကို သွားနှုတ်ဆက်လိုက်သည်။

"ကြီးလေး ပြန်တော့မယ်၊ မိုးချုပ်မှာစိုးလို့"





"တစ်ညလောက် အိပ်သွားပါဦးလား နန်းဝါရယ်"

"ညွှန့်သည်က ပါသေးတယ်လေ ကြီးကြီးလေးရဲ့၊ သူ မနေတတ်မှာစိုးလို့"

"အေး ... အေး သွားကြတော့ မိုးချုပ်မယ်၊ ဆိုင်ကယ် ဖြည်းဖြည်းစီးသွားကြနော်၊ ညအိပ်ညနေ လာလည်လှည့်ဦး"

"ဟုတ်"

"ညွှန့်သည်လေးလည်း ကြွရင်လိုက်ခဲ့ဦးပေါ့"

"ဟုတ်ကဲ့ပါ၊ သွားပြီနော် ကြီးကြီးလေး"

"အေး ... အေး နန်းဝါရေ၊ နင့်အမေရဲ့ လေးဘက်မှာ အတွက် ဆေးမြစ်ရထားတယ်၊ နန်းကျော့ဆီမှာ တောင်းသွား"

"ဟုတ်"

အိမ်ပေါ်ပြန်တက်ပြီး ...

"မမကျော့ ပြန်တော့မယ်"

"ဟဲ့ ... ပြန်တော့မလို့လား"

"ပြန်ပြီ၊ မိုးချုပ်မှာစိုးလို့၊ အမေ့အတွက် ဆေးမြစ်ရှိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်၊ ရော့ ... ရော့၊ ဒီမှာတင်ထားတာ မေ့မှာစိုးလို့"

"မမကျော့ ပြန်တော့မယ်နော်၊ ဒီမှာ ခခရဲ့ ရန်ကုန်လိပ်စာ၊ ရန်ကုန်ရောက်ရင် အချိန်မရွေး လာခဲ့ပါနော်"

"အေးပါဟယ်၊ ဆိုင်ကယ် ဖြည်းဖြည်းစီးကြနော်"

"ဟုတ်"

နန်းဝါ ခါးလေးကိုဖက်ပြီး ပါသွားသော ကောင်မလေးကိုကြည့်ကာ နန်းကျော့ ရင်ထဲမှာ စိုးရိမ်နေမိသလို၊ ထိုကောင်မလေးနဲ့ ကိုစိုင်း နောက်ထပ်မတွေ့ပါစေနဲ့ဟုလည်း ဆုတောင်းနေမိသည်။

တကယ်ဆို စိုင်းနဲ့ နန်းကျော့ဟာ သူငယ်ချင်းတွေရယ်ပါ။ တက္ကသိုလ်မှာ ခင်မင်သွားတဲ့ သူငယ်ချင်းသက်သက်ရယ်ပါ။

ကိုစိုင်းက မိန်းမကိစ္စ အရှုပ်အရှင်းကင်းပြီး ယောကျ်ားပီသသော စိတ်ဓာတ်တို့ကြောင့် နန်းကျော့က ကျောင်းမှာကတည်းက တစ်ဖက်သတ် စိတ်ဝင်စားခဲ့သော်လည်း ကိုစိုင်းကတော့ သူမအပေါ် သံယောဇဉ်ရှိရုံဖြင့် မပိုတတ်ခဲ့ပေ။





ပြီးတော့ ကိုစိုင်းရဲ့သံယောဇဉ်က အဖြူရောင်သက်သက် ဆိုတာလည်း သူမ သိနေခဲ့သည်လေ။

"ဟဲ့ ... နန်းကျော့ရယ်၊ ဘာတွေ စဉ်းစားနေတာလဲ၊ ရေတစ်ခွက်လောက်ပါလို့ ပြောနေတာ ဆယ့်ငါးခွန်းလောက်ရှိသွားပြီ"

"အမေကလည်း"

"ဟင် ... ကျုပ်ကဘာပြောနေလို့ အမေကလည်း ရတာလဲ"

"ကဲပါ၊ ခပ်ပေးပါမယ်"

"နန်းကျော့နော်၊ နန်းကျော့၊ ငါ သိပ်မပြောချင်ဘူး"

မိခင်ဖြစ်သူကို ဘာမှမပြောတော့ဘဲ ရေထခပ်ပေးလိုက်သည်။

နန်းဝါတို့မှာလည်း ကံဆိုးတာလား ကံကောင်းတာလား မသိ။ လမ်းတစ်ဝက်လောက် အရောက်မှာ ဆိုင်ကယ်ဘီးကပေါက်တော့သည်။ ကားဘီးဆိုလျှင်တောင် စပါယ်ယာဘီးအပိုပါတတ်သေးသည်။

ခုတော့ ဆိုင်ကယ်ဘီးကို ဘယ်နားရှာရပါမည်။ ရှေ့တွင် ရွာကိုတွေ့ရသော်လည်း သုံးမိုင်ခန့်တော့ ဝေးဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး၊ တွန်းသွားရုံပဲ ရှိတော့တယ်၊ ရေ့က ရွာရောက်မှ တစ်မျိုးမျိုး စီစဉ်ရတော့ပေါ့၊ ဘီးဖာလို့ရရင်လည်း ဖာမယ်၊ ဖာလို့မရရင်လည်း အပ်ထားခဲ့ပြီ ကယ်ရီငှားပြန်မယ်"

"ကယ်ရီဆိုတာ ဘယ်လိုမျိုးလဲဟင်"

"ဆိုင်ကယ်တက္ကစီပေါ့၊ ဟင်း ... ဟင်း ဆိုင်ကယ်ငှားစီးတာကို ပြောတာ"

"အဲလိုငှားစီးလို့ ရလား၊ ဘတ်သွားမှာ မစိုးရိမ်ကြဘူးလား"

"အံမယ် ... ကိုယ့်ဘာသာ စီးသွားလို့ မရဘူးလေ၊ သူတို့ လိုက်ပို့တာပေါ့"

"သြော် ... ကားငှားစီးသလိုပေါ့"

"ကဲ ... တွန်းကြစို့"

"နန်းဝါ"

"ဘာလဲ"

"ပျော်စရာကြီးနော်"

"ပျော်စရာလားဟဲ့၊ တကတဲမှပဲ"





"ဟီဟီ"

"တီ ... တီ ... တီ"

"ကျွီ"

"အမေ့"

"ဘာဖြစ်တာလဲ၊ သြော် ... ဘီးပေါက်တာလား"

"ဟုတ်ကဲ့"

ကယ်တင်ရှင်က ရောက်လာသည်။ ကိုစိုင်းရယ်လေ။ ကိုစိုင်းနဲ့အတူ သူ့တပည့်ဖြစ်ပုံရသော လူရွယ်တစ်ယောက်လည်း ပါသည်။

"ကဲ ... အိုက်စံ၊ ဒီညီမလေးတွေဘီးကို တွန်းခဲ့၊ ညီမလေးတို့ကို ကိုယ် ပြန်ပို့ပေးမယ်၊ စိတ်မပူနဲ့ သိလား။ အိုက်စံ ရှေ့ရွာရောက်ရင် ဘီးဖာတဲ့ဆိုင်ရှိတယ်၊ အဲဒီမှာ ဘီးဖာပြီးတော့ ဒီဆိုင်ကယ်နဲ့ပဲ ပြန်ခဲ့တော့၊ ကဲ ... လာ၊ မင်းတို့ကို ကိုယ်ပဲ ပြန်ပို့ပေးတော့မယ်"

"ကျေးဇူးပါပဲ ကိုစိုင်းရယ်၊ မဟုတ်လို့ကတော့ နန်းဝါတို့ မလွယ်ကြောပဲ၊ ကဲ ... လာ ခခ၊ အလယ်ကထိုင်၊ နောက်ကဆိုရင် ထိုင်တတ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းနောက်က ခခက ခွထိုင်လိုက်ပြီး နန်းဝါက နောက်ဆုံးကထိုင်သည်။ ဒီတီဆိုင်ကယ်ကြီးက လွင့်ခနဲ။

"အမေ့"

"ကိုစိုင်းကို ကိုင်ထားလိုက်လေ ခခရဲ့"

နန်းဝါက ပြောလည်းပြော၊ သူမကိုကျော်ပြီး ကိုစိုင်းခါးကို လှမ်းဖက်ထားလိုက်သေးသည်။

"ဩော် … ဒါက ဆိုင်ကယ်စီးတဲ့ အထာပဲ ထင်ပါရဲ့လေ"

ခခ ကိုယ့်ဘာသာ ရေရွတ်ပြီး ကိုစိုင်းကို တအားသိုင်းဖက်ထားလိုက်ရော့ ဆိုင်ကယ်က လူးလွန့်သွားသည်။ လူကြမ်းကြီးရဲ့ နှလုံးသားကလည်း လူးလွန့်သွားလို့လေ၊ ကျော့ရဲ့ဆုတောင်းကတော့ …။

❣ ❤ ❣





နောက်နေ့ ကိုစိုင်းက မနက်အစောကြီး ဆိုင်ကယ်လာပို့သည်။ အမေနှင့် နန်းဝါက ဘုန်းကြီးကျောင်း ဆွမ်းချိုင့်သွားပို့နေချိန်မို့ ခခ တစ်ယောက်တည်း ရှိသည်။ ခခတော့ အိပ်ရာက မနိုးလို့ ကျန်ခဲ့တာ။

"ဟိတ်"

"အမေ့"

"နန်းဝါရောလို့ မေးနေတယ်"

"ဘုန်းကြီးကျောင်းသွားတယ်"

"ညီမလေးက ဘာလို့ မလိုက်သွားတာလဲ"

"အိပ်ရာက မနိုးလို့"

"ဩော် … ဘယ်အချိန်မှ နိုးတာလဲ"

"အခု"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းက လက်ကနာရီကို တစ်ချက်ကြည့်လိုက်ပြီး ပခုံးတွန့်လိုက်သည်။ ရှစ်နာရီလေ။

"ရန်ကုန်သူတွေများ တယ်ပျင်းကိုး"

"အိုး ... ဘလိုင်းကြီး လာစော်ကားနေတယ်"

"ဟုတ်တယ်လေ၊ ကိုယ်တို့ ရှမ်းပြည်နယ်က ရှမ်းမလေးတွေများဆို အစောကြီးထကြပြီး လုပ်စရာရှိတာ 'လုပ်ကြတယ်လေ"

"အိုး ... ခခမှ လုပ်စရာမရှိဘဲ"

"ဘုန်းကြီးကျောင်း လိုက်သွားလို့ရတယ်လေ"

"နန်းဝါမှ ခကို မနှိုးဘဲ"

"သူများ နှိုးစရာ မလိုဘူးလေ၊ ကိုယ့်ဘာသာ ထရမှာပေါ့"

"ကိုယ့်ဘာသာမှ မနိုးဘဲ"

"အေးလေ ... အဲဒါကြောင့် ပြောတာပေါ့၊ ပျင်းတယ်လို့"

"ဟွန်း"

နဂါးမလေးရဲ့ မျက်စောင်းနဲ့ နင်လား ငါလားပင်





"ကြည့် ... ကျေးဇူးရှင်ကို မျက်စောင်းထိုးတယ်ပေါ့လေ၊ အဲလိုမှန်းသိရင် မနေ့က ဆိုင်ကယ်ပေါ် တင်မခေါ်လာပါဘူးကွာ"

"အံမယ် ... ဦးလေးကြီးနောက်ကလည်း မလိုက်ချင်ပါဘူးနော်"

"အေးပေါ့ ... ရောက်သွားတော့ ပြောပြီပေါ့၊ ဒီလိုပါပဲ"

"အိုး ... ဘယ်သူက အတင်းခေါ်တာလဲ၊ လိုက်ပါရစေလို့ ပြောမိလို့လား"

"ဩော် ... သိပါပြီဗျာ၊ အတင်းခေါ်ရင် လိုက်တယ်ပေါ့"

"ဦးလေးကြီးနော် ... လူကြီးဖြစ်ပြီး မမိုက်ရိုင်းနဲ့"

"ယော့ ... မင်းပြောတဲ့ စကားပဲလေ"

"အိး ဟိး ဟိး"

"ဟာ ... ချာတိတ် ဒုက္ခပါပဲ၊ ဟိတ် ... မငိုနဲ့လေ"

"မနက်စောစောစီးစီး သူများကို စော်ကားမော်ကား လာပြောနေတယ်"

"မဟုတ်ပါဘူးကွာ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စ,တာပါကွာ၊ မငိုနဲ့တော့နော်"

"ခုမှ ဘာစတာပါလဲ"

"တကယ်ပါကွာ၊ ညီမလေးက မခံချင်ဖြစ်နေတော့ စ,တာ
ပါ၊ ဒါနဲ့ နန်းဝါတို့က နှင်းဆီစိုက်တာလား"

"ဟုတ်တယ်"

"နောက်ဆိုရင် ဒီမှာ ပန်းလာဝယ်ခိုင်းရမယ်၊ အပိုရအောင်
လို့"

"ဆိုင်ကယ် ဆီကုန်တာပေါ့"

"ကိုယ်တို့ နေတာကလည်း ဒီနဲ့ သိပ်မဝေးဘူး ညီမလေး
ရဲ့"

"အပိုရအောင်များ လာဝယ်ရဦးမယ်"

"ဩော် ... ရှေ့တာစုဆောင်း သူဌေးလောင်းတဲ့ ညီမလေး
ရဲ့၊ မိန်းမယူဖို့ စုရဦးမယ်"

"ကပ်စေးနဲ့တာပါနော်၊ ဦးကပ်စေးလို့ခေါ်မယ်"

"ကပ်စေးနဲ့လား မနဲ့လား နောက်တော့ သိမှာပေါ့"

"စောင့်ကြည့်ရသေးတာပေါ့"

"ခခ"





"ရှင်"

"ပြောလေ ဦးကပ်စေး"

"ဘာမှ မဟုတ်ပါဘူး၊ ကိုယ် ပြန်တော့မယ်လို့ ပြောမလို့
ပါ"

"ဟုတ်ကဲ့"

သူက မခွဲနိုင် မခွာရက်သော အကြည့်မျိုးဖြင့် တစ်
ချက်ငေးကြည့်လိုက်ပြီး ...

"သွားပြီ"

ဆိုင်ကယ်ပေါ် လှသားခန့် တက်ပုံက သူ့ကိုယ်သူ
အက်ရှင်မင်းသားများ မှတ်နေလားမသိ။

"ဟွန့် ... မုန်းစရာကြီး"

ကိုစိုင်း ထွက်သွားပြီးတော့ နန်းဝါတို့ ပြန်ရောက်
လာသည်။

"ဟဲလို ... ဝွဒ်မောနင်း"

"အံမယ် ... ငါ နိုးတာကြာပြီ"

"ဘယ်အချိန်က နိုးလို့လဲ"

"ရှစ်နာရီပေါ့၊ ဟဲ ... ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ကယ် ပြန်ရောက်ပြီပဲ"

"အေး ... ကိုစိုင်း ဆိုတဲ့လူကြီး ခုပဲ လာပို့သွားတာ"

"ဟယ် ... ဟုတ်လား၊ တစ်ခုခုနဲ့တောင် ဧည့်ခံလိုက်ရဘူး၊ သူ ကူညီလို့ မနေ့က အဆင်ပြေသွားတာ၊ ဘာပြောသွားသေးလဲ"

"ဘာမှတော့ ပြောမသွားပါဘူး၊ နှင်းဆီပန်း လာဝယ်မယ်တဲ့၊ ဒီမှာ လာဝယ်ရင် အပိုရမှာတဲ့၊ ဦးကပ်စေးကြီးနဲ့တူပါတယ်ကွာ"

"နင့်ကို စ,တာနေမှာပါဟယ်"

"မုန်းစရာကြီး"

"တော်ကြာ မုန်းစရာကြီးကနေ၊ ချစ်စရာကြီး ဖြစ်သွားဦးမယ်နော်"

"အိုး ... နန်းဝါနော်၊ မမကျော့ ရည်းစားကြီးကို ဖြစ်စရာလားဟဲ့"

ထိုစဉ် နန်းဝါတို့ ခေါင်းရင်းခြံမှ ...

"နန်းဝါရေ ... ဖုန်းလာတယ်၊ ရန်ကုန်ကတဲ့"

"ဟဲ့ ... ရန်ကုန်ကဆိုရင် နင်တို့အိမ်ကပဲ ဖြစ်မယ်"





နန်းဝါနဲ့ ခခတို့ ခေါင်းရင်းအိမ်ကို ပြေးကြသည်။

"ဟဲလို ... ခခလား"

"ဟုတ်"

"အေး ... ဟန်းဒ်ဖုန်းက ခေါ်လို့လည်း မရပါလား"

"ဟုတ်လား၊ မီးက အိမ်ရှေ့ရောက်နေတာ၊ ဖုန်းကအိပ်ခန်းထဲမှာ ကျန်ခဲ့လို့"

"ဪ ... ဖုန်းကို ကိုယ်နဲ့မကွာ ထားပါလို့ ပြောထားတယ်လေ၊ မနေ့ကလည်း တစ်နေကုန် ဆက်သွယ်မှုဧရိယာပြင်ပပဲ ရောက်နေတယ်"

"မေမေ ဘာပြောမလို့လဲ"

"ပြောလိုက်ရင် စကားကလွဲပြီ၊ နေကောင်းရဲ့လား"

"ကောင်းပါတယ် မေမေရယ်၊ ဒေါင်ဒေါင်မြည်ပါပဲ"

"ဒီမှာဆို တစ်ပတ် တစ်ခါ ဆေးစစ်နေကြ၊ ဆေးလေးဘာလေး စစ်ကြည့်ဦး။ နန်းဝါကို ဆေးခန်းလိုက်ပို့ခိုင်း"

"မီးမှ ဘာမှမဖြစ်တာ မေမေရယ်၊ ဘာကိုသွားပြရဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို … ဖြစ်ဖြစ် မဖြစ်ဖြစ် ပြနေကျပဲ၊ ပြရမှာပေါ့၊ ပြီးတော့ ရေပြောင်း မြေပြောင်း ပိုတောင်ပြရဦးမှာ၊ ခခနော် … ပြောစကား နားထောင်ရင်ထောင် နားမထောင်လို့ကတော့ ပါပ္ပါးကို ချက်ချင်းပြန်ခေါ်ခိုင်းလိုက်မယ်"

"ဟုတ်ကဲ့ပါ မေမေရာ၊ နန်းဝါကိုခေါ်ပြီး သွားလိုက်ပါ့မယ်၊ စိတ်ချ"

"ပြီးတော့ ရှိသေးတယ်၊ ဖုန်းကို ပိတ်မထားနဲ့"

"ဟုတ်ကဲ့ပါ၊ ခုတောင် သူများအိမ်ဖုန်း အားနာစရာ ဖြစ်နေပြီ မေမေ၊ မီးလေး ပြန်ဆက်လိုက်မယ်၊ ခုတော့ … လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ မမရယ်"

"အဟင်း … ဒါပဲနော်"

"အခုချက်ချင်း ပြန်ဆက်နော်"

"ရက်စ် မာမီ"

"ဟင်း … ကောင်မလေး၊ မအေကတော့ သတိရလို့ မနေတတ် မထိုင်တတ် ဖြစ်နေပြီ၊ သူက ပျော်လို့ ရှင်လို့"

"ခမသေရယ်"





ခခ စိတ်မကောင်း ဖြစ်သွားပါသည်။ မေမေ အဲလို … လို့လည်း ခခ ဘဝကြီးကို ချုပ်ချယ်သလို ဖြစ်နေခဲ့တာပေါ့ … မေရဲ့။

အချစ်ပင့်ကူအိမ်ကြီးထဲမှာ ခခ ငြိတွယ်ခဲ့တာပေါ့၊ … ရော ကိုယ်ပါ အကျဉ်းကျ ချုပ်နှောင်ခံခဲ့ရတာပေါ့။

ခခ မေ့ပြီး ဖုန်းကြီးကို ကိုင်ထားသဖြင့် ဖုန်းက … တုတ္တု မြည်လာမှ သတိဝင်လာပြီး ဖုန်းပြန်ချလိုက်သည်။ … သော့ ခြံဘက်ပြန်ကူးလာပြီး ဟန်းဒ်ဖုန်းလေးထုတ်ကာ မေမေ့ … ပြန်ဆက်လိုက်သည်။ ထုံးစံအတိုင်း သူမကို ဂရုစိုက်သော … အားတွေချည်းပဲ ပြောနေတာပင်။

ပြီးတော့ နန်းဝါနှင့် ပြောသည်။ ခခကို ဂရုစိုက် … ဖို့ ဆေးခန်းပို့ပေးဖို့ စသည်ဖြင့်ပဲပေါ့။ ခခက နန်းဝါကို ပခုံး … ပြလိုက်သည်။

"ကဲ … ခခမှ ဘာမှမဖြစ်တာဘဲ"

"ဘာမှမဖြစ်လဲ သွားစစ်လိုက်ပါ၊ တော်ကြာ တစ်ခုခုဖြစ်မှ မစစ်မိလို့ ဖြစ်နေဦးမယ်"

"ဟာ …"

www.burmeseclassic.com



"နော် ... ခခလေးက လိမ္မာပါတယ်ဟာ၊ တော်ကြာ ငါ့ ခေါင်း ဆံထုံးနင်းနေမှာစိုးလို့"

"အေးပါ ... အေးပါ၊ နင် စိတ်ချမ်းသာအောင် သွားစရာမှာ"

"အံမယ် ... ဟဲ ဟဲ ... ကဲ ... လာ၊ ငါ ခေါ်ပွတ် လုပ်ထားတယ်"

"ပြီးတော့ရော"

"ပြီးတော့ ကောင်ညှင်းကင်"

"အိုးခေ"

"ဘယ်လိုညှော်သည်လဲ မသိဘူး"

"ဟီး ... ဟီး"

"စားပြီးရင် ဈေးသွားမယ်၊ ဒီနေ့ ဈေးနေ့လေ"

"ဈေးနေ့ဆိုရင် ဘာရှိလဲ"

"ငါးရက်တစ်ဈေးလေ၊ အဲဒီနေ့ဆိုရင် ဈေးထဲမှာ အစုံရတာပေါ့၊ ဒီအနီးနားက ဈေးသည်တွေကလည်း ပြုံဆင်းလာတာပေါ့၊ ပြီးတော့ ဒေသထွက်ကုန်ပစ္စည်းတို့ အသီးအနှံတို့ အစုံရတယ်"

"ပျော်စရာကြီးလား"





"ရန်ကုန်မှာ သိရိမင်္ဂလာဈေး သွားဖူးလား"

"ဟင့်အင်း"

"ဒါဆိုလည်း မပြောတော့ပါဘူး"

"ဟုတ်တယ်၊ မေမေနဲ့ တစ်ခါတလေ ရှော့ပင်းစင်တာတွေ ဘာတွေ သွားဖူးတာလောက်ပဲ ရှိတာ၊ အဲလိုဈေးတွေမသွားဖူးဘူး"

"အင်း ... ဒါဆိုရင် ခေါ်တောင်မသွားရဲဘူး"

"ဟာ ... မရဘူးနော်၊ လိုက်မှာပဲ"

"ကဲပါ ... လာ ... စားသောက်ပြီးရင် သွားကြမယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ"

သူတို့စားသောက်ပြီးတော့ ...

"အမေရေ ဈေးဘက်သွားဦးမယ်၊ ဘာမှာဦးမလဲ"

"မမှာတော့ဘူး နန်းဝါ၊ ကြည့်ကျက်ပြီးသာ ဝယ်ခဲ့တော့"

"ဟုတ် ... ဒါဆို သမီးတို့ သွားပြီနော်"

"အေး ... ကလေးပိစိရောလား"

"ဟုတ်ကဲ့ အမေ"

"အေး ... အေး၊ သွားကြ ... သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဈေးအောက်ထွက်လာတော့ ဈေးပင် ကွဲစပြုချင်ချင်။ စကတ်ရှည်ရှည် ဖားဖားလေးနဲ့ ယုန်မွှေးဆွယ်တာပါးပါးလေး ဝတ်ထားသော ခကတော့ ဘယ်အချိန်မဆို လှနေပါသည်။

ဈေးထဲရောက်တော့ ဒေသခံမဟုတ်ဘဲ သိသာစွာကွဲထွက်နေသော ခကို အားလုံးက ကွက်ကြည့် ကွက်ကြည့်လုပ်နေကြသည်။ အထမ်းဖြင့်ရောင်းသော ကြိမ်ခြင်းလှလှလေးတွေကို ကြည့်ပြီး လိုချင်လာသဖြင့် ဈေးမေးလိုက်သည်။ သူပြောနေသော ဈေးက ရန်ကုန်မှာထက်စာရင် အများကြီး သက်သာသည်မို့ သဘောကျပြီး ဝယ်မလို့လုပ်တော့ ...

"နန်းဝါ ဒါလေး ဝယ်လိုက်မယ်"

"ငါ ဝယ်ပေးမယ်၊ ဘယ်လောက်လဲ"

"... ... ..."

"ဟင် ... များတာပေါ့၊ ကြည့်ပါဦး ထက်ဝက်နီးပါးတင်ထားတယ်၊ ဦးလေးကြီးကလည်း နန်းဝါတို့က ဒီဒေသခံတွေပါနော်၊ ကဲ ... ကဲ ... လျှော့လိုက်ပါဦး၊ နန်းဝါက မတရားမဆစ်ပါဘူး"

ပြီးတော့ ဈေးဆစ်ပြီး ဝယ်ဖြစ်သွားသည်။





"နန်းဝါရယ် တန်လိုက်တာကွာ၊ ရန်ကုန်မှာဆို ဈေးအရမ်းကြီးတာ၊ ပြီးတော့ ဒီကကြိမ်က ကောင်းလည်းကောင်းတယ်၊ ပေါ်လစ်တင်လိုက်ရင် အိုခေပဲ"

"အင်း ... ရှင်သွား ဈေးဝယ်တဲ့ အဝယ်တော်ဆိုရင်တော့ သွားပြီ၊ ဈေးလည်း မဆစ်တတ်ဘူး"

"ဟင် ... ဒါလည်း တော်တော်တန်နေပြီလေ"

"တော်ပါ၊ ခကလေ တကယ်ပါပဲ၊ အမေပြောသလို ကလေးပီစိပဲ"

ပြီးတော့ သူတို့ အိမ်အတွက် တစ်ပတ်စာ ရိက္ခာဝယ်ကြသည်။ ဖိုးမောင်ကတော့ သူတို့ဝယ်သမျှ တောင်းထဲထည့်ပြီး ထမ်းကာ သူတို့နောက်က တကောက်ကောက် လိုက်ပါလာသည်။

"ဖိုးမောင် လေးနေပြီလား"

"ဟာ ... ဒီလောက်ကတော့ အပျော့ပါဗျ၊ ရန်ကုန်သူရ"

"ဟုတ်ပါပြီ၊ ခက ဖိုးမောင် မလေးသေးဘူးဆိုရင် ထပ်ဝယ်ထည့်ပေးရသေးတာပေါ့"

"ဝယ်စမ်းပါဗျာ"

"ဟဲ ဟဲ ... စတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ကဲ ရှေ့မှာ တို့ဟူးခေါက်ကြော်ဆိုင် ရှိတယ်၊ အရမ်းစားလို့ကောင်းတယ်၊ သွားစားကြမယ်"

တို့ဟူးခေါက်ကြော်ဆိုင် ရောက်တော့ ...

"ဟာ ... ညီမလေးတို့ပါလား"

"ကိုစိုင်း ဈေးလာဝယ်တာလား"

"အေးလေ ... ဈေးဝယ်ပြီး သစ်ခြံတွေကို ရိက္ခာလိုက်ဖြည့်ပေးမလို့၊ တို့ဟူးခေါက်ကြော် စားမလို့လား၊ လာကြ၊ ဒီဘက်မှာ ခုံအားသွားပြီ"

"ဟုတ်"

"နန်းဝါရော ခခကိုပါ ထမင်းစား ဖိတ်ချင်တယ်၊ ဒီညနေ ထမင်းလာစားကြပါလို့ ဖိတ်ပါရစေ၊ ကိုယ့်တပည့်တစ်ယောက် တောထဲက တက်လာတော့ ယုန်သားနဲ့ ဆတ်သား ရလာလို့ ဒီညနေစာက ရှယ်ပဲ၊ ပြီးတော့ ရန်ကုန်သူကိုလည်း ဒီကအစားအစာတွေနဲ့ ဧည့်ခံချင်လို့"

"အို ... မစားချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ယုန်လေးတွေ သနားစရာ"





"ဟောဗျာ၊ မေတ္တာရှင်နဲ့ လာတွေ့နေပြီ"

"ဟုတ်တယ်၊ ခခတို့က မေတ္တာမမဲ့တတ်ဘူး"

"သတ္တဝါဆိုတာ လူ့ချက်မှ ကျတ်တာ ခခရဲ့"

"အို ... အဲဒါက ဆင်ခြေသက်သက်ပါ၊ ငရဲတစ်ပိဿာကြီးမယ့် ဆင်ခြေမျိုးပါ"

"တစ်ပိဿာလောက်များ အေးဆေးပါကွာ"

"ဟွန့် ... အကုသိုလ်ကို အတုံးလိုက် အတစ်လိုက်ရမယ့်သူမျိုး"

"ဟယ် ... ခခရယ်၊ ကိုစိုင်း တစ်မျိုးမထင်နဲ့နော်၊ ခခက ကလေးနည်းနည်းဆန်တာပါ"

"ရပါတယ်၊ သူ့နဲ့ဆို ဆိုးတာပဲ၊ ဖွေမယူပါဘူး"

"ဘာနဲ့ဆို ဆိုးရမှာလဲ၊ ကိုယ့်ကိုယ်ကိုယ်များ ဘဝင်လေဟပ်နေသေးတယ်"

"ဘဝင်လေဟပ်အောင် လုပ်တဲ့သူကလည်း ရှိနေတာကိုး"

"ခင်ဗျားကြီးနော်"

ခခ သူနှင့်စကားပြောတိုင်း ဘယ်တော့မှမနိုင်။ ရှုံးသည်ချည်းသာ၊ ဒေါသတွေ ထွက်ရသည်ချည်းသာ။ သူတာ ခခ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆေးတာထိုနှင့် ကလေးသူငယ် တစ်ယောက်လို လိုက်စ,နေတတ်သည်။

ခုခကာသာ ဒေါမနဿတွေနှင့်။ သူကတော့ တို့ဟူး ခေါက်ဆွဲကြော်တွေကို တစ်ပွဲပြီးတစ်ပွဲ စားနေလိုက်ပုံများ ပြီတ္တာဝင်စားသလား အောက်မေ့ရသည်။

"ဩော် ... နန်းဝါ"

"ရှင် ... ကိုစိုင်း"

"နောက်တစ်ခါဆိုရင် မိန်းကလေးတွေချည်း ဆိုင်ကယ်နဲ့ ခရီးဝေး မသွားနဲ့၊ ဟိုနေ့ကလို ဖြစ်ရင် ဒုက္ခရောက်တာပေါ့"

"ဟုတ်တယ်၊ ဒါပေမဲ့လည်း ဆိုင်ကယ်နဲ့က သွားရေးလာရေး လွယ်နေတော့လည်း"

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အတတ်နိုင်ဆုံး မသွားနဲ့ပေါ့"

"ဟုတ် ... ဟိုနေ့က ဆိုင်ကယ်လာပို့တော့လည်း ကိုစိုင်းကို ဘာမှညှေ့မခံလိုက်ရဘူး၊ ကိုစိုင်းလည်း အားတဲ့တစ်နေ့ အိမ်ဘက်လာခဲ့ပါဦး"





"ရပါတယ် နန်းဝါရယ်၊ မလိုပါဘူး၊ ကူညီရမယ့်သူတွေပဲ၊ ဒါပေမဲ့ နန်းဝါတို့ဘက်တော့ ရောက်ဖြစ်မှာပါ၊ ကဲ ... ကဲ ညနေတော့ ကိုယ့်အိမ်ကိုပဲ ထမင်းစားဖိတ်ပါရစေ၊ နန်းဝါ အမေလည်း တစ်ခါတည်း ခေါ်ခဲ့လေ"

"အမေက ခေါ်လို့ရမှာ မဟုတ်ဘူး ကိုစိုင်းရဲ့၊ ပြီးတော့ ခခကလည်း လိုက်မှာမဟုတ်ဘူး"

"မလာရင်တော့ ကိုယ်တိုင် လာဆွဲခေါ်ရမှာပေါ့"

သူက နန်းဝါကို မျက်စပစ်ပြပြီး ပြောလိုက်သည်။

"သေတာတောင် မလိုက်ဘူး"

"ကိုယ်ကလည်း သေရင် မခေါ်ပါဘူးကွ၊ တော်ကြာ သရဲခြောက် ခံနေရဦးမယ်၊ ဒါပေမဲ့ သရဲမလေးက ချောချောလေး ဆိုရင်တော့ တစ်မျိုးပေါ့လေ"

"ဟွန်း ... သရဲတောင် အလွတ်မပေးဘူး"

"ဟား ဟား ဟား ... ဒီကလေးက စလို့ကောင်းတယ်၊ ကဲပါကွာ၊ ကိုယ်က တမင်စနေတာပါ၊ ညနေ လာခဲ့နော်၊ ကိုယ်က ရန်ကုန်ကညှေ့သည်ဆိုတော့ ဖားတာလည်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့၊ ကိုယ်က ရန်ကုန် ခဏခဏသွားနေရတဲ့သူ ဆို တော့ အသိအိမ်တစ်အိမ် တိုးတာပေါ့"

"အို ... ခခက မဖိတ်ခေါ်ဘူး"

"ဘာလို့လဲ၊ ကိုယ်က အစားကြီးတော့ ထမင်းကုန်မှာစိုး လို့လား"

"ဟုတ်ပါဘူး၊ ခခတို့အိမ်က ယောကျ်ားလေး အသိမိတ် ဆွေရှိတာ မကြိုက်ဘူး၊ လာလို့မရဘူး"

"ဪ ... ဒီလိုလား၊ ဟုတ်တာပေါ့၊ သမီးချောလေးကို စိုးရိမ်တာ နေမှာပေါ့၊ ကိုယ် မလာပါဘူးကွ၊ ဒါပေမဲ့ ကိုယ် ထမင်းစားဖိတ်တာကိုတော့ လက်ခံပါကွ"

ဒီလူကြီး မမကျော့ မျက်နှာနဲ့များ ဖားနေတာလား မသိ။ မမကျော့ အရှိန်နဲ့ သူမတို့ကတော့ ဘုရားပွဲ တွေ့ဦးမည်။

"ကဲပါ ခခရယ်၊ ကိုစိုင်းကို အားနာစရာ ကောင်းနေပြီ၊ ကိုစိုင်း ညနေကျရင် နန်းဝါတို့ လာခဲ့ပါ့မယ်"

"အိုကေ ... ကိုယ်စောင့်နေမယ်"

"လက်ရာကောင်းမှ စားမှာနော်"





"စိတ်ချပါ ကလေးရဲ့၊ တော်ကြာမှ တစ်သက်လုံးစားချင် နေပါပြီ ဖြစ်သွားဦးမယ်"

"အံမယ် ... ဘာလို့စားချင်ရမှာလဲ"

"စားကြည့်ပါဦး၊ စားကြည့်ပြီးမှ ပြောပေါ့၊ ပြီးတော့ တစ် သက်လုံး စားချင်နေပြီ ဆိုရင်လည်း ကိုယ်စဉ်းစားပေးမှာ ပေါ့"

"ဟာ ... တော်ပြီ၊ မလာတော့ဘူး"

"ဟဲ ... ဟဲ နောက်တာပါ ကဇလေးရယ်"

"ကဲပါ၊ ကိုစိုင်းကလည်း စ,တယ်၊ ခခကလည်း အစမခံ နိုင်နဲ့တော့ ဟုတ်နေပြီ၊ သွားပါ ညနေကျမှ ဆုံကြတာပေါ့"

"သွားပြီ ... သွားပြီ၊ မသွားရင် နဂါးမလေးမျက်စောင်းနဲ့ ကိုယ် ပြာကျသွားနိုင်တယ်"

"ဟွန့်"

နောက်ဆက်တွဲ မျက်စောင်းက သူ့နောက် ပါသွား သေး။



www.burmeseclassic.com

www.burmeseclassic.com



ညနေကျတော့ ခခက ဂျင်းပင်အနက်ကလေးနဲ့ ယုန်မွှေးဆွယ်တာ နီနီလေး တွဲဝတ်ထားပြီး သူမအရုပ်မြင့်မြင့်ကလေးက လွင့်နေပေသည်။ နန်းဝါကတော့ စကတ်အညိုပွင့်လေးတွေကို အညိုရောင်ခပ်မှိုင်းမှိုင်း ဆွယ်တာတစ်ထည်နှင့် တွဲဝတ်ထားသည်။

နှစ်ယောက်စလုံး မျက်နှာမှာ နှီရည်ခပ်ပါးပါးကလေးလူးပြီး ခရင်ပတ်(ပ်)ပါးပါးလေးတို့ကာ၊ နန်းဝါက အညိုဖျော့ဖျော့ နှုတ်ခမ်းနီကို ခပ်ပါးပါးလေး ဆိုးထားသည်။ ပြီးတော့ ခခ။ ခက်ကတော့ စတော်ဘယ်ရီရောင်ပြေးသော နှုတ်ခမ်းနီလေးနှင့် သူမတို့နှစ်ယောက်စလုံးက တစ်ယောက်တစ်မျိုးစီ လှနေသည်။

နန်းဝါတို့ရဲ့ ဆိုင်ကယ်လေးက ကိုစိုင်း ခြံကို ဦးတည်နေသည်။ ကိုစိုင်းက ပေါ်တီကိုအောက်တွင် ထွက်စောင့်နေသည်။





အနက်ရောင် ခွေးသမင်ကြီး နှစ်ကောင်ကို ခြံထဲမှာ ကြိုးဖြင့်ချည်ထားပြီး နန်းဝါတို့ဆိုင်ကယ် ဝင်သွားသည်နှင့် ထိုခွေးသမင်နှစ်ကောင်၏ ဆီးကြိုသံတို့က ဆူညံသွားသည်မို့ ခခကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ နန်းဝါကို အတင်းဖက်ထားပြီး ဆိုင်ကယ်ရပ်လိုက်တော့လည်း ဆိုင်ကယ်ပေါ်မှ မဆင်းရဲ သာ။

"ကြိုးနဲ့ချည်ထားပါတယ် ခံခရဲ့"

"ကြိုးပြတ်သွားရင် ဘယ်လိုလုပ်မလဲ၊ ကြောက်စရာကြီးတွေ"

"မကြောက်ပါနဲ့ ကလေးရဲ့၊ သူတို့ကို ချည်ထားပါတယ်၊ လွှတ်ထားရင်တောင်မှ ဒီကောင်ကြီးတွေက ‹ကိုယ့်စကားတစ်ခွန်းပဲ၊ လိမ္မာပါတယ်"

"အို ... တိရစ္ဆာန်ပဲ၊ ဘယ်လောက် လိမ္မာနိုင်မှာလဲ"

"ကဲပါကွာ၊ စကားများမနေပါနဲ့တော့လား၊ အထဲဝင်ကြရအောင်၊ ကိုယ်က ထမင်းပွဲ အဆင်သင့်ပြင်ပြီး စောင့်နေတာ ခင်ဗျ"

www.burmeseclassic.com



"ရပါတယ် ကိုစိုင်းရယ်၊ နန်းဝါတို့ လာမှ ပြင်ဆင်မှာ ပေါ့"

ထမင်းစားခန်း သီးသန့်ထားသည်မို့ အိမ်မကြီးဧည့် ခန်းမှာ အပြင်စကြံလို လျှောက်လမ်းတစ်ခုကိုဖြတ်ပြီး ထမင်းစား ခန်းသို့ ရောက်သည်။ ထမင်းစားခန်းဟာ အိမ်မကြီးရဲ့ ထော ဘက်အစွန်မှာရှိပြီး နံရံတစ်ဖက်ကို မှန်ချည်းသက်သက် ကာထား ပြီး လိုက်ကာအဖြူပါးပါး မှန်ကူရောင်အိအိလေးတွေ တပ်ထားသည် မို့ အမြင်တစ်မျိုး ဖြစ်နေသည်။

ပြီးတော့ မှန်နံရံနှင့် မျက်နှာချင်းဆိုင်အတွင်းဘက် နံရံဟာ မီနီဘားကလေးတစ်ခု လုပ်ထားပြီး ထိုဘားကောင်တာ အောက်ဘက်မှာက မီးလင်းဗီို။ ဘားကောင်တာပေါ်က နံရံက ဗီရိုထဲမှာ ဝိုင်ပုလင်းတွေ၊ နိုင်ငံခြားဖြစ် အရက်ပုလင်းမျိုးစုံတို့ လှပသပ်ရပ်စွာ။ ခကေ ထိုကောင်တာကို အကြည့်ရောက်ေ တော့ ...

"ယောက်ျားလေးနေတဲ့ အိမ်ဆိုတော့ ဒီလိုပဲလေ၊ အိမ်ရှင် ရောက်လာရင်တော့ သူ့စိတ်ကြိုက် ပြင်ဆင်ခွင့် ပေးလိုက် မယ်"





ခကေ မကြားချင်ယောင် ဆောင်နေလိုက်သည်။ နန်းဝါက ...

"ကိုစိုင်းဆီမှာ ဝိုင်ပုလင်းတွေ အစုံပဲနော်၊ ဟိုပုလင်းလေး ဆို ချစ်စရာလေး"

"ကိုယ်က သိပ်မသောက်တတ်ဘူး၊ ပုလင်းတွေက လက် ဆောင်ရတာ များတယ်၊ ကိုယ့်သူငယ်ချင်းဆို နိုင်ငံခြားတစ် ခေါက်သွားတိုင်း ပြန်လာတာနဲ့ ကိုယ့်အတွက်ဆိုပြီး ဝယ် လာတဲ့ လက်ဆောင်က ဒါတွေပဲ၊ ကိုယ်က မသောက်ဖြစ်ဘဲ သိမ်းထားရင်းနှင့် ဗီရိုတစ်လုံးအပြည့် ဖြစ်လာတာ"

သူ မသောက်တတ်ကြောင်းကို စကားရဲ့အဆုံး မှာ အစပါ ထည့်ပြောနေသဖြင့် ပြုံးမိသေးသည်။ ထမင်းစားပွဲ ရဲ့ အလယ်မှာ ဟင်းပွဲတင်တဲ့ ဆုံလည်စားပွဲတစ်ထပ် ပါသေး သည်။ ကိုစိုင်းရဲ့အိမ်ဟာ အပြင်ပန်းကကြည့်ရင် ရဲတိုက်အိုကြီး တစ်ခုလို အုတ်ရိုးနီနီကြီးတွေနှင့် ရှေးဟောင်းအိမ်ကြီး ဖြစ်သော် လည်း အိမ်ထဲအပြင်အဆင်နှင့် အသုံးအဆောင်ပစ္စည်းတွေကတော့ နှစ်ဆယ့်တစ်ရာစု ပစ္စည်းတွေချည်းသာ နှစ်ဆယ့်တစ်ရာစု အပြင် အဆင်တွေချည်းသာ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားကြတော့လည်း ဟင်းအမည် စုံလင်လှသည်။

"ဒါလေးစားကြည့် ခခ၊ ယုန်သား ...

"ဒီဟာက ဆတ်သားခြောက် ...

"ဒီဟာက စွန်တန်ဟင်းရည် ...

"ဒီမှာက မုန်ညင်းချဉ်နဲ့ ဝက်သား ...

"ဒီမှာက ..."

"တော်ပါတော့၊ ဟင်းတွေချည်းပဲ။ ထမင်းတောင်ခပ်စရာနေရာ မရှိတော့ဘူး"

"အဟွန်း"

သူ၏အပြုံးဖြင့် လက်ပြန်ရုပ်သွားသည်။ ဟင်းတွေက စားလို့ကောင်းလိုက်တာ။ ဦးဘမောင် ဆိုသော အဘကြီးတစ်ယောက်သာ ထမင်းစားခန်းအတွင်း လိုအပ်တာတွေ ဖြည့်ပေးနေသည်မို့ ဒီထမင်းဟင်းက ဦးဘမောင်၏လက်ရာ ဖြစ်ဖို့များသည်။ နန်းဝါက ဦးဘမောင်ဘက် လှည့်ကာ ...

"ဦးကြီးလက်ရာက စားကောင်းလိုက်တာ၊ နန်းဝါတို့အမေထက်တောင် ဟင်းချက်ကောင်းသေးတယ်"





"ဟော့ ... ဦးကြီးလက်ရာ မဟုတ်ရပါဘူးကွယ်၊ လူလေးကိုယ်တိုင် ချက်ထားတာ၊ ဦးကြီး လက်ရာဆို ကလေးမတို့ မစားတတ်မှာစိုးလို့ဆိုပြီး သူကိုယ်တိုင် ဝင်ချက်ထားတာပဲကွယ်"

"ဟယ် ... အဟုတ်လား၊ ကိုစိုင်းက တော်လိုက်တာ၊ နန်းဝါတောင် မိန်းကလေးဖြစ်ပြီး ဒီလောက် အဆီအငေါ်မတည့်ဘူး၊ ဟီ ဟီ"

"ဟိတ် ... ဟိုကလေးမရော ထမင်းဟင်း ချက်တတ်လား"

"ထမင်းစားမယ်ဆိုရင် ထမင်းစားပွဲမှာ ထိုင်တတ်တယ်၊ အဲဒါ အကျွမ်းကျင်ဆုံးပဲ"

"ဟား ဟား ... ထင်သားပဲ၊ မင်းပုံကတော့ ကြည့်ရုံနဲ့ အရည်အချင်းက သိသာနေတယ်"

"အံမယ်"

"မဟုတ်လို့လား"

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ..."

"ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



နဂါးမလေး မျက်စောင်းကူ ဝဲကာ ပျံကာ ရောက်ရှိလာပြန်သည်။ နန်းဝါက ...

"ကိုစိုင်းက ဒီလိုစွယ်စုံရမင်းသားဆိုတော့ ကောင်းတာပေါ့၊ မမကျော့တော့ ကံကောင်းတာပဲ"

"အဟင်း ... ဘာဖြစ်လို့လဲ"

"ဩော် ... ကိုစိုင်းက အိမ်မှုကိစ္စပါ ရနေတော့ အိမ်ရှင်မသက်သာတာပေါ့"

"ဩော် ... အိမ်ရှင်မက မလုပ်တတ် မကိုင်တတ်ဆိုရင် ဒုက္ခရောက်နေမှာစိုးလို့ ကိုယ့်ဘာသာတတ်အောင် သင်ထားရတော့ပေါ့"

"မမကျော့ကလည်း အိမ်ရှင်မကောင်း ပီသမှာပါနော်"

"ဟာ ... ဘာဆိုင်လို့လဲ"

"ဟင် ... ဘာဆိုင်လဲ ကိုစိုင်းက ပိုသိမှာပေါ့"

"ဟိတ် ... ဟိတ် ... နေကြဦး၊ ညည်းတို့ စွတ်တင်မနေကြနဲ့၊ ဘာလဲ ... ကိုယ်နဲ့ ကျော့ကိုများ အထင်လွဲနေကြတာလား၊ ကိုယ်တို့က ရိုးရိုးသားသားပါကွာ၊ သူငယ်ချင်းအဆင့်ပဲ ရှိပါတယ်"





"ကိုစိုင်းကလည်း မရှက်ပါနဲ့၊ နန်းဝါက ကိုစိုင်းကို အစ်ကိုတော်ရတယ်ဆိုပြီး ဝမ်းသာနေတာ"

"ဩော် .... ဒုက္ခပါပဲ၊ တကယ် မဟုတ်ရပါဘူးကွာ၊ တကယ်ပါ"

"မမကျော့ကို ပြန်တိုင်ပြောလိုက်မှာနော်၊ မကြောက်ဘူးလား"

"ညည်းတို့က အထင်နဲ့ စွတ်ပြောနေကြတာကိုးကွ၊ သွားပြောရင် ကျော့ကတော့ ရယ်တော့မှာပဲ၊ အပြွန်း ... ကိုယ့်မှာ ချစ်သူရှိတယ် ခင်ဗျ"

"ဟင် ... အဟုတ်လား ကိုစိုင်း"

"ကိုယ် မညာတတ်ဘူး နန်းဝါရဲ့"

"ဟို ... အဲလိုသဘောမျိုးမဟုတ်ပါဘူး၊ နန်းဝါက မမကျော့နဲ့ ကိုစိုင်းကို ထင်ထားလို့လေ၊ ဆောရီးနော်"

"ရပါတယ်ကွာ၊ သိပ်မကြာခင် ကိုယ့်ချစ်သူ ဘယ်သူလဲဆိုတာ နန်းဝါ သိမှာပါ"

"အဟင့် ... ဆောရီး ... ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



ခခကတော့ သူတို့စကားတွေ မကြားသည့်အလား ထမင်းကို ငြိမ်သက်စွာ စားနေသည်။ ထမင်းစားပြီးတော့ ပန်းသီးစိတ်လေးတွေနှင့် အချိုတည်းကြပြီး ခခတို့မှာ ဗိုက်တွေလေးနေပြီ။

ခြောက်နာရီခွဲခန့် ရှိပြီမို့ မှောင်နေပြီ။ ဧည့်ခန်းထဲမှာ တီဗီခဏ ထိုင်ကြည့်ပြီး ...

"ပြန်တော့မယ် ကိုစိုင်း၊ မှောင်လည်း မှောင်နေပြီ၊ ခုလို ဖိတ်ကျွေးတာ ကျေးဇူးပဲနော်"

"ရပါတယ် နန်းဝါရဲ့၊ နန်းဝါတို့ ပြန်ရင် ကိုယ်ပြန်လိုက်ပို့ပေးမယ်၊ စိတ်မချလို့"

"ဟုတ်ကဲ့ ကိုစိုင်း၊ ထပ်ဆင့် ကျေးဇူးပါ၊ ကိုစိုင်းကို ထမင်းစား ပြန်ဖိတ်ဦးမယ်၊ ဒါပေမဲ့ နန်းဝါတို့အိမ်က လက်ရာတွေက ကိုစိုင်းကိုတော့ မီမှာမဟုတ်ဘူးနော်"

"ရပါတယ်ကွာ၊ ခခလေး စကားတွေအရမ်းပြောနေလို့ မောနေဦးမယ်"

"ကျေးဇူးပဲနော် ထမင်းဖိတ်ကျွေးတာ"





"ရပါတယ်ကွာ၊ ကိုယ်ကတောင် လာစားပေးတဲ့အတွက် ကျေးဇူးပြန်တင်နေတာပါ၊ တော်ပြီ ... တော်ပြီ၊ ပြောရင်းနဲ့ ကျေးဇူးသံသရာတွေထဲမှာ လည်နေပြီ"

ခြံထဲရောက်သည်နှင့် ခွေးသမင်ကြီးတွေရဲ့ နှုတ်ဆက်သံကို ကျောချမ်းစရာ ကြားလိုက်ရသေးသည်။ ခခ ကိုယ်လေးတွန့်သွားသည်ကို ကြည့်ပြီး စိုင်းရဲ့ရင်ထဲမှာတော့ ချစ်သည့် ဒီဂရီက တရှိန်ရှိန် တက်လာသဖြင့် မနည်းကြီး ဘရိတ်အုပ်ထားလိုက်ရသည်။ ကိုစိုင်း ခြံထဲက ထင်းရှူးပင်လေးတွေမှာ ရောင်စုံမီးသီးလေးတွေက တလက်လက်။

ပြီးတော့ ခြံထဲမှာရှိသည့် သစ်ပင်တိုင်းမှာ သစ်ခွပင်တွေ ရှိသည်ကိုလည်း ညမီးရောင်မှာ ဝိုးတဝါး မြင်နေရသည်။

"ကိုစိုင်း ခြံကြီးက လှလိုက်တာနော်၊ ကိုစိုင်းက သူဌေးပဲ"

"မသူဌေးလို့ သူများအလုပ် လုပ်နေရတာပေါ့ကွ"

"သူများအလုပ် ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ကိုစိုင်း အပိုင်တွေပဲ ဖြစ်မှာပါ"

"ရှယ်ယာတော့ပါတယ် နန်းဝါရဲ့၊ နည်းနည်းပါးပါးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းက လျှို့ဝှက်တာပါ"

"ဪ ... အထင်ကြီး ခံနေရပါလား"

"ကိုစိုင်း မိဘတွေရော"

"ကိုယ့်မိဘတွေ မရှိကြတော့ဘူး။ ပြီးတော့ ကိုယ်က တစ်ဦးတည်းသောသားဆိုတော့ မိဘတွေမရှိတော့ ကိုယ် တစ်ယောက်တည်း ကျန်ခဲ့တာပေါ့"

"ဪ"

ကိုစိုင်းရဲ့ဘဝ တစ်စိတ်တစ်ဒေသကို တွေ့လိုက်ရသည်။ သူတို့စကားတပြောပြောနဲ့ပဲ နန်းဝါတို့ခြံဘက် ရောက်လာကြသည်။ နန်းဝါတို့ ဆိုင်ကယ်လေး ခြံထဲကွေ့ဝင်သွားမှ ကိုစိုင်းက ပြန်လှည့်သွားသည်။

❣❤❣





"ဟိတ်"

"အမေ့"

"ဘာတွေ တွေးနေတာလဲ"

"အဟင်း ... နန်းဝါ အိမ်ထဲမှာ"

"သွားကြီးပြီ၊ ကိုယ် နန်းဝါဆီမှာ ပန်းလာဝယ်တာ"

"ပန်း ဘာလုပ်ဖို့လဲ"

"အိမ်မှာ အလှထိုးဖို့ပေါ့။ ဒီညနေဘက် ကိုယ့်သူငယ်ချင်း လာမယ်တဲ့၊ ပန်းတွေ ဝေဝေဆာဆာ ထိုးထားချင်လို့"

"ကိုစိုင်း သူငယ်ချင်းက မိန်းမမို့လို့လား"

"မိန်းမမှ ပန်းကြိုက်တာ မဟုတ်ဘူးလေကွာ၊ ပန်းရနံ့ဆိုတာ သဘာဝတရားပေးထားတဲ့ မွှေးမြလန်းဆန်းမှုမျိုးပဲလေ၊ အဲဒါကို လူတိုင်းကြိုက်တတ်တယ်၊ ကိုယ်ကတော့ကျွားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အဲလိုပန်းတွေနဲ့ လန်းလန်းဆန်းဆန် စိတ်ခံစားမျိုးကို ကြိုက်တယ်"

"ထမင်းဟင်းလည်း ချက်တတ်တယ်၊ ပန်းလည်း ကြိုက်တယ်ဆိုတော့ ..."

"ဟော့ ... ယောကျ်ားစစ်စစ်ပါကွ၊ မယုံရင် စမ်းသပ်ကြည့်လို့ရတယ်"

"ဟာ ... ဘာစကားလဲ"

"ဥပမာကွာ ဆိုင်ကယ်ပြိုင်စီးတာမျိုး ပြောတာပါ၊ အထင်မလွဲပါနဲ့ ... ဟဲ ဟဲ"

"ဟွန့်"

"ခခကို တစ်ခုလောက် တောင်းဆိုချင်တယ်"

"အို ... တစ်ခုခု တောင်းဆိုလို့ရတဲ့ ပတ်သက်မှုမျိုး ခခတို့ကြားမှာ မရှိဘူးထင်တယ်"

"ကိုယ့်ကို မျက်စောင်းမထိုးပါနဲ့လား"

"ဒါဆို ခခနဲ့ လာမပတ်သက်နဲ့လေ"

"မပတ်သက်ဘဲနဲ့လည်း မနေနိုင်ဘူး၊ မျက်စောင်းထိုးတာကိုလည်း ခံနိုင်ရည်မရှိဘူး၊ ကိုယ် သွားပြီ"





သူက ခခ မျက်နှာကို စိုက်ကြည့်ပြီး ပြောသွားသဖြင့် ခခ ရင်ထဲမှာ ကတုန်ကယင် ဖြစ်သွားသည်။

"ဟွန်း ... ဘာကြီးလဲဟ"

ပါးစပ်က ရေရွတ်လိုက်သော်လည်း ကိုယ်တိုင် ရင်ထဲမှာ ဘာကြီးဖြစ်နေမှန်း မသိဘူးလေ၊ ခဏကြာတော့ ဆိုင်ကယ်စက်နှိုးသံကြားလိုက်ပြီး သူ့ဆိုင်ကယ်ထွက်သွားသံ ကြားလိုက်ရသည်။

ခခ တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိသလို ခခ ဆီသို့ ကိုစိုင်း စကားလာပြောတာ မြင်လိုက်သော နန်း၀ါကလည်း အခြေအနေကို ရိပ်မိလိုက်ပြီး စိုးရိမ်ပူပန်သွားမိသည်။ မပူလို့ ရဘူးလေ။ ခခက အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး။ မိမိက တာဝန်ယူပြီး ခေါ်လာရတာ၊ တစ်ခုခုဆိုရင် မိမိခေါင်းကို ခိုးကြိုးပစ်မည်ပင်။ နန်း၀ါ စိတ်ထဲမှာ သတိအနေအထား ဆွဲသွားသည်။

"နန်း၀ါ ဘာတွေ တွေးနေတာလဲ"

"ဟင် ... မတွေးပါဘူး"

"မတွေးဘူးသာဆိုတာ ခခ ခေါ်တာတောင် မကြားဘဲနဲ့"

"ဘာလဲ ... ပြော"

"ခခကို ဆိုင်ကယ်စီး သင်ပေးပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မလုပ်လိုက်ပါနဲ့ ခခရယ်၊ ခခ တစ်ခုခု ဖြစ်ရင် နန်းဝါခေါင်း ဆင်နှင်းတာထက် ဆိုးသွားလိမ့်မယ်"

"ဟာ ... နန်းဝါကလည်းကွာ၊ သင်ပေးပါဆို"

"မလုပ်ပါနဲ့ ခခရယ်၊ ဆိုင်ကယ်စီးသင်တာက အန္တရာယ်များတယ်၊ နေစမ်းပါဦး၊ ခခက ခုမှ ဘာလို့ ဆိုင်ကယ်စီးသင်ချင်ရတာလဲ"

"အင်း ... ဘာရယ်လို့တော့ မဟုတ်ဘူးလေ၊ စီးချင်တာ သက်သက်ပါပဲ၊ နော် ... သင်ပေးနော်"

"မလုပ်ပါနဲ့ ခခရယ်၊ အန်တီသိရင် ငါ့ကိုသတ်မှာ"

"ဟင် ... နန်းဝါက ခခကို မခင်ပါဘူး၊ သင်ပေးပါဆို"

"မလုပ်ပါနဲ့ ခခရယ်"

ထိုအချိန်မှာပဲ ကိုစိုင်း ဆိုင်ကယ်က ဝင်လာပြန်သည်။ ဆိုင်ကယ်ခြင်းထဲမှာ သစ်ခွပင်တွေနဲ့။

"ဒီမှာ ... နန်းဝါအတွက် ပန်းလာပို့တာ"

"ဟယ် ... ချက်ချင်းကြီးကို လာပို့နေတယ် ကိုစိုင်းရယ်၊ အားနာစရာကြီး၊ နောက်မှ နန်းဝါ လာယူလည်း ရတာပဲ၊ နန်းဝါ လာယူမှာပေါ့"





"ရပါတယ် နန်းဝါရဲ့၊ ကိုယ်လည်း ဒီဘက်ကို လာစရာရှိတာနဲ့ တစ်ခါတည်း လာလိုက်တာ၊ ဟိုကလေးမ ... စုပုပ်ပုပ်နဲ့ ဘာတွေကျိုကျနေတာလဲ"

"ဒီမှာလေ ... ဆိုင်ကယ်စီး သင်ခိုင်းနေတယ်"

"ဘာလဲ ... ဆိုင်ကယ်ပြိုင်စီးမလို့လား"

"အမယ်လေး ... မလုပ်လိုက်ပါနဲ့ ခခရယ်"

"ဟာ ... ဘာဆိုင်လို့လဲ၊ ကိုယ့်ဘာသာ စီးတတ်ချင်လို့ သင်ခိုင်းတာ၊ မသင်ပေးချင်ဘူး"

"ဟဲ့ ... ခခရယ်၊ နင် တစ်ခုခုဖြစ်ရင် ငါ ဒုက္ခရောက်မှာ တခြား သက်သက်ညှာညှာလေး ကျိုကျပါဟာ"

"တော်ပြီ၊ မသင်ခိုင်းတော့ပါဘူး၊ ဘာမှ မပြောတော့ဘူး"

"ညည်းသည်းကလည်း၊ ကဲပါ ... ကိုယ်သင်ပေးမယ်ဆိုရင် လက်ခံမလား၊ နန်းဝါကလည်း မိန်းကလေးဆိုတော့ သင်ပေးရမှာ အန္တရာယ်များတယ်လေ"

"တကယ်လား"

"အို ... မသင်ရပါဘူး၊ ကိုစိုင်းရယ် သူ တစ်ခုခုဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



နန်းဝါ ခုကွရောက်မှာ"

"တစ်ခုခု မဖြစ်ဆေရဘူးလို့ ကိုယ် အာမခံတယ် ဆိုရင်ရော"

"သင်မယ်ကွာ၊ နန်းဝါကလည်း ခခက ဒီလာတုန်း သင်ရတာကို၊ ခခ စီးကြည့်ချင်လို့ပါကွား နော် ... နန်းဝါနော်၊ သင်ပါရစေ"

"ကဲပါ နန်းဝါရယ်၊ တစ်ခုခုဆိုရင် ကိုယ့်အသက်ပဲ အသေခံလိုက်မယ်၊ သူ့ ဘာမှမဖြစ်ရဘူး၊ဟုတ်လား၊ ကဲ... လောလောဆယ်တော့ မအားသေးဘူး၊ ကိုယ့်သူငွေး လာမှာမို့ နည်းနည်းလည်း အလုပ်ရှုပ်နေတယ်၊ နောက်သုံးရက်လောက်နေရင် သင်ပေးမယ်၊ အိုကေ"

"ဟုတ် ... ခခ စောင့်နေမယ်"

"အိုကေ ... ကိုယ်သွားပြီ"

သူ့ဆိုင်ကယ် ထွက်သွားတော့ ခခရဲ့ မှိုရသော ပြုံးစိစိမျက်နှာကို ကြည့်ပြီး နန်းဝါက ...

"ငါသာ သေလိုက်ချင်တယ်နော်၊ ခခနော် ... ပြောမရ ဆိုမရဆိုရင် အန်တီနဲ့ တိုင်မှာနော်"

"ဒီမှာ မနေစေချင်တော့ဘူးဆိုရင်လည်း တိုင်ပေါ့ နန်းဝါရယ်"





"ကြည့်ပါလား၊ စကားကို အနိုင်ပိုင်းပြီ"

"ဟုတ်တယ်လေ၊ ခခ ရှိတာ နန်းဝါအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ် ဆိုရင်လည်း တိုင်ပေါ့၊ ဘယ်တတ်နိုင်မှာလဲ"

"တော်ပြီကွာ၊ နန်းဝါပဲ အရှုံးပေးတယ်နော်၊ ဘာပဲဖြစ်ဖြစ် ကိုစိုင်းကတော့ ကျွမ်းကျင်ပါတယ်လေ၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ ဒါပဲနော် ... စီးတတ်သွားရင်လည်း အပြင်ကို တစ်ယောက်တည်း မသွားရဘူးနော်"

"ဟုတ်ကဲ့ပါ မွေးစားမိခင် ... ဟိ ဟိ"

ဘာပဲဖြစ်ဖြစ် ခခ လုပ်ချင်တာ လုပ်လို့ရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်သုံးရက်လောက်နေတော့ ကိုစိုင်း ရောက်လာသည်။

"သင်ပေးတော့မှာလား"

"ကိုယ် သန်ဘက်ခါ ရန်ကုန်သွားရမယ်၊ ကြာမယ်"

"ဟင် ... ဒါဆို မသင်ပေးတော့ဘူးပေါ့"

"ဆိုင်ကယ်စီးတာက လွယ်ပါတယ်၊ စက်ဘီးရော စီးတတ်လား"

"စီးတတ်တယ်၊ ရန်ကုန်အိမ်မှာတုန်းက ခြံထဲမှာ ပတ်စီးလို့ရအောင်သင်ထားတာ၊ ကျွမ်းကျွမ်းကျင်ကျင်ကို စီးတတ်တယ်"

"အိုကေ ... ဒါဆို ဆိုင်ကယ်စီး သင်ရတာ မခက်ပါဘူး၊ အဓိက,က လက်ကိုင်ကို ထိန်းနိုင်ဖို့ပဲ၊ ကဲ ... လာ၊ ဒီနေ့





ပဲ သင်ပေးမယ်၊ ဒီနေ့ရယ် မနက်ဖြန်ရယ်၊ နှစ်ရက်ဆိုရင် ကောင်းကောင်းစီးတတ်ပါပြီ"

"ရပါ့မလား"

"ရပါ့မလားဆိုတဲ့ စိတ်ကြီး မရှိရင် ရတယ်"

"ဒါဆိုလည်း သင်ပေး"

"အင်း ... နန်းဝါ၊ ကိုယ် သူ့ကိုခေါ်သွားပြီး သင်ပေးလိုက်ဦးမယ်၊ နန်းဝါရော လိုက်ခဲ့လေ"

"လိုက်မယ် ... နန်းဝါရဲ့ စူပါကပ်လေးနဲ့ပဲ သင်ပေးလိုက်ပေါ့"

"အိုကေ"

ထို့နောက် ကိုစိုင်းရဲ့ ခြံကျယ်ကြီးသို့ ဒုတိယအကြိမ်ရောက်ရပြန်သည်။ ကိုစိုင်းရဲ့ ခြံကျယ်ကြီးက ခြံပတ်လမ်းတစ်ခုဖြင့် အနားသတ်ထားပါသည်။

"ဟိုနေ့ညက ဒီခြံပတ်လမ်းရှိတာ သတိမထားမိဘူး၊ ကိုစိုင်းခြံက တော်တော်ကျယ်တာပဲနော်"

"အင်း ... ဒီလမ်းက မြင်းစီးတဲ့လမ်းအနေနဲ့ လုပ်လိုက်တာ၊ တစ်ခါတလေမှ စီးဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မြင်းလည်း စီးတတ်လား၊ မြင်းစီးရော သင်ပေးမလား"

"ကိုယ့်မြင်းပေါ် မိန်းမတစ်ခါမှ မစီးဖူးဘူးကွ၊ ပြီးတော့ မိန်းမစီးမှာကိုလည်း မကြိုက်ဘူး"

"အမယ်လေး ... အဖြစ်သည်းလိုက်တာ"

"ကဲ ... လာ၊ ဆိုင်ကယ်ပေါ်တက်၊ တက်ပြီးရင် ညာဘက် ခြေထောက်က မြေကြီးပေါ် ထောက်ထား၊ ပြီးရင် ဘယ်ဘက်ခြေထောက်နဲ့ လီဗာကိုနင်းရတယ်၊ Start နဲ့ နှိုးလို့မရရင် ဒီအတိုင်းပဲ နှိုးရတယ်၊ လီဘာကိုဖိပြီး နင်းချလိုက်၊ ဒီမှာ လက်ကိုင်နဲ့တွဲလျက်က ဘရိတ်၊ စက်ဘီးလိုပဲ၊ အရှိန် တအားများလာပြီး ရုတ်တရက် ဘရိတ်အုပ်ရင် ရှေ့မှောက်ခံ ဖြစ်တတ်တယ်နော်၊ ဂီယာက လေးချက်ရှိတယ် အတက်အဆင်းလား ပြင်ညီလား၊ အခြေအနေကြည့်ပြီး သင့်တော်မယ့်နှုန်းနဲ့ မောင်းလို့ရတယ်၊ ကဲ ... စမယ်"

သူက သူမနောက်က တက်ထိုင်လိုက်ပြီး ဆိုင်ကယ် လက်ကိုင်ပေါ်ရှိ သူမလက်တွေကို သူ့လက်နှစ်ဖက်ဖြင့် အုပ်မိုး ဆုပ်ကိုင်ကာ ကျွမ်းကျွမ်းကျင်ကျင်ကို သင်ပေးပါတော့သည်။





သူမ တစ်ကိုယ်လုံးလည်း သူ့ရင်ခွင်တွင်းမှာ နှစ် မြုပ်လုမတတ်။ တစ်ချိတွင် မေ့ပြီး ဘရိတ်ကို ဆွဲအုပ်လိုက်ရာ ဆိုင်ကယ်က တုံ့ခနဲ ဖြစ်သွားပြီး သူက မြေကြီးပေါ် ခြေထောက်ဖြင့် လှမ်းထောက်လိုက်သဖြင့်သာ ဆိုင်ကယ်မမှောက်ခြင်းပင်။ ခခ ကြောက်ပြီး ငြိမ်သက်သွားသဖြင့် သူက သူမပခုံးကိုကိုင်လှုပ်ကာ ...

"ကလေး ကြောက်သွားတာလား၊ မကြောက်ပါနဲ့၊ ဘာမှ မဖြစ်ဘူးနော်၊ အေးဆေးပဲ သိလား"

"အင်း"

သူက သူမပခုံးကို တစ်ချက်ဖျစ်ညှစ်လိုက်ပြီး ဆက် သင်ပေးသည်။ ထိုနေ့က နေမစောင်းခင်မှာပဲ ခခ တစ်ယောက် ကောင်းကောင်းစီးတတ်သွားသည်။ ဆိုင်ကယ်စီးသင်ရင်း မောလာ သည့်အခါမျိုးဆိုရင် ကိုစိုင်းက သစ်သီးဖျော်ရည် ဖျော်ပေးသည်။

သူမကို အရိပ်လိုကရုစိုက်နေသော ကိုစိုင်းကို အကဲ ခတ်နေသူကတော့ နန်းဝါ။ သက်ပြင်းတွေ အခါခါခိုးပြီးချနေမိတာ လည်း နန်းဝါပဲလေ။ ညနေ အိမ်ပြန်လာတော့ ခခက သူ့နောက် က လိုက်စီးပြီး နန်းဝါကတော့ သူမရဲ့ စူပါကပ်လေးနဲ့ တစ်ကိုယ် တည်းပေါ့။

www.burmeseclassic.com



နောက်နေ့ ကိုစိုင်း လာခေါ်တဲ့အချိန် နန်းဝါက အမေ နေမကောင်းသဖြင့် မလိုက်နိုင်။ ဒီနေ့မှ ပန်းမျိုးပင်လာ ဝယ်မည့်သူနှင့်လည်း ချိန်းထားပြီး ဖြစ်သဖြင့် မတတ်သာဘဲ နေခဲ့ရာက ခခ တစ်ယောက်တည်း ထည့်လိုက်သည်။

ခခကို မလိုက်ဖို့တားရင်လည်း ရမှာမဟုတ် ဆိုတော့ ဘာမှ မတတ်နိုင်ဘဲ ကျန်နေခဲ့ရခြင်းပင်။ ခခကတော့ ကိုစိုင်းရဲ့ ဒီတီဆိုင်ကယ်ကြီးနောက် ပါသွားပြီ။

"ဟင် … စူပါကက်ကို မယူသွားဘူး၊ ဘာနဲ့ သင်မှာလဲ မသိဘူး၊ စိတ်ညစ်ပါတယ်နော်"

နန်းဝါ တစ်ယောက် စိတ်ပျက်လက်ပျက် ရေရွတ်နေချိန် ကိုစိုင်းရဲ့ ခြံထဲမှာတော့ …

"ဟယ် … ဆိုင်ကယ်လေးက ချစ်ရာလေး"

"ဟုတ်တယ်၊ ကြိုက်လား"

"အင်း … ကြိုက်တယ်၊ ဘဲခေါင်းစိမ်းရောင်လေးနော်၊ မိုက်တယ်၊ ကိုစိုင်း ဒါဘယ်တုန်းက ဝယ်ထားတာလဲ"

"မနေ့ကပဲ"

"ဟင်"





"ဟုတ်တယ်၊ မနေ့က ခခတို့ကို လိုက်ပို့ပြီးတော့ ကိုယ့်သူငယ်ချင်းဆီ သွားတာ၊ အဲဒါ သူ့ညီမအတွက် ဝယ်လာတဲ့ဆိုင်ကယ်ကို အတင်းပြန်ဝယ်လာလိုက်တာလေ"

"ဘာလုပ်ဖို့လဲ … ကိုစိုင်းက ဒီစူပါကပ်လေးနဲ့ မလိုက်ပါဘူး"

"ကိုယ့်အတွက် မဟုတ်ဘူးလေ၊ ခခအတွက် ဝယ်လာတာ"

"တကယ် … ဘာလို့လဲ"

"ခခကို ဆိုင်ကယ်စီး သင်ပေးဖို့ပေါ့"

"နန်းဝါ ဆိုင်ကယ်နဲ့သင်လည်း ရတာပဲကို"

"ဪ … ဒီဆိုင်ကယ်လေးနဲ့ သင်ပေးချင်လို့ပေါ့"

"ဒီနေ့ တစ်ရက်ပဲ သင်ရတော့မှာကို"

"ခခ ရန်ကုန်မပြန်ခင် ဒီဆိုင်ကယ်လေးပဲစီးလေ၊ ပြန်ရင်လည်း ဒီဆိုင်ကယ်လေးကိုရော ကိုယ့်ခြံကိုရော သတိရနေအောင်လို့လေ"

"ဘယ်လို ကိုစိုင်း"

"ခခ ရင်ထဲမှာ ကိုယ်နဲ့ပတ်သက်တဲ့ အရာတစ်ခုခု ကျန်နေအောင်ကို သတိရနေအောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေအောက်မှာ ခခ ရင်ခုန်သွားသလိုပဲကွယ်။ ပြီးတော့ ဆိုင်ကယ်စီး သင်ပေးသည်။ မောလာရင် နားလိုက်ပြီး စားစရာတစ်ခုခု လုပ်ပေးသည်။ ကိုစိုင်း စားစရာသွားယူနေတုန်း ခခက ပန်းပင်တွေလိုက်ကြည့်နေသည်။

"ပန်း ကြိုက်လား"

"ဒီလို သစ်ခွတွေထက် နှင်းဆီလိုမွှေးတဲ့ပန်းကို ပိုကြိုက်တယ်"

"အဆင်းထက် အချင်းကို မိန့်စ်သက်တယ် ဆိုပါတော့"

"ဘယ်လိုပြောရမလဲ၊ သစ်ခွဆိုတာ အသည်းနှလုံးမရှိတဲ့ အတ္တသမားနဲ့တူတယ်၊ သူတွယ်ကပ်ထားဖို့ပဲ သိတယ်၊ သူ့ဘဝမှာ ခေါင်းမော့ ရင်ကော့ပြီး လှပအောင်နေဖို့အတွက် တစ်ခုခုကို တွယ်ကပ်ကျားကန်ထားတတ်တဲ့ ကိုယ်ပိုင် အရည်အချင်း မရှိတဲ့ ပန်းမျိုးပဲ၊ သူဟာ သူ့ရဲ့ပတ်ဝန်း ကျင်အတွက်လည်း ဘာမှပြန်ပေးတာမျိုး မဟုတ်ဘူး၊ ပန်းဖြစ်ပြီး ရနံ့လေးတောင် မရှိတဲ့ပန်းမျိုး၊ အသုံးမကျတဲ့ ပန်းမျိုး"

"ဟီတ် ... ပျစ်ပျစ်နှစ်နှစ်ကို ဝေဖန်နေတာပါလား"





"ဟုတ်တယ်၊ ခခ သစ်ခွ မကြိုက်ဘူး"

"ဒါဆိုရင် ခရေပန်း ကြိုက်ပုံရတယ်"

"ဟင့်အင်း၊ မကြိုက်ဘူး"

"ဟောဗျာ ... ခရေပန်းက မွှေးတယ်လေ၊ ဘာလို့မကြိုက် ပြန်ရတာတုန်း"

"ခရေပန်းကျတော့လည်း ကိုယ့်ဘာသာ ပင်စည်ခိုင်ခိုင် မတ်မတ်နဲ့ အခြေလည်းခိုင်တယ်၊ အရိပ်အာဝါသလည်း ပေးထားသေးတယ်၊ မွှေးရနံ့ကလည်း သင်းပျံ့နေတာပဲ"

"အေးလေ"

"ဒါပေမဲ့ ကိုယ့်ဘဝကိုယ့်အခြေနဲ့မှ မလိုက်၊ အမြင့်မှာ သင့်တော်သလို မနေချင်ဘဲ မခွတ်ခင်က ကြွေနေပြီ၊ မာနမရှိတဲ့ပန်းမျိုး၊ ဘယ်လိုပြောရမလဲ၊ မာနမရှိတာထက် သိပ်ပေါလွန်းတယ်လို့ ထင်တယ်၊ မကြိုက်ဘူး"

"ညည်းလေးနဲ့မှ အဖူးအခွာန်းတွေချည်းပဲ ကြားနေရတယ်"

"ဟုတ်တယ်၊ လူဆိုတာတော့ ကိုယ့်ခံယူချက်နဲ့ ကိုယ်ပဲ လေ"

"ဒါဆို ဘာပန်းကြိုက်လဲ၊ ပြောကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ ကြိုက်တယ်လေ၊ သူ့အပင် သေးပေမယ့် သူ့ဘာသာသူ ထောင်မတ်နိုင်တယ်၊ ပြီးတော့ သူ့ကို အလွယ်တကူ ခူးယူလို့လည်း မရဘူးလေ၊ သူ့ကို ဆူးတွေနဲ့ ကာထားတယ်၊ ဆူးတွေသာ ကာမထားရင် သူ့ကို အလွယ်တကူ ဆွတ်ယူကြမှာ"

"အင်း"

"ပြီးတော့ ကံ့ကော်"

"ကံ့ကော်ကရော ဘာကြောင့် ကြိုက်ရတာလဲ"

"တူ တူ တူ တူ"

ထိုအချိန်မှာပဲ သူမ ဟန်းဒ်ဖုန်းက မြည်လာသည်။

"ဟဲလို မေမေ"

"ခခ ဘယ်ရောက်နေတာလဲ"

"မီး အပြင်မှာ ပန်းပင်တွေ ကြည့်နေတာ မေမေ"

"ခခရယ်၊ နေက ခေါင်းပေါ်ရောက်နေတာ၊ အိမ်ထဲဝင်၊ ဖျားနာနေတော့မှာပဲ"

"တောင်ကြီးနေက ရန်ကုန်လောက် မပြင်းပါဘူး မေမေရဲ့၊ နေသာရုံလေးပါပဲ"





"ဆင်ခြေမတက်နဲ့ ခခ၊ အထဲဝင်ဆိုဝင်၊ မဖြစ်ပါဘူး၊ ခခ ဒီလို အနေအထိုင် မဆင်ခြင်တော့ ပြန်ခေါ်တော့မှပဲ"

"အာ ... မေမေကလည်း၊ မီးလေး မမေ့စကား နာထောင်ပါတယ်ကွ"

"နန်းဝါရော"

"နန်းဝါ အပြင်သွားတယ်"

ပြောပြီး သူမလေးက လျှာတစ်လစ် ဖြစ်သွားသဖြင့် သူ သဘောကျသွားသည်။

"မေမေရယ်၊ စိတ်ချပါ၊ ပြန်လာမှာပေါ့၊ မီးလေးက နောက်ဆို သွားလို့မရတော့ဘူးလေ၊ တစ်ခါတလေလေးပါ"

"အင်း ... တစ်ခါတလေကလည်း တစ်ခါဆိုရင် ဆိုသလောက်ပဲနော်"

"မေမေကလည်း"

"မအေကတော့ သတိရလို့"

"ဟုတ်ကဲ့ပါ"

"ပြန်လာတော့ မီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခအလောက်ပဲ နေတော့မှာပါ မေမေရဲ့၊ ပြန်လာတော့မှာ ပါ၊ နော် ... မေမေ နော်"

"မီးလေးကလေ မအေကို မခင်တွယ်ဘူး"

ခခ ဘာမှမပြောဘဲ ငြိမ်နေတော့ ...

"အေးလေ ... အသံက မထွက်တော့ဘူး၊ ဒါပဲ ... ဒါပဲ၊ လိမ်လိမ်မာမာနေ၊ ကျန်းမာရေး ဂရုစိုက်၊ တစ်ပတ်တစ်ခါ ဆေးစစ်ဖို့လည်း မမေ့နဲ့နော်"

"ဟုတ်ကဲ့ပါ မေမေရဲ့၊ ဒါပဲနော်"

ဖုန်းကိုပိတ်လိုက်ပြီး အိတ်ကပ်ထဲ ထည့်လိုက်ကာ ကိုစိုင်းဘက် လှည့်လိုက်တော့ သူမကို စိုက်ကြည့်နေသဖြင့် ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။

"ဟို ... ဒီအရှပ်ပွင့်လေးက လှတယ်နော်"

"ပြောတော့၊ သစ်ခွ မကြိုက်ဘူးဆို"

"မကြိုက်ဘူးဆိုတာ ဟုတ်တယ်လေ၊ ကြိုက်တယ်လို့ ပြောတာမှ မဟုတ်တာ၊ လှတယ်လို့ပဲ ပြောတာ"

"အေးပါကွာ၊ ဟဲ ဟဲ"

"ကိုစိုင်းနော်"





ခြေဆောင့်ပြီး နှုတ်ခမ်းစူသွားပုံလေးကို ငေးကြည့်နေမိသည်။

"ကလေး ပြန်တော့မှာလား"

"ဟင်"

"ဩော် ... ရန်ကုန်ကို ပြောတာပါ၊ ရန်ကုန်ကို ပြန်တော့မှာလားလို့"

"မပြန်သေးပါဘူး၊ ခခ ဒီမှာ ပျော်နေသေးတယ်၊ ပြန်ချင်သေးဘူး"

"တောင်ကြီးမြို့ကို ချစ်တယ်ပေါ့၊ ဒီမှာ အပြီးမနေချင်ဘူးလား"

"ခခ ဘ၀က စိတ်သွားတိုင်း ကိုယ်မပါပါဘူး ကိုစိုင်းရယ်"

"ဘာဖြစ်လို့လဲ၊ ဩော် ... ဆောရီးနော်၊ ကိုယ် စပ်စုသလို ဖြစ်သွားတယ်"

"ရပါတယ်"

ထို့နောက် ခခက ဆိုင်ကယ်ပေါ်တက်ကာ သူ့ဘာသာ မောင်းထွက်သွားသည်။ ဖြည်းဖြည်းလေး စီးသွားပုံလေးက အသည်းယားစရာ။ ပြီးတော့ ခြံကို တစ်ပတ်ပတ်ပြီး သူ့နားပြန် ရောက်လာကာ ဆိုင်ကယ်ကို စက်သတ်လိုက်ပြီး ဆင်းလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်း"

"ပြော"

"နောက်ဘက်မှာ မြင်းညိုကြီးတစ်ကောင် တွေ့ခဲ့တယ်၊ အဲဒါ ကိုစိုင်း မြင်းလား"

"ဟုတ်တယ်"

"စီးချင်တယ်"

"ဟာ"

"ဘာဖြစ်တာလဲ"

"မစီးပါနဲ့၊ အဲဒီကောင်က လူစိမ်းကပ်လို့ မရဘူး"

"ဟာ ... အဲဒါ ကိုစိုင်း ညစ်တာပါကွာ၊ ရမှာပါ"

"မရပါဘူးဆို"

"ကိုစိုင်းပါရင် ရမှာပါ"

"ကိုယ်က မစီးစေချင်ဘူးလေ"

"ဟင် ... စီးချင်တယ်၊ ကိုစိုင်း ပေးမစီးချင်လို့ပါ၊ မစီးစေချင်လို့ပါကွာ"

"ကဲ ... ကိုယ်က မြင်းကို အထွတ်အမြတ် ထားလို့ပါကွာ၊ ကိုယ်ပြောချင်တာက ဘယ်လို ပြောရမလဲ ..."



"ဘယ်လိုမှ မပြောနဲ့တော့၊ သူ့မြင်းကို ကပ်စေးနှဲတာက နှဲတာပဲ၊ ခကို မခင်လို့လား"

"ခင်တာပေါ့ ညီမလေးရဲ့၊ မခင်ရင် ဒီလိုဘယ်လုပ်ပေးမှာလဲ"

"မသိဘူး၊ ကိုစိုင်း ဘာပြောပြော နားမဝင်ဘူး၊ စီးချင်တာပဲ သိတယ်"

"ဟင်း"

"သူ့မြင်းကလေးကို ကပ်စေးနှဲနေတယ်"

ရုပ်ပုပ်နဲ့ သူမမျက်နှာလေးကို ကြည့်ပြီး သူ့စိတ်ချမ်းသာတော့။

"ကဲ ... လာ"

"လာဘူး"

"မြင်းစီးမယ်ဆို"

"တကယ်လား"

ချက်ချင်း ပြုံးမြသွားသော မျက်နှာလေးဟာ သူ့နှင်ထဲကို စမ်းချောင်းတစ်ခု ဖြတ်စီးသွားသလိုပဲလေ၊ ဒီလိုနဲ့ပဲ သူတော့ ရှုံးမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မြင်းညိုကြီးဟာ လူစိမ်းနဲ့ ရတာမို့ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ သူ အသာလေး တစ်ချက် နှစ်ချက် ပွတ်သပ်ပေးပြီးမှ ငြိမ်သွားသည်။

"ကဲ ... လာ"

"ကြောက်တယ်"

"မကြောက်ပါနဲ့ ကိုယ် ရှိတယ်၊ ဘာမှမဖြစ်စေရဘူး"

ပြောပြီး သူမကိုယ်လေးကို မြင်းပေါ်တင်ပေးလိုက်ကာ သူလည်း မြင်းပေါ်ခုန်တက်လိုက်သည်။ ခခ ကိုယ်လေးက အလိုလိုပင် သူ့ရင်ခွင်တွင်း ရောက်သွားသည်။

သူက မြင်းကို ဖက်ကုန်ဖွင့်ပြီး အရှိန်ဖြင့် နှင်လိုက်သည်။ ထိန်းချုပ်မရသော သူ့စိတ်တွေကို ထွက်ပေါက်ပေးလိုက်တာပင်။ ခခက ကြောက်ပြီး သူ့လက်မောင်းကို ဖက်တွယ်ထားသည်။ ပြီးတော့ ...

"ကိုစိုင်း ပျော်စရာကြီးနော်"

"ကလေးရယ်"

သူ့စိတ်တွေ ထိန်းချုပ်မဲ့စွာ သူမဆံပင်လေးတွေကို ဖိကပ်နမ်းရှိုက်မိလိုက်သည်။





"ဟင့်အင်း"

သူမကိုယ်လေးကို လက်တစ်ဖက်ဖြင့် ခပ်တင်းတင်း ဖက်ထားမိသည်။

"ဆင်းတော့မယ်၊ တော်ပြီ၊ မစီးတော့ဘူး ဆင်းမယ်"

သူက မြင်းကိုရပ်ပေးပြီး သူမကို မြင်းပေါ်မှချပေးသည်။ ပြီးတော့ မြင်းသွားသိမ်းနေတုန်း ခခက သူမပိုက်ဆံအိတ်ကို သွားယူလိုက်ပြီး သူ့ခြံထဲမှ ထွက်လာခဲ့တော့သည်။

သူ မြင်းသိမ်းပြီး ရောက်လာတော့ သူမ မရှိတော့။ စာရွက်ပေါ်လေးပေါ်တက်ကာ ကမန်းကတန်း မောင်းထွက်လာသည်။ ဆောက်ဆတ် ဆောက်ဆတ်ဖြင့် လျှောက်သွားသော ကောင်မလေးကိုကြည့်ကာ သူ လန့်နေသည်။ အပြစ်လုပ်ထားသူကိုး။

"ကလေး ... လာ၊ ကိုယ်ပြန်လိုက်ပို့ပေးမယ်"

"လာဘူး"

"ကလေး ... စိတ်နောက်မှ ဆိုးကွာ၊ အခု ကိုယ်ပြန်ပို့ပေးမယ် ... လာ"

"မလာဘူး"

"ခခ"



www.burmeseclassic.com

www.burmeseclassic.com



"အော်ပြီ ကိုစိုင်း ... ကိုစိုင်းကို လူကြီးလူကောင်းလို့ အထင်ကြီးထားတာ၊ အလကားပဲ"

"ဟာကွာ ... မင်း"

"ဟုတ်တယ်လေ၊ ကိုစိုင်း လုပ်ပုံက ခကို စော်ကားရာ မကျဘူးလား"

"တော်ပါတော့ကွာ၊ ကလေးကို ကိုယ်လိုက်ပို့ပေးမယ် လာပါကွာ၊ ဒီလိုမှ မဟုတ်ရင် ကလေး ကိုယ့်ကို တင်စီးလေ"

"တကယ်လား"

"အင်း"

ဖြစ်ပျက်ထားသမျှ မေ့သွားပုံရိုးဖြင့် ဆိုင်ကယ်နားဗွေ့ခနဲ ရောက်လာသော သူငယ်မကို ကြည့်ပြီး သူ ပြုံးမိသွားကာ ဆိုင်ကယ်ပေါ်မှ ဆင်းပေးလိုက်သည်။ သူမက မောင်းသူနေရာတွင် ဝင်ထိုင်လိုက်ပြီး သူက သူမနောက်မှ တက်ထိုင်လိုက်သည်။

သူမရဲ့ဆံမျှင်တွေက ဆိုင်ကယ်စီးဦးထုပ်အောက်ကနေ သူ့ဆီကို လွင့်ဝဲလာသည်။ လမ်းထိပ်ရောက်တော့ လမ်းဘက်မှ ရုတ်တရက် ကွေ့ဆင်းလာသော ထော်လာဂျီတစ်စီးကြောင့်





သူမလန့်ကာ ဆိုင်ကယ်ကို လမ်းဘေးကို ကွေ့ချလိုက်သည်။ လမ်းဘေးမှာက အုတ်တံတိုင်း ချယ်ရီပင်တွေကလည်း စီနေသည်။

"အား"

သူ အမြန်ပင် ဆိုင်ကယ်လက်ကိုင်ကို လှမ်းထိန်းလိုက်ပြီး သူမ ခြေထောက်ကို ခြေထိုးဖယ်လိုက်ပြီး ဘရိတ်ပါအုပ်လိုက်သည်။ ဆိုင်ကယ်က အုတ်တံတိုင်းနှင့် တစ်ထွာခန့်မှာ ရပ်သွားသည်။

မျက်လုံးပြူးလေးဖြင့် သူ့ကို မော့ကြည့်နေသော မျက်နှာလေး။ သူ့မျက်နှာက ဝင်းမွတ်နေသော မျက်နှာနုနုလေးဆီသို့ ငုံ့ကျသွားသည်။ ဝင်သက်တရှိုက်က လှိုက်ခနဲ ငြိမ်းအေးသွားသည်။ သူမကိုယ်လေးကို ခပ်တင်းတင်း သိုင်းဖယ်လိုက်မိသည်။ ပြီးတော့ နှုတ်ကလည်း ဗလုံးဗထွေးဖြင့် ...

"သိပ်ချစ်တယ် ခရယ်၊ ကိုကို ခကို အရမ်းချစ်နေပြီ၊ စတွေ့ကတည်းက ချစ်သွားတာ၊ ကိုကို ဘယ်လိုလုပ်ရမလဲ ခရယ် ... ဟင်"

"ကိုစိုင်း"

"ခလေး"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရအောင်"

"ဟင့်အင်း ... ကိုကို့ကို ချစ်တယ်လို့ပြောမှ"

"ဟင့်အင်း"

"ဒါဆို ပြန်မပို့ဘူးနော်"

"ကိုစိုင်း"

သူမ ကိုယ်လေးက သူ့ရင်ခွင်ထဲ နစ်သည်ထက် နစ်သွားပြီး သူ့နှုတ်ခမ်းရဲ့ နွေးထွေးရှိန်းမြမှုကိုလည်း သူမရဲ့လည်တိုင်နုနုမှတစ်ဆင့် ခံစားလိုက်ရသည်။ ခခ ရင်ခုန်လာပါပြီ။ ပြီးတော့ သူ့ရဲ့ညှို့ငင်နေသော အချစ်တွေရဲ့ ကွန်ယက်ထဲမှာလည်း ငြိတွယ်စွာပေါ့။

"ချစ်တယ် ကလေးရယ်"

"ကိုစိုင်း"

သူမ အသံလေး က ငိုသံပါလာသည်မို့ သူ ဖြေလျှော့ပေးလိုက်သည်။

သူမ ပခုံးတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်က

"ကိုယ့်ကို ချစ်လား"

"ဟင့်အင်း ... ခခ မပြောချင်ဘူး"





"စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောလိုက်လေ"

"ဟင့်အင်း ... မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မပြောချင်ဘူး ကိုစိုင်းရယ်၊ မမေးပါနဲ့"

"ဒါဆို ကိုယ်က ဘယ်လိုလုပ်ရမှာလဲ၊ ကိုယ် ခခကို အရမ်းချစ်မိနေပြီလေ၊ ကိုယ့်အချစ်တွေကို ဥပေက္ခာပြုထားတော့မှာလား"

"ယုံတမ်းစကားတွေပေါ့နော်"

"သက်သေပြရဦးမှာလား၊ လက်တွေ့သက်သေပြမှ ယုံမှာလား"

"ဟုတ်တယ်၊ ခခကို တကယ်ချစ်ရင် ကိုစိုင်းရဲ့ အချစ်တွေကို ရုပ်သိမ်းပြီး ခခကို ညီမလေးတစ်ယောက်လို ပြုစုစွာ သဘောထားပြလေ"

"ဒါက မဖြစ်နိုင်ဘူးလေ၊ ကိုယ်က ချစ်နေပါတယ်ဆိုမှ ဘယ်လိုလုပ်ပြီး ညီမလေးတစ်ယောက်လို သဘောထားလို့ ရမှာလဲ"

"ဒါဆို ခခကို ဘာကြောင့်မချစ်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြီးလဲကွာ၊ တခြားနည်းနဲ့ သက်သေပြခိုင်းပါလား၊ ကိုယ်က ချစ်ပါတယ်ဆိုမှ မချစ်ပါနဲ့လို့။ နှိပ်စက်သလို ဖြစ်မနေဘူးလား"

"အို ... ကိုစိုင်း တကယ်ချစ်တယ်ဆိုရင် ခခ ပြောသလို လုပ်နိုင်ရမှာပေါ့"

"အဲလိုလုပ်ပြမှ ကိုယ် ချစ်တယ်ဆိုတာ ယုံကြည်နိုင်မယ်ပေါ့"

"အင်း"

"ယုံကြည်လာတဲ့တစ်နေ့ ရောက်ရင် ကိုယ့်ကို ပြန်ချစ်မှာလား"

"စဉ်းစားမှာပေါ့"

"သေပါပြီကွာ၊ စဉ်းစားတဲ့အဆင့်ပဲ ရှိသေးတယ်၊ မိုင်းနပ်စ် ထွက်နိုင်သေးတယ်ပေါ့"

"အဟင်း ဟင်း ... ကိုစိုင်းကလည်း၊ ကဲပါ ... အရင်ဆုံး ခခ ယုံကြည်အောင် သက်သေပြလေ၊ ဘယ်လိုလဲ"

"ကလေး သဘောပဲကွာ"

"ဒါဆိုရင် အခု ခခကို ပြန်ပို့ပေးတော့"





"ကိုယ့်နောက်ကပဲ လိုက်စီးလိုက်တော့"

"အင်း"

ဆိုင်ကယ်စပြီး ထွက်လာတော့ ...

"ကျေးဇူးပြုပြီး ခါးကို ဖက်ထားပေးလို့ ရမလား"

"မရပါဘူးရှင်"

"အဟွန်း"

သူမ လက်ကလေးက သူ့ခါးပေါ် ခပ်ဖွဖွရောက်လာသည်။

"ကိုစိုင်း"

"အင်း"

"ခခ ယုံအောင် သက်သေပြပေးနော်"

"ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



[illegible]

[illegible]

[illegible]

ခခ ရောက်တော့ နန်းဝါက မရှိ။ နန်းဝါ ပြန်လာတော့ အိမ်ရှေ့မှာ ရပ်ထားသော ဘဲခေါင်းစိမ်းရောင် စူပါကပ်ကလေးကိုကြည့်ကာ ...

"ဒါ ဘယ်သူ့ဆိုင်ကယ်ပါလိမ့်၊ ညှိသည် ရောက်နေလို့လား၊ ခခရေ ... ခခ ပြန်ရောက်ပြီလား"

"နန်းဝါ ဘယ်သွားနေတာလဲ"

"ဟိုဘက်ရပ်ကွက်မှာ ကြွေးသွားတောင်းတာ၊ ဒါ ဘယ်သူ့ဆိုင်ကယ်လဲ၊ ညှိသည် ရောက်နေလို့လား"

"ဟဲ ဟဲ ... အဲဒါ ခခ ဆိုင်ကယ်လေ"

"ဟင် ... ဝယ်လိုက်တာလား၊ ဘာလို့ ဝယ်လိုက်တာလဲ၊ နန်းဝါ ဆိုင်ကယ်ကို စီးလို့ရတာပဲကို"

"ကိုစိုင်းလေ သူဝယ်ထားတာ၊ ခခ ဒီမှာနေတုန်း စီးဖို့တဲ့၊ ရန်ကုန်ပြန်ရင် သူ့ကိုပြန်ပေးရမှာ"





"ခြော်"

နန်းဝါရဲ့ ခြော်က စိုးရိမ်မှုတွေ စွက်နေသည်။

"နန်းဝါ ဆိုင်ကယ် လျှောက်စီးကြည့်ရအောင်ကွာ၊ နန်းဝါက ခခနောက်က လိုက်စီးလေ"

"ညနေပိုင်းက ဒီဘက်မှာ လူနည်းနည်းရှုပ်တယ် ခခရဲ့၊ ဟိုဘက် ကျောင်းလမ်းဘက်မှာတော့ ရှင်းမယ်"

"အဲဒီဘက် သွားစီးမယ်လေ"

"နောက်ရက်မှ သွားပါ ခခရယ်၊ ဒီနေ့တော့ နားလိုက်ပါဦး ... နော်၊ တော်ကြာ ဖျားနာနေမှ ဒုက္ခ"

"အင်းနော်၊ တော်ပါပြီ၊ မနက်ဖြန်မှပဲ စီးတော့မယ်၊ ဟော ... ဟိုမှာ ပန်းဖောက်သည်တွေ လာနေပြီ"

"နန်းဝါ သွားလုပ်ပေးလိုက်ဦးမယ်"

"အိုးခေ"

"ခခ"

"ဟင်"

"ဘာမှ မဟုတ်တော့ပါဘူး၊ ညကျမှပဲ"

"ဘာလဲ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



နန်းဝါက ဖောက်သည်တွေဘက် ထွက်သွားသည်။ ခခက ဆိုင်ကယ်လေးကို ရှေ့ကကြည့်လိုက်၊ နောက်ကကြည့်လိုက်ဖြင့် သဘောကျနေမိသည်။ ပြီးတော့ ရင်ခုန်စရာတွေ ပေးသောလူကြီးကိုလည်း သတိရသွားသည်။

ခခထက် ဆယ်နှစ်ခန့် ကြီးပုံရသဖြင့် ထိုကိုစိုင်းဟာ အသက်တော့ သုံးဆယ်ကျော်လောက်ပြီ။ လူကြမ်းကြီး တစ်ယောက်လို ကြောက်စရာကောင်းသော ကိုစိုင်းကို စတွေ့ကာစက မနှစ်သက်သော်လည်း ခုတော့ ခင်တွယ်မိသလိုလိုပင်။ ခင်တွယ်မိရုံကရသေးသည်။ နှလုံးသားထဲ စွဲနင့်နေအောင် ချစ်မိသွားရင်တော့ ပြဿနာ။

ထို့ကြောင့် ကိုစိုင်းကို သက်သေဟု အကြောင်းပြကာ သူ့ရဲ့အချစ်တွေကို သိမ်းဆည်းခိုင်းထားလိုက်သည်။ ရင်ခုန်မိတဲ့ ကိုယ့်အဖြစ်၊ ပြီးတော့ ရင်ခုန်ခွင့်မရှိတော့တဲ့ ကိုယ့်အဖြစ်ကို ကိုယ်တိုင်သာ အသိဆုံးလေ။

"ကလေးပိစိလေး၊ တွေးနေတာလားဝေး"

"ဩော် ... အမေ၊ အေးတယ် အမေရဲ့ နေမကောင်းဘဲ ဘာလို့ ထွက်လာတာလဲ"

"ကောင်းပါပြီ ကလေးပိစိရဲ့၊ ခုနက ဘာတွေတွေးနေတာလဲဝေး"





"ဩော် ... မတွေးပါဘူး အမေရဲ့၊ ဆိုင်ကယ် ကြည့်နေတာပါ"

"ဘယ်သူ့ဆိုင်ကယ်လဲ"

"ကိုစိုင်းရဲ့ ဆိုင်ကယ်လေ၊ ခခကို ခဏငှားထားတာတဲ့"

"ဩော် ... ဒီမှာလည်း နန်းဝါရဲ့ဆိုင်ကယ် ရှိနေတာပဲ၊ စီးလို့ရပါတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူကလည်း အတင်းထားခဲ့တာလေ"

"အေးလေ ... ထားခဲ့တော့လည်း စီးပေါ့၊ ဒါပေမဲ့ သတိတော့ထားနော်၊ ဘာပဲဖြစ်ဖြစ် စက်ပစ္စည်းက အန္တရာယ်များတယ်"

"ဟုတ်ကဲ့ပါ အမေ၊ စိတ်ချပါ"

"ဟိတ် ... အမေ့ကို ဘာကပ်ချွဲနေတာလဲ"

"အံမယ် ... မချွဲပါဘူးနော်၊ ပြီးပြီလား"

"ပြီးပြီ၊ ထမင်း‌ ဝိုက်ကြစို့"

"ရေမချိုးတော့ဘူးလား နန်းဝါ၊ ရေနွေးတည်ထားတယ်၊ အညောင်းပြေ ချိုးလိုက်ဦး"

"အမေကလည်း ဘာလို့ လုပ်ထားရတာလဲ၊ သမီးဘာသာ တည်မှာပေါ့၊ နေမကောင်းတာ အေးအေးပဲ နေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ နန်းဝါတို့ကလည်း ငါ့ကို လူမမာကြီး ကျနေတာပဲ"

"စိတ်ပူလို့ပေါ့ အမေရဲ့"

"မပူပါနဲ့အေ၊ ကျုပ်က ဒေါင်ဒေါင်မြည်ပါ၊ ကဲ ... ညည်းသာ ရေသွားချိုး ... သွား၊ အအေးမိတယ် ကြားရဦးမယ်"

"ဟုတ် ... ခခရော ချိုးပြီးပြီလား"

"ပြီးပြီ"

"အေး ... ပြီးရင် ထမင်းစားမယ်၊ ပြီးရင် ..."

"ပြီးရင် ဘာလဲ"

"ပြီးတော့ သိမှာပေါ့လို့"

"သေလိုက်"

"မသေနိုင်သေးဘူး၊ ရေသွားချိုးလိုက်ဦးမယ်"

"သွားချိုးလေ"

နန်းဝါ ရေချိုးပြီးတော့ ထမင်းစားကြ။ ထမင်းစားရင်း စကားစမြည်ပြောပြီး အမေက စောစောပင် အိပ်ရာဝင်သွားသည်။

"ခခ"

"ဟင်"





"အခြေအနေ"

"ဘာအခြေအနေလဲ"

"မညစ်နဲ့လေကွာ"

"ဟင် ... ဘာလဲ၊ ခခမှ မသိတာ၊ ညနေတည်းက နန်းဝါ တစ်မျိုးဖြစ်နေတာ၊ ပြော ... ဘာလဲလို့"

"ကိုစိုင်းက ခခကို အရမ်းဂရုစိုက်တယ်၊ အဲဒါ Nomal (ပုံမှန်)တော့ မဟုတ်ဘူး"

"ပုံမှန်ပါပဲ"

"ပုံမှန်ပါပဲ ဆိုတဲ့ အသံကကို ပုံမှန်မဟုတ်ပါဘူးကွာ၊ အချင်းချင်းကို မလျှိုပါနဲ့"

"မလျှိုပါဘူး"

"ကဲ ... သူ့ဘက်က တစ်ခုခု ထူးခြားတယ်လို့ မထင်ဘူးလား၊ ယောကျ်ားလေး တစ်ယောက်က ကိုယ့်ကို ဘယ်လိုသဘောထားတယ် ဆိုတာကို အလိုလိုသိတဲ့ အတ္တတ်ပညာက မိန်းကလေးတိုင်း တတ်တဲ့အရာပဲလေ"

"ဟုတ်လား"

"ခခနော် ... ကဲ ပြောကွာ၊ ကိုစိုင်းက ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ စိတ်မဝင်စားဘူးကွာ၊ ကိုစိုင်းဘက်က ဘယ်လိုပဲဖြစ်ဖြစ် တို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သေချာတယ်၊ ကိုယ့်အကြောင်း ကိုယ်ပဲသိတာပါ နန်းဝါရယ်၊ တို့ဘက်က ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"သေချာတယ်ပေါ့"

"လုံးဝ sure ပဲ၊ ဒါပေမဲ့ ဘာကြောင့်လဲလို့တော့ မမေးပါနဲ့၊ တို့ မဖြေချင်ဘူး"

"အေးပါဟာ၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုစိုင်းကလည်း လူကောင်းတစ်ယောက်ပါ၊ သူ ကောင်းတယ် တော်တယ် ဆိုတဲ့ သတင်းတွေကတော့ မွှေးနေတာပဲ၊ ဒါပေမဲ့ ခခနဲ့ ပတ်သက်ရင်တော့ ငါ စိုးရိမ်တယ်"

"စိတ်ချပါကွယ်၊ နန်းဝါဘက်ကို နားလည်ပါတယ်၊ နန်းဝါက ခခကို တာဝန်ယူပြီး ခေါ်ခဲ့ပေးရတာ ဆိုတော့ စိတ်ပူမှာပေါ့၊ ခခ ကိုယ်တိုင်လည်း ဒီကိုလိုက်လာရတာ အချုပ်အချယ် အကန့်အသတ်တွေနဲ့ပါ နန်းဝါရယ်၊ ဒါပေမဲ့ ... ဒီကိုလိုက်လာခွင့်ရတဲ့ တစ်ခဏအတွက် အဲဒီအကန့်အသတ်တွေကို ခခ လက်ခံခဲ့ရတယ် ..."





"အဲဒီအတွက် အလျော်အစားက ခခ နှလုံးသား မဖြစ်ချင်ဘူး သိလား၊ ခခ ကိုစိုင်းကို မချစ်မိပါစေနဲ့လို့ ဆုတောင်းပြီး မချစ်မိအောင် ကြိုးစားဖို့ ဆုံးဖြတ်ထားတယ်"

မချစ်မိအောင် ကြိုးစားဖို့ ဆုံးဖြတ်ထားတယ် ဆိုတဲ့ စကားကို နန်းဝါ နားလည်လိုက်ပါသည်။

"ကိုစိုင်းနဲ့ မဆုံမိအောင် ကြိုးစားရင် ကောင်းမယ်နော်"

"ဟင့်အင်း ... ရှောင်စရာ မလိုပါဘူး နန်းဝါရယ်၊ ကိုစိုင်းကို ခခ ပြောထားတယ်၊ ခခကို ချစ်ရင် 'ညီမလေးတစ်ယောက်လို ဖြူစင်စွာ ဆက်ဆံခြင်းဖြင့် သက်သေပြပေးပါလို့"

"ရနိုင်မှာတဲ့လား"

"ခခကို ချစ်ရင် ရအောင်လုပ်ပြပေါ့"

"မချစ်မှ ရအောင်လုပ်လို့ရမှာ၊ ချစ်နေတဲ့သူကို မချစ်ပါနဲ့ ဆိုပြီး တားတာက ပိုပြီး နှိပ်စက်ရာကျတယ်၊ အဲလိုလုပ်မှ ပိုပြီး ပေါက်ကွဲလာတတ်တယ်"

"အဲဒါဆို ခခ ဘာလုပ်ရမှာလဲ"

"ခခ ကိုစိုင်းကို ရှောင်နေလိုက်ပေါ့"

"ဒါဆို ဘူ ခံစားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ ခံစားရမှာလား၊ ခခ ခံစားရမှာလား"

"ဟင်"

"ဟုတ်တယ်၊ သူ ခံစားရမှာလား၊ ခခ ခံစားရမှာလား သေချာ စဉ်းစားကြည့်ဦးလေ"

"ဟင့်အင်း ... ခခ သူ့ကို မချစ်ပါဘူး"

"ဘာလို့ ငြင်းနေရတာလဲ၊ ခခသာ ကိုစိုင်းကို စိတ်မဝင်စားရင် ကိုစိုင်းဘက်က ဘယ်လိုပဲဖြစ်ဖြစ် ခခ အနေသာကြီးလေ၊ ကျောင်းမှာဆိုလည်း ခခကို စိတ်ဝင်စားတဲ့ကောင်လေးတွေ အများကြီးပဲလေ၊ သူတို့ကို ခခ စိတ်ဝင်စားခဲ့လို့လား၊ ခခ စိတ်ထဲမှာ သူတို့ရှိခဲ့လို့လား၊ သူတို့ ခံစားရမှာကိုရော စိုးရိမ်ပေးခဲ့ဖူးလို့လား"

"နန်းဝါ"

"ခခ သူ့ကို ချစ်မိသွားလား မသိဘူးနော်၊ ခခ သူ့ကိုချစ်လို့ မဖြစ်ဘူး နန်းဝါရဲ့၊ ဟင့်အင်း ... ခခ သူ့ကိုမချစ်ဘူး"

"ခခရယ် ... အချစ်ဆိုတာ မျိုသိပ်ထားလို့ ရတယ်၊ မချစ်ဘူးလို့ ငြင်းဆန်နေသရွေ့ အဲဒီအချစ်တွေက နှလုံးသားမှာ အုံကြွပေါက်ကွဲနေမှာပဲလေ၊ ချစ်စရာရှိတာ ချစ်လိုက်စမ်းပါ၊ အပြင်ကိုထုတ်ပြီး ချစ်လို့မရရင် ရင်ဘတ်ထဲမှာ





စိတ်ကြိုက်ချစ်လိုက်စမ်းပါ၊ အဲလိုမှ မဟုတ်ရင် ခခ ပိုပြီး ခံစားရလိမ့်မယ်"

"နန်းဝါ ကြည့်ရတာ ချစ်ဖူးသလိုပဲ"

"အဟင်း"

"ပြော ... နန်းဝါမှာ ဖောက်လမ်း ရှိခဲ့ဖူးလား"

"အဟင်း"

"ဟိုတ် ... ရယ်နေပုံထောက်ရင် ရှိခဲ့တယ်ပေါ့လေ"

"ရယ်တာ မဟုတ်ဘူး သူငယ်ချင်းရယ်၊ ကိုယ် ငိုနေတာပါ၊ နန်းဝါ ငိုနေခဲ့တာ သုံးနှစ်ကျော်လောက် ရှိခဲ့ပြီ"

"ဟင်"

"ဟုတ်တယ်၊ နန်းဝါမှာ အသက်နဲ့ထပ်တူ ချစ်ခဲ့ဖူးတဲ့ ချစ်သူတစ်ယောက် ရှိခဲ့တယ်၊ သူက နန်းဝါထက် သုံးနှစ်လောက် ကြီးတယ်၊ ပြီးတော့ နန်းဝါတို့ထက်လည်း ပိုပြီး ချမ်းသာတယ် ...

"သူနဲ့ နန်းဝါ စတွေ့တဲ့ အချိန်တည်းက သူ့မှာ လူကြီးချင်း သဘောတူထားတဲ့သူက ရှိပြီးသား၊ ဒါပေမဲ့ သူက မထိန်းချုပ်နိုင်ဘဲ နန်းဝါကို ချစ်ခွင့်ပန်ခဲ့တယ်။ သူ့မှာ အဲလို လူကြီးတွေ သဘောတူထားတဲ့သူ ရှိတယ်လို့လည်း ဖွင့်ပြောခဲ့တာပဲ ။



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝါတို့ အချစ်ကို မသိမ်းဆည်းနိုင်ကြဘဲ နှောင်ဖြစ်လာမယ့် ပြဿနာကို ရင်ဆိုင်လိုက်ဖို့ ဆုံးဖြတ်ပြီး ရှေ့ဆက်တိုးခဲ့ကြတယ်။ အဲဒါ နန်းဝါဘက်က တော်တော်အောက်ပါတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ချစ်တာကိုး"

နန်းဝါက စကားကို ခဏရပ်ပြီး ညအမှောင်ထဲကို စူးစိုက်ကြည့်နေသည်။ ကောင်းကင်ပေါ်မှာ ခုံးမျက်စက တစ်စွန်းတစ်စ။

"သူရော အခု ဘယ်မှာလဲ"

"သူ လက်ထပ်သွားပြီ"

"ဟင်"

"ဟုတ်တယ်၊ သူ့အိမ်က သဘောတူထားတဲ့သူနဲ့ပဲ လက်ထပ်သွားပြီလေ၊ သူ ကျောင်းပြီးလို့ သူ့အိမ်ရဲ့ လုပ်ငန်းခွင်တွေထဲ ဝင်လုပ်တယ်၊ ပြီးတော့ သူလည်း လုပ်ငန်းအတွေ့အကြုံတွေရတဲ့ လုပ်တတ် ကိုင်တတ်တဲ့ အချိန်လောက်ရောက်ရင် နန်းဝါလည်း ကျောင်းပြီးလောက်ပြီ၊ အဲဒီအချိန်ကျရင် နန်းဝါကို သူ လက်ထပ်မယ်ပေါ့၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သွားလဲဟင်၊ ခခ သိချင်လိုက်တာ"





"သို့ အိမ်က သူနဲ့ နန်းဝါရဲ့အကြောင်းကို သိသွားတယ်။ အဲတော့ သူတို့သဘောတူထားတဲ့သူနဲ့ အမြန်ဆုံး စီစဉ်ကြတာပေါ့"

"အဲဒါ သူက ယူလိုက်ရောလား၊ မမိုက်ပါဘူးကွာ"

"ဟင့်အင်း ... သူက လက်မခံဘူးလေ၊ သူ့အိမ်ကစီစဉ်တာနဲ့ သူက ချက်ချင်း နန်းဝါကို လက်ထပ်ခွင့်တောင်းတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ နန်းဝါက ပထမနှစ်ပဲရှိသေးတယ်၊ အိမ်ထောင်တစ်ခုကို မတည်ဆောက်ရဲသေးဘူး ...

"ပြီးတော့ အမေကလည်း အဲဒီနှစ်က လေးဘက်နာက တော်တော်ဆိုးနေတဲ့အချိန်၊ နန်းဝါ သူနဲ့လက်ထပ်လိုက်ရင် အမေ့အတွက် အဆင်မပြေဘူး၊ နန်းဝါအတွက်လည်း အဆင်ပြေမှာ မဟုတ်ဘူး ...

"ပြီးတော့ သူ့အတွက်လည်း အဆင်မပြေဘူး၊ သူ နန်းဝါကို ယူရင် သူ့ကို သူ့အိမ်က စွန့်လွှတ်လိုက်ကြလိမ့်မယ်။ သူကိုယ်တိုင်လည်း ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့ဆိုတော့ ဒုက္ခရောက်မှာပဲ၊ ဘယ်ဘက်ကမှ အဆင်မပြေမယ့် အတူတူ နန်းဝါ သူ့ကို စွန့်လွှတ်လိုက်တယ်"

"ဟင် ... နန်းဝါကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခခရဲ့၊ သူ့မှာ သဘောတူထားတဲ့သူ ရှိတယ် ဆိုတာလည်း နန်းဝါတို့ အစောကြီးကတည်းက သိထားပြီးသားပဲလေ၊ တကယ်တမ်း ရင်ဆိုင်လာရပြီ ဆိုတော့လည်း ခံနိုင်ရည်ရှိအောင် ကြိုးစားရတာပေါ့ ...

"ဒါပေမဲ့ နန်းဝါ အဲလို ဆုံးဖြတ်လိုက်ရတဲ့အတွက် နောင်တမရဘူး၊ ခုဆို နန်းဝါလည်း ကိုယ့်ဘဝနဲ့ကိုယ် အဆင်ပြေနေတာပဲလေ၊ ပြီးတော့ သူလည်း အဆင်ပြေနေတယ်၊ ခုဆို သူ သားလေးတစ်ယောက်တောင် ရနေပြီ ပြီးတော့ စီးပွားရေးတွေလည်း အားလုံး အဆင်ပြေ ဆိုတော့ ပြည်ပြည့်နဲ့ နန်းဝါတို့ မမှားပါဘူးလေ"

"နန်းဝါရယ် ... သူ အခု ဘယ်မှာလဲ"

"ဒီတောင်ကြီးမှာပဲလေ"

"နန်းဝါတို့ မတွေ့ဖြစ်ကြဘူးလား၊ တစ်မြို့တည်းဆိုတော့ လေ"

"ရှောင်တယ်လေ၊ သူ ရှိနိုင်မယ့်နေရာမျိုးကို ရှောင်တယ် သူကလည်း ရှောင်တာပဲ၊ ပထမတုန်းကဆို သူက နန်းဝါကို စိတ်ဆိုးတာပေါ့၊ နောက်မှသာ နန်းဝါကို သူ နားလည်သွားတာ"





"နန်းဝါရယ်"

"ပြီးတော့ သူက နန်းဝါကို အရင်တွေ့ရင်လည်း ရှောင်ပေးသွားတာပါပဲ။ သူ့ကို နန်းဝါ အရင်တွေ့ရင်လည်း နန်းဝါက ရှောင်လိုက်တာပဲ၊ ရင်ခံတယ်ကွာ၊ မျက်နှာချင်းဆိုင် ဆုံရင်လည်း ဘာမှအကြောင်းထူးလာမှာမှ မဟုတ်ဘဲ၊ ကိုယ်ပဲ ခံစားရမယ်၊ သူ့မှာမှ မိသားစုနဲ့ စည်းစည်းလုံးလုံးနေရသေးတာ ...

နန်းဝါက ပိုပြီးခံစားရမှာလေ၊ အဲဒီတော့ သူ့ဘက်ကလည်း ညာတာတဲ့အနေနဲ့ ရှောင်ပေးပါတယ်၊ မျက်နှာချင်းဆိုင် ပက်ပင်း တွေ့ရင်တောင် မျက်နှာလွှဲထားလိုက်တယ်"

"နန်းဝါရယ်"

"အဲဒါကြောင့် ခခကို ပြောတာ၊ ချစ်ချင်ရင် ချစ်လိုက်၊ ပြီးရင် ဖြစ်သင့်တာကိုပဲ ဆုံးဖြတ်၊ အချစ်ကို မျိုသိပ်ပြီး ရင်ကွဲခံမယ့်အစား ချစ်သူကို ချစ်ခွင့်ရသလောက် ချစ်လိုက်ရတာ ပိုပြီးတန်ပါတယ်"

"ဒါပေမဲ့ ခခ ဆိုရင် နန်းဝါလောက် စိတ်နိုင်ပါ့မလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထင်လို့ပါကွယ်၊ တို့ အခုချိန်အထိ ခံစားနေရတုန်းပါပဲ၊ ဒါပေမဲ့ တို့ ဝမ်းမနည်းပါဘူး၊ တို့ ရွေးခဲ့တဲ့လမ်းက မှန်နေတာပဲလေ"

"ဟုတ်တယ်နော်၊ နန်းဝါ တော်တယ်"

"ခခ ... ကိုစိုင်းကို ချစ်လား"

"ဟင့်အင်း"

"မချစ်ရင်တော့ အကောင်းဆုံးပဲပေါ့"

"မသိဘူး၊ ခခ သူ့ကို ချစ်လား မချစ်လား မသိဘူး၊ ဒါပေမဲ့ နန်းဝါ ပြောသလိုပေါ့၊ ခခ သူ စိတ်ဆင်းရဲမှာ စိုးရိမ်မိတယ်၊ ပြီးတော့ သူ့အနားမှာ နေရတာ ပျော်နေတယ်"

"ထားပါတော့၊ တကယ်လို့ ခခ သူ့ကိုချစ်မိသွားပြီ ဆိုပါတော့၊ ဖြစ်နိုင်မလား၊ ခခတို့ ရှေ့ရေးက ဖြစ်နိုင်မလား"

"လုံးဝကို မဖြစ်နိုင်ပါဘူး နန်းဝါရယ်"

"အေးလေ ... ခခ ဘယ်လိုပဲ ဆုံးဖြတ်မိပါစေ၊ လုံးဝမဖြစ်နိုင်ဘူး ဆိုတာလေးကိုတော့ မေ့မထားနဲ့ပေါ့ကွာ၊ ကဲ ... အိပ်ငိုက်လာပြီ အိပ်တော့မယ်"

"တကယ် အိပ်ချင်တာရော ဟုတ်ရဲ့လား"





"အခိကကတော့ အိပ်ရာထဲခွင် နှဖူးပေါ် လက်တင်ပြီး တွေးနေချင်တာ"

"တွေးပါ ... တွေးပါ၊ အလိုက်သိသိနဲ့ ခခလည်း အိပ်ရာထဲမှာပဲ ငြိမ်းချမ်းစွာ အနားယူလိုက်တော့မယ်"

"ဟွန့် ... သူလည်း သူ့ချစ်ချစ်ကြီးအကြောင်း တွေးမှာများ၊ မသိဘူး မှတ်နေလား"

"သိရင် ပြီးတာပဲ"

"အမယ် ... ခခနော်၊ ဝန်ခံပြီပေါ့"

"အင်း ... နောက်တာပါကွာ၊ တို့စိတ်ထဲမှာ ကိုစိုင်းကို ခင်မင်မိရုံထက် မပိုသေးပါဘူး၊ တို့ ကိုစိုင်းကို ခင်တယ်၊ သူ့အနားမှာရှိရင် ပျော်တယ်၊ လောလောဆယ်တော့ ဒီထက် မပိုသေးဘူး"

"မပိုသေးဘူး ဆိုတော့ ပိုလာနိုင်တယ်ပေါ့"

"ဟုတ်တယ်ဟော့၊ ကိုစိုင်းကို ချစ်တယ်၊ ကဲ ... မှတ်ပြီလား၊ ဝန်မခံမချင်းကို လိုက်ပြီးမေးနေတော့မှာ၊ ချစ်တယ်၊ ချစ်တာမှ တုန်နေတာပဲ ... ကဲ"

ထိုစကားတွေကို အဖေါ်တူးပြီး ပြောနေသော ခခ ရင်တွေ ပရမ်းပတာ ခုန်နေတာ ဘာကြောင့်ပါလိမ့်ကွယ်။ ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့စကား ပြောမိတဲ့အခါ ကြက်သီးမွေးညင်းတွေ ထ,လာတာ ဘာကြောင့်လဲ။ တကယ်ဆို ခခ ကိုယ်တိုင် မသိသေးသော အချစ်ဆိုတာ နန်းဝါ နားလည်အောင် ဘယ်လိုပြောရပါ့မလဲ။





နောက်ရက်တွေမှာ ကိုစိုင်း ရန်ကုန်သွားရသဖြင့် ရောက်မလာတော့ပါ။ သူမ စိတ်ထဲ ကိုစိုင်း မရှိတဲ့ရက်တွေမှာ တော်တော်လေး ပျင်းရိနေသည်။ ကိုစိုင်းရဲ့ ဆိုင်ကယ်လေးကို ကြည့်ပြီး ငူငိုင်ငိုင်နဲ့ပေါ့။ နှစ်ရက်မြောက်နေ့ရောက်တော့ ကိုစိုင်းဆီက ဖုန်းလာသည်။ နန်းဝါတို့ ခေါင်းရင်းခြံက ဖုန်းကိုဆက်တာပါ။

"မီးလေးလား ... ကိုကိုပါ"

"သွားပါ၊ လာနောက်မနေနဲ့"

"မနောက်ပါဘူး၊ တကယ်ပါ၊ ကိုကိုက အဲလိုပဲ ခေါ်ချင်တာ မီးလေးရယ်"

"ရှုပါကြမ်းကြီးနဲ့ နွဲ့နေတယ်"

"ရှုပါကြမ်းပေမယ့် နှလုံးသားက နူနူလေးပါကွာ"

"အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ချစ်ကြည့်ပါလား"

"နစ်နာသွားဦးမယ်"

"မီးလေး ဘာစားချင်လဲ၊ ဘာဝယ်ခဲ့ရမလဲ"

"ရပါတယ် မဝယ်ခဲ့နဲ့တော့၊ ဒီမှာ ရှမ်းစာတွေ တစ်ဝစား လိုက်ဦးမယ်၊ ရန်ကုန်မှာက ဘယ်အချိန်စားစား ရတယ်"

"ဟုတ်ကဲ့ပါ ရန်ကုန်သူရယ်၊ ရှမ်းစာတစ်သက်လုံးစားမှာ မဟုတ်ဘူးလို့ သွယ်ဝိုက်ပြောလိုက်တာပေါ့နော်"

"မရည်ရွယ်မိတာတော့ အမှန်ပဲ"

"ဆွေးရတော့မှာလား"

"မျှော်လင့်ချက်ဆိုတာ မှုလောင်ပါတယ်၊ မျှော်လင့်ချက် မထားတာ အကောင်းဆုံးပေါ့"

"မျှော်လင့်နေရတဲ့ အခွင့်အရေးလေး ရထားတာတောင် တော်တော်ကျေနပ်နေတာ၊ မျှော်လင့်ချက်များစွာထဲမှာ အချစ်ကို မျှော်လင့်ရတာလောက် ရင်ခုန်ကျေနပ်စရာကောင်း တာ မရှိတော့ဘူး"

"အင်း … တစ်ခါတလေလည်း အဲလို မျှော်လင့်ကြည့်ချင် သားဗ်၊ ဒါပေမဲ့ ခခ ဘဝကတော့ မျှော်လင့်ခြင်းဟာ ဘာ လဲလို့ မေးယူရမလိုပဲ၊ အရာရာတိုင်းဟာ ဒီလိုပဲ ဖြစ်ရမယ်





ဆိုတဲ့ ပုံစံခွက်ထဲမှာ ကြီးပြင်းလာရသလိုပဲ၊ တစ်ခုခုဆိုတာ နဲ့ ချက်ချင်း ရလဒ်ထွက်ပြီးသား"

"ကိုယ် နားမလည်ဘူး"

"ဩော် … ခခဘဝက မိဘတွေရဲ့ ခြယ်လှည်စိုးမိုးမှုအောက် မှာ ကြီးပြင်းလာရတာလေ၊ ဘာမဆို မိဘတွေက ဆုံးဖြတ် ပေးပြီးသား၊ ဒီလိုနေ၊ ဒီလိုစား၊ ဒီဟာဝတ်၊ ဒီကိုသွား၊ ဒီဟာလုပ်၊ အဲလိုပေါ့နော်။ အရာရာ အော်တိုဖြစ်သွားတာ၊ ခခက မျှော်လင့်တမ်းတခွင့် မရှိသလောက်ပဲ။ အဲဒီတော့ ခခမှာ ဘာဖြစ်ချင်လိုက်တာဆိုတဲ့ မျှော်လင့်ချက်မျိုးလည်း မရှိတော့ဘူး၊ ကိုယ်ဖြစ်ချင်တာကလည်း ဖြစ်လာမှာမဟုတ် တာ သေချာတယ်"

"ခခရယ်"

သူ ခခ ဘဝလေးကို တစ်စိတ်တစ်ဒေသ နားလည် လိုက်မိသလိုပါပဲ။ ပန်းပုဆရာလက်ထဲက လိုရာပုံသွင်းခံနေရတဲ့ ပန်းပုရုပ်ကလေးအလား။ သူမဘဝလေးက လွတ်လပ်စွာ ဆုံးဖြတ် ပိုင်ခွင့် မရှိရှာဘူး ထင်ပါရဲ့။

ကိုယ့်ရင်ခွင်ထဲမှာ မင်းကို လွတ်လပ်စွာ၊ အေးချမ်း စွာ နေစေချင်လိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်း ဒါပဲလား၊ ဖုန်းချလိုက်တော့မယ်"

"ဟင့်အင်း ... မီးလေးကို ကိုကို အရမ်းချစ်တယ်၊ ပြီးတော့ မျှော်လင့်လို့ ရသလောက် မျှော်လင့်နေဦးမယ်"

"တူ တူ တူ တူ တူ"

ဖုန်းလိုင်းက ပြတ်သွားသည်။ ခခ ဖုန်းလေးကိုင်ပြီး မျှော်လင့်ခြင်းဆိုတဲ့ ခေါင်းစဉ်တစ်ခုအကြောင်း စဉ်းစားနေမိသည်။ ပြီးတော့ ဘာကိုမှ မမျှော်လင့်ခဲ့ဖူးတဲ့ ခခ ဘဝအကြောင်း ပြန် စဉ်းစားနေမိသည်။

"ဟိတ် ... ဘာတွေ တွေးနေတာလဲ"

"နန်းဝါ"

"ဟင်"

"နန်းဝါ အမျှော်လင့်ဆုံးက ဘာလဲဟင်"

"ဘာစိတ်ကူးပေါက်ရပြန်တာလဲ"

"ပြောကြည့်ပါ နန်းဝါရယ်၊ နန်းဝါ ဘဝမှာ အမျှော်လင့် ဆုံးက ဘာလဲဟင်"

"တို့ဘဝမှာ အမျှော်လင့်ဆုံးဆိုတာ မရှိတော့ပါဘူး"

"မရှိတော့ပါဘူးဆိုတော့ ရှိခဲ့ဖူးလား"





"ရှိခဲ့တာပေါ့၊ တို့ချစ်သူနဲ့ ပေါင်းရဖို့ဆိုတာ တို့အဖြစ်ချင် ဆုံး အမျှော်လင့်ခဲ့ဆုံးပေါ့။ ဒါပေမဲ့ တကယ်တမ်း အဆင် မပြေနိုင်တာ သိတော့လည်း သူ့ စိတ်ချမ်းသာဖို့ပဲ ဆုံးဖြတ် ခဲ့တယ်၊ သူ အဆင်ပြေပါစေလို့ပဲ မျှော်လင့်ခဲ့တော့တယ်"

"မျှော်လင့်ခြင်းဆိုတာ ပူလောင်လား နန်းဝါ"

"ပူလောင်တယ် ဆိုတာထက် ဘယ်လိုပြောရမလဲ၊ ဖြစ်နိုင် တာကို မျှော်လင့်ရတာကတော့ မျှော်လင့်ချက် ရှိတာပေါ့၊ မဖြစ်နိုင်တာကို မျှော်လင့်မိရင်တော့ စိတ်မောရမှာပဲ၊ လမင်း ကို လိုချင်တာမျိုးပေါ့"

"မဖြစ်နိုင်တာကို မျှော်လင့်မိရင် စိတ်မောရတယ်၊ အင်း လေ ... နောက်ဆုံးတော့ မျှော်လင့်ခြင်းဆိုတာ ပူခွေး လောင်မြိုက်ခြင်းတွေပဲ ဖြစ်လာမှာပါ"

"နေပါဦး၊ ဘာတွေတွေးမိပြီး ပြောနေရတာလဲ"

"ဒီလိုပါပဲ"

"သူငယ်ချင်းရယ်၊ သိပ်မတွေးပါနဲ့ကွယ်၊ ဘာပဲဖြစ်ဖြစ် အချိန်တန်ရင် နွားပိန်ကန်သွားပါလိမ့်မယ်၊ ကံဇာတ်ဆရာ ရဲ့ အလိုကျပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကံဆိုတာ အလုပ်တဲ့ နန်းဝါရဲ့၊ ကံကြောင့် ဖြစ်ရတာ ထက် လူကလုပ်လို့ ဖြစ်လာတာတွေပါ"

"ကဲ ... အခုချိန်အထိ ဆိုလိုရင်းကို မရောက်သေးဘူးရော"

ရောသံ ပါလာပြီဆိုရင် နန်းဝါ သိပ်စိတ်မရှည်တော့။ သူမ ပြောင်စပ်စပ်ဖြင့် ...

"ကိုစိုင်းက ငါ့ကို မျှော်လင့်နေမယ် ဆိုလို့ဟာ"

"ခြော် ... ကိုစိုင်းရဲ့ စကားတစ်ခွန်းက အရေးပါလိုက်တာနော်၊ တို့ ရွှေမင်းသမီးလေး ရွှေအုံးတော် စားတော်ရှ သွားအောင်ကို ထိရောက်လှချေတကား"

❣❤❣





"ဟိတ်"

"ဟယ် ... ကိုစိုင်း ပြန်လာပြီလား"

"အင်း"

"ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ခုမှ ရောက်တာ၊ ရောက်ရောက်ချင်း လာလိုက်တာပဲ။ ကဲ ... ရော့။ ရန်ကုန်က ဝယ်လာတဲ့မုန့် လာပေးတာ၊ ရန်ကုန်သူကို ရန်ကုန်မုန့် ဝယ်ကျွေးသလို ဖြစ်နေပြီ"

"စားပေးရမှာပေါ့၊ ကိုစိုင်း မုန့်လာပေးတော့ မမကျော့တို့ အိမ်က အဖြစ်ကို သတိရသွားတယ်၊ မမကျော့ကို ကိုစိုင်း မုန့်လာပို့တာလေ"

"မီးလေး ကိုကိုကို ကျော့နဲ့ အထင်လွဲနေတာလား"

"ဟင့်အင်း ... ဘာဆိုင်လို့လဲ"

"မွှသချာတယ်နော်၊ တကယ် စိတ်ရှင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်း — ရှင်းနဲ့တောင် မြည်နေသေးတယ်"

"ပြီးတာပဲ"

"ကိုစိုင်း ဘာသာ မမကျော့နဲ့ ကြိုက်လည်း ခခက အနေ

သာကြီးပဲ၊ မရှင်းစရာ အကြောင်းမှ မရှိတာ"

"အဲလိုတော့ မပြောပါနဲ့ကွာ"

"ဟင် ... ခခ ပြောတာ မှားနေလို့လား"

"မမှားပေမယ့် ဥပေက္ခာစကားတွေလေ"

"ပြောသင့်တဲ့ စကားတွေပါ"

"ပြောချင်တာတော့ မဟုတ်ဘူးပေါ့"

"ဟင် ... ဘာလဲ"

"အပွန်း"

"ကိုစိုင်းက ဘာနဲ့ဘွဲ့ရထားတာလဲ၊ စကားတတ်တယ်"

"အဟင်း ... ရှေ့နေ သွားလုပ်စားရင် ကောင်းမယ်ထင်

တယ်။ ခခ ကိုယ့်ကို ငှားပါလား၊ မှုပိုင်ရှေ့နေ လုပ်ပေး

မယ်လေ၊ အဖိုးအခ အနေနဲ့ကတော့ လျှော့ပေါ့စဉ်းစားပေး

ပါ့မယ်၊ ထောင့်ငါးရာပဲပေးပေါ့"

"အင်း ... နစ်နာသွားဦးမယ်"

"မီးလေးရယ် အရမ်းချစ်တာပဲ"





နောက်ပြောင်နေရင်းက ခခကို ရုတ်တရက် ပြော

လိုက်သဖြင့် လန့်သွားရသည်။ ခေါင်းငုံ့ပြီး ရှက်နေသော သူမရဲ့

မျက်နှာလေးနားမှာ ဆံပင်တွေက ဝဲကျနေသည်။ ကိုစိုင်းက

ရုတ်တရက် ခခရဲ့ ဆံပင်စလေးတွေကို သပ်တင်ပေးလိုက်သဖြင့် ...

"ဟာ ... မလုပ်နဲ့"

"မကြိုက်လို့လား"

"မကြိုက်ဘူး"

"တွန့်တိုလိုက်တာကွာ"

"ပြန်တော့လေ"

"ဟာ ... အတင်းကို နှင်တော့တာပဲ၊ ပြန်ရောက်ရောက်

ချင်း ပြေးလာတဲ့သူကို အားမနာဘူး"

"အဟင်း"

"ပြန်ပါဆိုတော့လည်း ပြန်ရတော့မှာပေါ့"

"ကိုစိုင်း"

"ဟင်"

"နောက်ရက်ကျမှ လာလည်တော့လေ"

"ကိုယ် မနက်ဖြန် ကျောက်တစ်လုံးကို သွားမလို့၊ လိုက်

မလား"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဝါ အားပါ့မလား မသိဘူး"

"နှင်းဝါ မအားလည်း မီးလေး တစ်ယောက်တည်းပဲလိုက်ခဲ့ပေါ့၊ ကိုကိုက မီးလေးကို ခေါ်တာပဲ၊ နှင်းဝါကို ခေါ်တာမှ မဟုတ်တာ"

"ဟင် ... အဲလိုရမလား၊ ခခက နှင်းဝါပါမှ လိုက်လို့ရမှာပေါ့"

"ဪ ... ဒီလိုလား"

"ဟုတ်တယ်၊ နှင်းဝါက တစ်ယောက်တည်း လွှတ်မှာမဟုတ်ဘူး"

"မလွှတ်တော့လည်း နှစ်ယောက်လုံး လိုက်ခဲ့ပေါ့"

"မေးကြည့်လိုက်ဦးမယ်လေ"

"အိုကေ ... ဒါဆို ကိုယ်ပြန်တော့မယ်နော်"

"ဟုတ်ကဲ့"

"လိမ္မာလိုက်တာကွာ၊ တစ်သက်လုံး အနားမှာထားချင်လိုက်တာ"

ဘာမှပြန်မပြောဘဲ ပြုံးစိစိ ကြည့်နေသော မျက်နှာနုနုလေးရဲ့ ပါးပြင်ပေါ် လက်တစ်ဖက်က ဖျတ်ခနဲ။ သူမပါးပြင်လေးကို လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းဖြင့် ခပ်ဖွဖွ ဆွဲဖျစ်လိုက်ပြီး သူ လှည့်ထွက်သွားသည်။





ပါးလေးကိုပွတ်ရင်း ရင်ထဲမှာ ကြည်နူးမိသလိုပင်။

"ကိုစိုင်းရယ် ... ခခမှာက မဖြစ်နိုင်တဲ့ အကြောင်းတွေရားတွေ ရှိနေတာကိုး။ ဒီလိုမှန်းသာ သိခဲ့ရင် ခခ ဒီကိုမလာပါဘူး ကိုစိုင်းရယ်၊ ခခ ဒီကိုမလိုက်လာပါဘူး။ ခုတော့ ခခ နှလုံးသားကို တောင်ကြီးမြို့မှာ ထားခဲ့ရတော့မယ်ထင်တယ်။ ခခတော့ ရင်ကွဲတော့မယ် ထင်တယ် ကိုစိုင်းရယ်"

တစ်ကိုယ်တည်း ရေရွတ်ညည်းတွားသံကို နောက်ကွယ်က ကြားနေရသူကတော့ နှင်းဝါရယ်ပါ။ နှင်းဝါမှာလည်း သူငယ်ချင်းကို ချစ်သည့် ကိုယ်ချင်းစာသည့်စိတ်က တစ်ဖက်၊ ခခရဲ့ မိဘတွေ အပ်လိုက်သည့်အတွက် တစ်ခုခုဖြစ်မှာ စိုးရိမ်သည့်စိတ်က တစ်ဖက် လွန်ဆွဲနေသည်။ ခခ အိမ်ထဲဝင်လာတော့...

"အေးလာပြီ ခခရဲ့၊ ဆွယ်တာလေး ဝတ်ထားဦး"

"အင်းပါ ... နှင်းဝါ"

"ဟုတ်ကဲ့ပါရှင့်"

"မနက်ဖြန် အားလားဟင်"

"ဘာဖြစ်လို့လဲ"

"ကိုစိုင်းက ကျောက်တလုံးကို သွားမလို့ လိုက်ခဲ့ပါတဲ့ အဲဒါ ..."

www.burmeseclassic.com



"ဒါ သွားချင်လို့လား"

"သွားရင် ကောင်းလား မကောင်းလား မသိဘူး နန်းဝါရယ်"

"သွားချင်လား မသွားချင်ဘူးလား"

"သွားချင်တယ်"

"သွားချင်ရင် သွားလိုက်ပေါ့"

"တကယ်"

"အင်းပေါ့"

"နန်းဝါ အားလို့လား"

"အားမယ် ထင်ပါတယ်၊ အားရမှာပေါ့"

"အေးလေ ... ဒါဆိုလည်း သွားကြတာပေါ့"

"အံမယ် ... သိပ်မသွားချင်တဲ့ အသံမျိုးနဲ့"

"သူငယ်ချင်းကလည်းကွယ်၊ သိရဲ့သားနဲ့ ... ဟိ ဟိ"

"အင်းပါ၊ သွားမှာပါ၊ သွားမှာပါ၊ မနက်ကျရင် မအားလည်း အားအောင်လုပ်ပြီး သွားမယ်၊ စိတ်ချ"

"နန်းဝါတို့က ချစ်စရာကောင်းသွားပြန်ရော"

"ကဲပါ ... မြှောက်မနေပါနဲ့"

"မမြှောက်ပါနဲ့ ဆိုတော့လည်း မမြှောက်ပါဘူး၊ ကဲ ... ဗိုက်ဆာပြီကွာ"





"ဗိုက်ဆာရင် စားကြမယ်လေ၊ ဂျမ်းပုံရေ ... ထမင်းနွေးတော့ စားကြမယ်၊ စားပြီး စောစောအိပ်ကြရအောင်၊ မနက်ကျရင် ကျောက်တစ်လုံးကိုက စောစော ထသွားကြမယ်ထင်တယ်၊ ကိုစိုင်း လာခေါ်မှာလား"

"လာခေါ်မှာပေါ့"

"ကဲ ... ကဲ ... မနက်အတွက် စောစောစီးစီး ရင်ခုန်ရအောင်၊ ထမင်းစောစောစားပြီး စောစော အိပ်ရာဝင်ကြစို့"

နောက်တစ်နေ့မနက် လင်းအားကြီး အချိန်မှာ ကိုစိုင်း ရောက်လာပြီး သူမတို့ကို လာခေါ်သည်။ ယုန်မွေးဆွယ်တာနဲ့ ဂျင်းပင်အရှည်၊ ပြီးတော့ ကမ်းထရီးဖိနပ်ရှည်။

"တော်တော်ချမ်းနေလား"

"ချမ်းတာပေါ့၊ တောင်ကြီးသူမှ မဟုတ်တာ"

"တောင်ကြီးသူလည်း အသွေးအသားနဲ့ပဲ၊ ချမ်းတာပေါ့၊ နန်းဝါ ချမ်းတယ်မို့လား"

"ပါးပါးလေးပါ"

"တွေ့လား"

"ဟင်း ... မှားပါတယ်ဗျာ၊ သူ့သူငယ်ချင်းဘက်ကပဲ လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲ"

ကိုစိုင်းရဲ့ ဒီတီဆိုင်ကယ်ကြီးနဲ့ပဲ သုံးယောက်ထွက်လာကြသည်။ ကိုစိုင်းက ဆိုင်ကယ်ကြီးကို ကျွမ်းကျင်စွာမောင်းလို့ နောက်က ခခနဲ့ နန်းဝါ။ ခခက ကိုစိုင်း ခါးကို တင်းနေအောင် ဖက်ပြီး ကိုစိုင်းကျောပြင်မှာ မျက်နှာကပ်ထားမိသည်။ ခခအလယ်ကဆိုတော့ နွေးနေသည်။

ပြီးတော့ သူ့ကျောပြင်က မွှေးထွေးမှုလည်း ဝါမှာပေါ့လေ။ ခခ သတိလက်လွတ်ဖြင့် သူ့ကျောပြင်ကို မှီတွယ်ထားမိသည်။ နန်းဝါကတော့ သူငယ်ချင်းရဲ့ ရင်ထဲကို မြင်တတ်စွာဖြင့် သက်ပြင်းချနေမိသည်။

ကျောက်တစ်လုံးရောက်ကော့ ကိုစိုင်းရဲ့ သစ်ခြံတွေဆီသို့ အရင်သွားကြသည်။ ကိုစိုင်းရဲ့ သစ်ခြံထောင့်မှာက သစ်လုံးအိမ်လေး။

"ဟယ် ... အိမ်လေးက ချစ်စရာလေး"

"အိမ်ဆောက်တဲ့သူက တော်လို့ဝါ"

"City FM ကြော်ငြာကြီး"

"ဟဲ ဟဲ ... ကိုယ်တို့ တောင်ကြီးမှာ စီးတီးအက်ဖ်အမ် မရှိတော့ မသိဘူးခင်ဗျ"





"ဒီအိမ်လေးကိုတော့ ကြိုက်သွားပြီကွာ"

"အိမ်ဆောက်တဲ့ လူကိုရော"

"စိတ်မဝင်စားဘူး"

"ရက်စက်လိုက်တာ"

"ဒီအိမ်လေကို ခခကိုပေး"

"ဒီအိမ်လေးက ကိုယ့်သူဌေးပိုင်တာ ခခရဲ့၊ ခခ လိုချင်ရင် ကိုယ် သပ်သပ်ဆောက်ပေးမှာပေါ့"

"ဟင့်အင်း ... ခခ အသစ်မလိုချင်ဘူး၊ ဒီအိမ်ပဲ လိုချင်တယ်ကွာ"

"အိုခေဗျာ ... ရစေရမယ်၊ အဲလောက်ဆို ပြန်ကြိုက်နိုင်ပြီလား"

"ဟင် ... ဘာဆိုင်လဲ"

"အဟွန်း"

"ဘာတွေ သဘောကျနေကြတာလဲ"

"နန်းဝါ ဘယ်သွားတာလဲ"

"ဟိုမှာ သစ်သီးတွေ ကားပေါ်တင်နေတာ သွားကြည့်တာ၊ ကိုစိုင်း ဒါတွေ စက်ရုံပို့တာပေါ့"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်း နိုင်ငံခြား ဘယ်တော့သွားမှာလဲ"

"ရှေ့လထဲပဲ"

"သြော်"

"ကျော့တို့ခြံဘက် သွားကြတော့မလား၊ ထမင်းစားပြီးမှ သွားကြတာပေါ့"

"ဟုတ်ကဲ့ပါ၊ ကိုစိုင်း အဆင်ပြေတဲ့အချိန် သွားတာပေါ့၊ ကိုစိုင်း အလုပ်ရှိရင် လုပ်နော်၊ နန်းဝါတို့ကို အားမနာနဲ့"

"ကဲ ... ဒါဆို နန်းဝါတို့နှစ်ယောက် အိမ်ပေါ်ခဏတက်နေကြပါလား၊ လာ ... မီးဖို မီးထည့်ပေးခဲ့မယ်"

"ရပါတယ် ကိုစိုင်းရဲ့၊ မချမ်းတော့ပါဘူး"

"ခဲခဲ ချမ်းနေမှာစိုးလို့"

"ချမ်းတော့ဘူး၊ ရတယ်"

"အိုခေ ... ဦးအိုက်မောင် ဒီမှာရောက်နေတယ်၊ အိမ်ပေါ်မှာရှိတယ်၊ တက်သွားလိုက်နော်"

"ဟုတ်"

ပြောပြီး အလုပ်သမားတွေဘက် ထွက်သွားသော ကိုစိုင်းကို ကြည့်ကာ ခဲခဲက ပခုံးတွန့်လိုက်သည်။ ပြီးတော့ အိမ်ပေါ်တက်သွားတော့ ဦးအိုက်မောင်ကို တွေ့ရသည်။





"ဦးကြီး ဘာတွေ အလုပ်ရှုပ်နေတာလဲ"

"ဟာ ... မရှုပ်ပါဘူးကွယ်၊ ကလေးမတို့ လာမယ်ဆိုလို့ ဒီမှာ အခါးရည်နဲ့ အမြည်း ပြင်နေတာ၊ မနက်စာ မစားရသေးဘူးမို့လား၊ တစ်ခါတည်းသာ စားလိုက်တော့၊ ကောက်ညှင်းပေါင်းပူပူလေးနဲ့ ဆတ်သားခြောက်ကင်"

"ကိုစိုင်း လာမှ စားမယ်လေ"

"အမလေး ... မစောင့်နဲ့၊ မစောင့်နဲ့၊ လူလေးကိုသာစောင့်လို့ကတော့ မနက်စာက ညစာဖြစ်သွားမယ်"

ဦးကြီးပြောသည့် အတိုင်းမင်ဝ ကိုစိုင်းက နေ့လယ်စာ စားချိန်ရောက်မှ ပြန်ရောက်သည်။ ခဲခဲက စူပုပ်ပုပ်။

"ညှော်သည်တွေ ပျင်းနေပြီလား"

"တော်သေးတာပေါ့၊ မေးဖော်ရသေးလို့"

"ဟော့ ... ဒီကလေးမတော့ စိတ်ကောက်နေပြီထင်တယ်၊ အဲလိုပဲကွာ၊ အလုပ်တွေက ရှုပ်နေတာပဲ"

"ဟုတ်ပါတယ်၊ ခဲခဲတို့က အလိုက်မသိ"

"မီးလေးကလည်းကွာ၊ ကိုကို့ အပြစ်ပါ၊ ဟုတ်ပါတယ်၊ ကဲ ... လာ၊ ထမင်းစားမယ်"

"လူလေး ရေမချိုးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မချိုးတော့ပါဘူး၊ ရေချိုးရင် ကြာနေဦးမယ်"

"ချိုးလိုက်လေ"

"မချိုးတော့ပါဘူး မီးလေရဲ့၊ ရတယ်"

"သွားချိုးပါ၊ လူညစ်ပတ်နဲ့ ထမင်းတူတူ မစားချင်ဘူး"

"ဟယ် ... ခခကလည်း၊ ကိုစိုင်းကို အားနာစရာ၊ သူက အဲလိုပဲ ကိုစိုင်းရဲ့၊ ကလေးဆန်တယ်"

"ရပါတယ် နန်းဝါရဲ့၊ ဒါဆို ရေသွားချိုးလိုက်ဦးမယ်၊ ခဏ စောင့်နော်"

"ဟုတ်ကဲ့ ကိုစိုင်း"

ကိုစိုင်း ရေသွားချိုးနေတုန်း နန်းဝါက ...

"ခခရယ် ကိုစိုင်းကို အားနာစရာ ကောင်းလိုက်တာ၊ နင်ကလည်း"

"ဟုတ်တယ်ဟာ၊ ငါကလည်း သူ့ကိုဆို ဆိုးလို့ရလို့ ဆိုးနေသလို ဖြစ်နေပြီ"

"ကိုယ့်ကိုယ်ကိုယ်လည်း သိသားပဲနော်"

ကိုစိုင်းက ထမင်းစားပြီးတော့ ဂစ်တာတီးပြသည်။

"ကလေးကို ပြန်ချော့တာလေ၊ ဟဲ ဟဲ ... ဘာသီချင်းနားထောင်မလဲ"





"သားချော့တေး"

"ဟိုက် ... ကိုယ် သားချော့တေးတော့ မရဘူးကွ၊ ချစ်သူချော့တေးပဲ ရတယ်"

"ဟီး ဟီး ... ခခကတော့ သားချော့တေးပဲ နားထောင်ချင်တယ်"

"ဟာ ... ဒီချစ်သူလေးကတော့"

"ကိုစိုင်းနော် ... ပိုင်စိုးပိုင်နင်းနဲ့ ပြောဆိုနေတာကို လျှော့ရင်ကောင်းမယ်၊ သည်းခံနေတာ အကောင်းထင်မနေနဲ့ ... ဟင်း"

"အံမယ် ... ခင်ဗျားလေးကများ၊ လူကြီးလေး ကျနေတာပဲ"

နန်းဝါကတော့ သူတို့နှစ်ယောက်ကို သဘောကျစွာ ငေးမောနေသည်။

"ချစ်တယ် မီးရယ်"

"ဟင်း ... အဲဒီသီချင်းကြီး မကြိုက်ဘူး၊ ဒိတ်အောက်နေပြီ"

"ဒါဆို ဘာဆိုရမှာလဲ"

"မသိဘူး၊ ဒါပေမဲ့ ဒိတ်အောက်တာကြီးတွေတော့ မဆိုနဲ့"

"ဟစ်ပ်ဟော့ပ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ပန့်ခ်လည်း ရတယ်"

"အဟား … ကိုယ်က ရှော့ခ်ပဲ ပိုရတယ်"

"အင်း … ကြိုက်တယ်၊ ချိုချိုအေးအေးလေးတွေဆို ပိုကြိုက်တယ်"

"အိုကေ"

သူက အယ်လ်လွန်းဝါရဲ့ ဆောင်းအိပ်မက်သီချင်းကို ဖီလင်အပြည့်ဖြင့် ဆိုနေသည်။ ခခကလည်း သီချင်ထဲမှာ နစ်မြောလို့ပေါ့။ သီချင်းဆုံးသွားတော့ …

"ဆောင်းအိပ်မက် သီချင်းလိုပဲ မီးလေး ပျောက်ဆုံးသွားမှာ ကြောက်နေမိပြီ မီးလေးရယ်"

ခခကလည်း သူ့မျက်နှာကို ငေးမောနေမိသည်။ တွေ့စက ကြောက်စရာကောင်းသည်ဟု သတ်မှတ်ခဲ့သော ဒီလူကို ခုချိန်မှာတော့ ခခ သံယောဇဉ်တွယ်နေမိပါပြီ။ ပြီးတော့ အချစ်ဆိုတာကိုလည်း နှလုံးသားက ခံစားတတ်လာပါပြီ။

"ဘယ်အရာမှ မတည်မြဲတဲ့ တရားကိုသာ နှလုံးသွင်းထားလိုက်ပါ ကိုစိုင်းရယ်"

"လူမလေးမှတ်လို့ ချစ်တာ၊ တရားဟော ဓမ္မကထိကနဲ့ လာတွေ့နေပြီ"





"အဟင်း … တကယ်ပြောတာ ကိုစိုင်းရဲ့"

"ဟုတ်ပါပြီ၊ ဒါတွေကို သိပေမယ့် ချစ်သည့်စိတ်ကို မထိန်းချုပ်နိုင်ဘူးလေ"

"အဟဲ … ဘယ်သီချင်းထဲက စာသားတွေလဲ"

"ဒါ ကိုယ့်ရဲ့ ရင်တွင်းဖြစ် စစ်စစ်ပါကွ"

နန်းဝါကတော့ သူတို့စကားတွေကို မကြားသည့်အလား ပြတင်းပေါက်ကို သွားငေးနေသည်။ ပြီးတော့ …

"ကိုစိုင်း အိမ်က ကုန်းမြင့်လေးဆိုတော့ မိုက်တယ်ကွာ"

"နန်းဝါ သဘောကျနေပြီ ထင်တယ်"

"ဟုတ်တယ်၊ ကြိုက်တယ်၊ နန်းဝါက ပြတင်းပေါက်ကနေ ဒီလို ငေးနေရတဲ့ ဖီလင်မျိုးကို ကြိုက်တယ်၊ ငေးနေ တွေးနေရတာမျိုးပေါ့နော်၊ အဲလို တစ်ယောက်တည်း အေးအေးချမ်းချမ်း နေရတာမျိုးပေါ့"

"လူတစ်ယောက်ကို စိတ်တစ်မျိုးပေါ့ နန်းဝါ၊ ခခရော ဘာကြိုက်လဲ"

"ခခကကျတော့ လွတ်လွတ်လပ်လပ် သက်သက်သာသာနေရတဲ့ ဘဝမျိုးကို ကြိုက်တယ်၊ ခခက ချုပ်ချယ်ခံရတာကိုး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ လွတ်လပ်ပျော်ရွှင်တဲ့ ဘဝမျိုးကို လိုချင်တယ်၊ ကိုစိုင်းရော"

"ကိုယ်က နွေးထွေးတဲ့ မိသားစုဘဝကို လိုချင်တယ်၊ ကိုယ့်မှာက အခုဆို တစ်ယောက်တည်း အထီးကျန်နေသလို ခံစားနေရတယ်လေ၊ မိသားစုဆိုလည်း ကိုယ်တစ်ယောက်တည်းပဲ ဖြစ်နေတယ်၊ နွေးထွေးတဲ့ မိသားစုဘဝလေးကို ချစ်တယ်၊ ကိုယ်တစ်ယောက်တည်း နေရတာ ဟာတာတာကြီးကွာ၊ အဲဒါကြောင့် ဖြစ်နိုင်ရင် ကိုယ့်ဘေးမှာ နေပေးပါလား ကလေးရယ် … ဟင်"

"ကိုစိုင်းရယ်"

နူးညံ့သော လက်ဖဝါးတစ်ဖက်က သူ့ပခုံးပေါ် ခပ်ဖွဖွ ဆုပ်ကိုင်လာသည်။ သူက သူမရဲ့လက်ကလေးကို ဆွဲယူပြီး သူ့ပါးပြင်နားမှာ ကပ်ထားမိသည်။ ပြီးတော့ သူမမျက်ဝန်းတွေထဲကို ရှာဖွေနေမိသည်။ သူ လိုချင်သော အချစ်တွေများ တွေ့ရမလားဟုပါ။

"ကလေး"

"ရှင်"





"ကိုယ့်ကို ချစ်လားဟင်"

"မဖြေပါရစေနဲ့ ကိုစိုင်းရယ်၊ ခခကို မမေးပါနဲ့၊ ကိုစိုင်းရဲ့ အချစ်တွေကို ခခ နားလည်ပေးထားတယ်၊ ကိုစိုင်းလည်း ခခကို နားလည်ပေးပါ၊ ဘာမှမမေးပါနဲ့နော် … ကိုစိုင်းနော်"

"အေးပါကွာ၊ ကလေး သဘောပေါ့"

"ခခကိုရော နားလည်တယ်မို့လားဟင်"

"အင်း"

"ကျေးဇူးပါ ကိုစိုင်း"

"ရပါတယ်ကွာ"

"ကိုစိုင်း ချစ်ချစ်ကြီးခြံကို သွားမယ်လေ"

"ဘယ်သူရဲ့ ကိုယ့်ချစ်ချစ်"

"မမနန်းကျော့လေ"

"ဟိတ် … ကောင်မလေး မနာလို ဖြစ်နေတာလား"

"အံမယ် … အနေသာကြီးပါနော်"

"အေးလေ၊ ဒါဆိုရင်လည်း ကျော့ကိုပဲ ကြိုက်လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာလေး မဲ့ခနဲ ဖြစ်သွားသည်။ ငိုချင်သလို အရိပ်တွေ၊ ပြီးတော့ သူ နားမလည်နိုင်သော အရိပ်တွေ၊ သူ့မျက်နှာပေါ်မှာ တဖျပ်ဖျပ် ပြေးသွားသည်။

"ကိုစိုင်းနဲ့ မမကျော့က တကယ်လိုက်ပါတယ်၊ မမကျော့ဟာ ကိုစိုင်းအတွက် ဖနီးကောင်းတစ်ယောက် ဖြစ်မှာပါ"

"ဟိတ် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ကိုယ့်ကနောက်နေတာ"

"တကယ်ပြောတာ ကိုစိုင်းရဲ့ မမကျော့ ..."

"တော် ... တော် ... မပြောနဲ့တော့ ကလေး၊ တော်ပြီကွာ ကျော့တို့ခြံကို မသွားတော့ဘူး"

"ဟင့်အင်းကွာ သွားမယ်၊ ခခ သွားချင်တယ်"

"အဲဒါ ညစ်တာပါ၊ တကယ် ကိုယ် မသွားချင်တော့ဘူး"

"ခခ သွားချင်တယ်ကွာ"

"ကဲပါ ပို့ပေးမယ် ဟုတ်လား၊ ဒါပေမဲ့ ကိုယ့်ကို ကျော့နဲ့တော့ အထင်မလွဲနဲ့ကွာ၊ တကယ်ပဲ ကျော့ဟာ ကိုယ့်အတွက် သူငယ်ချင်းပါ"

"ကဲပါ ... သူငယ်ချင်းပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သွားရအောင်"





"မီးလေး ပင်းတယဘက် ရောက်ပြီးပြီလား"

"ဘယ်ရောက်ဦးမှာလဲ ကိုစိုင်းရဲ့၊ နန်းဝါနဲ့ နှစ်ယောက်တည်း ဖြစ်နေတော့ မသွားဖြစ်ဘူး၊ သွားမယ်၊ သွားမယ်နဲ့ မရောက်ဖြစ်တာ၊ ပြီးတော့ ပြန်ကာနီးမှပဲ နှင်းဆီခြံက ဂျမ်းဖုံတို့နဲ့ သွားမလို့ စဉ်းစားထားတယ်"

"ကိုကို လိုက်ပို့ပေးမယ်လေ"

"ရပါတယ်"

"ပို့ပေးပါရစေကွာ၊ ကိုကို စီစဉ်လိုက်မယ်နော်"

"အဟင်း ... အားနာစရာကြီး"

"ပဲများနေပြန်ပြီ"

"အံမယ် ... ဘာမှ ပဲမများဘူးနော်၊ သူ့ဘာသာ ပို့မယ်ပြောတာ"

"ဟုတ်ပါတယ်"

"ကဲပါ မမကျော့တို့ခြံ သွားမယ်လေ၊ ဪ ... ပြီးတော့ ပြောရဦးမယ်၊ ပင်းတယ သွားရင် မမကျော့ပါ ခေါ်မယ်နော်၊ လူများတော့ ပိုပြီးပျော်စရာကောင်းတာပေါ့"

"မီးလေးမှာ အကြံအစည်တစ်ခုခု ရှိမနေဘူးဆိုရင် ခေါ်ခဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... ဘာအကြံအစည်မှ မရှိပါဘူးနော်"

"ကဲ ... သွားမယ်၊ နန်းဝါရော"

"ဟင် ... နန်းဝါ အိမ်အောက်ဆင်းသွားတယ် ထင်တယ် မတွေ့တော့ဘူး"

သူက ရုတ်တရက် ခခနားကို ရောက်လာပြီး –

"မီးလေး"

"ဟင့်အင်း ... ကိုစိုင်းနော်၊ ခခကို နားလည်ပေးမယ်ဆို"

"ကိုယ် မီးလေးကို သိပ်ချစ်တယ်ကွာ"

"ဟင့်အင်း ... ကိုစိုင်း ဖယ်ပေး၊ ခခ အောက်ဆင်းတော့မှာ"

သူက ခခရဲ့ပခုံးနှစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထား ရုံပါ၊ ဒါပေမဲ့ ခခ ရုန်းမထွက်မိတာ ဘာကြောင့်လဲ၊ ပါးစပ်က သာ ငြင်းဆိုနေသော်လည်း လူက ကျောက်ရုပ်ဖြစ်နေသည်။ ရုတ်တရက် ခခ နဖူးလေးက နွေးခနဲ ဖြစ်သွားသည်။ သူက ဖ... ကို လွှတ်ပေးလိုက်ပြီး တိုးဖွဖွဖြင့် ...

"ကလေးကို နမ်းရင် နဖူးကိုပဲ နမ်းရတယ်တဲ့၊ အဲဒါအ... စင်ဆုံး အနမ်းပဲ၊ သွားရအောင်"





သူက ခခရဲ့ လက်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်ပြီး အိမ်တံခါးဝဆီသို့ ခြေလှမ်း လှမ်းလိုက်သည်။ နန်းဝါက သစ်လုံး အိမ်လေးရဲ့ လှေကားမှာ ထိုင်နေသည်။

"နန်းဝါ ... ကျော့တို့ ခြံဘက်သွားရအောင်"

"ဟုတ်ကဲ့ ကိုစိုင်း"

ခခက ကိုစိုင်းလက်ထဲမှ သူမလက်ကို ရုန်းထွက် လိုက်ပြီး နန်းဝါလက်ကို သွားဆွဲလိုက်သည်။ ကိုစိုင်းက ရှေ့မှ သွားနှင့်ပြီး ဆိုင်ကယ်ဆီ လောက်မလေ၀က် သွားစစ်နေသည်။

"ဟိတ် ... အိမ်ပေါ်မှာ ဘာလုပ်နေတာလဲ၊ ပြော"

"အာ ... နန်းဝါနော်၊ ဘာလုပ်ရမှာလဲလို့ နန်းဝါက ဘာလို့ ဆင်းသွားရတာလဲ"

"ဩော် ... တော်ကြာ ကျုပ်ကို ရှုပ်လို့ ထင်နေမှာစိုးလို့ ရော၊ အဲဒါနဲ့ အလိုက်တသိ ရှောင်ပေးတာလေ၊ ဟဲ ဟဲ ... ကိုစိုင်းက ငါ့ကို ကျေးဇူးတွေ တင်နေမှာ သေချာတယ်"

"အင်း ... နန်းဝါနော်၊ ခုကတည်းက သူ့လူ ကိုယ့်ဘက် သား မလုပ်နဲ့"

"ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဟိုနှစ်ကောင် တိုးတိုး တိုးတိုးနဲ့ ဘယ်သူ့အတင်း အုပ်နေတာလဲ"

"ကိုစိုင်း အတင်းလေ ... ဟဲ ဟဲ"

"ထင်သားပဲ၊ ကဲ ... သွားစို့"

ကိုစိုင်းက မင်းသားစတိုင်လ်ဖြင့် ဆိုင်ကယ်ပေ လွှားခနဲ တက်သွားသည်။ ပြီးတော့ ခခ။ ခခရဲ့နောက်က နန်းဝါ။ သုံးယောက်သား ကျော့ရဲ့ခြံဆီသို့။ ဟိုရောက်တော့ နန်းကျော့က အုံ့သြနေသည်။

"ဟယ် ... ဘယ်လိုဖြစ်ပြီး သုံးယောက်ဆုံလာကြတာလဲ စိုင်းရော ဘယ်က မျက်စိလည်လာတာလဲ"

"ပြောတော့ ကျော့ရေ"

"ဘယ်ပျောက်နေလို့လဲ၊ ပြောလေ"

"ကိုယ် အလုပ်တွေ များနေလို့ပါ"

"ဆင်ခြေတွေပါနော်"

"ဟုတ်တယ် ကျော့ရဲ့၊ ကျောက်တစ်လုံးကိုတောင် ရှာ ရောက်ဖြစ်တာ"

"အရင်ကဆို အလုပ်ဘယ်လောက်များများ ရောက်အောင် လာတာပဲ၊ စိုင်းနော် ... ပုံစံပြောင်းနေတယ်"





"ကျော့ရယ်၊ ငါ တကယ် အလုပ်များလို့ပါဟာ"

ခခ နားကြားပြင်းကတ်လာသည်မို့ သူတို့နားက ထထွက်လာလိုက်သည်။ မမကျော့က မျက်နှာပျက်ကာ သူမနှင့် နန်းဝါကိုပင် နှုတ်မဆက်နိုင်၊ ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေသည်မို့ ခခ စိတ်ထဲ မနှစ်မြို့နိုင်တော့။ ပဏာမကတော့ တမင်ပင် ကိုစိုင်းကို မမကျော့ဆီ ခေါ်လာခဲ့တာ ဖြစ်ပေမယ့် ဘာကယ်တမ်းမှာ ရင်မဆိုင်နိုင်ပါ။

"ခခ"

"ငါ ဘာမှမဖြစ်ပါဘူး နန်းဝါ၊ ကိုစိုင်းနဲ့ မမကျော့က လိုက်ဖက်ညီတဲ့ စုံတွဲပါ၊ ဖြစ်သင့် ဖြစ်ထိုက်တာတွေ ဖြစ်လာတာပဲ၊ ငါ ကျေနပ်ပါတယ်"

"မဟုတ်ဘူး ခဲခ၊ ကိုစိုင်းက နင့်ကိုပဲ ချစ်တာပါ"

"ဒါပေမဲ့ မဖြစ်နိုင်ဘူးလေ နန်းဝါရယ်၊ ငါ့ဘက်ကတော့ မဖြစ်နိုင်ဘူးလေ"

"အေးလေ ... ငါလည်း နင်တို့အဖြစ်ကိုကြည့်ပြီး စိတ် မကောင်းပါဘူးဟာ"

"ဘယ်တတ်နိုင်မလဲ နန်းဝါရယ်၊ ဖူးစာဆိုတာ မွေးကတည်း က နဖူးမှာ ရေးလာပြီးသားလေ၊ ပြီးတော့ ခခက အချိန်

www.burmeseclassic.com



တန်ရင် အိမ်ပြန်ရမယ့်သူပါ။ ခခစိတ်ကို ခခနိုင်အောင်ထိန်းရတော့မှာပေါ့။ ကိုစိုင်းနဲ့ ခခဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကိုစိုင်းမှ မဟုတ်ပါဘူးလေ၊ ခခအတွက်က ဘယ်သူ့ကိုမှ ရွေးချယ်ခွင့် မရှိပါဘူး။ အချစ်ဆိုတာကို ခံစားခွင့်လည်း မရှိတော့ပါဘူး၊ ဒါက သတ်မှတ်ပြီးသား အခြေအနေတစ်ခုပဲလေ"

"အေးလေ ဘယ်တတ်နိုင်မလဲ၊ ဖြစ်သင့်တာကို လုပ်တာအားလုံး စိတ်ချမ်းသာရတယ် ခခရဲ့။ ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင် ခခရဲ့ ဆုံးဖြတ်ချက်မှာ နောင်တဆိုတာ ရှိမနေမှာ သေချာတယ်၊ ခခက အမှန်ကန်ဆုံး ဆုံးဖြတ်ထားတဲ့အတွက် ဘယ်တော့မှ နောင်တမရစေရဘူး"

ကိုစိုင်းတို့ဘက်ကို လှမ်းကြည့်လိုက်တော့ မမကျော့ကို ဘာတွေပြောနေမှန်းမသိ။ မမကျော့က ကိုစိုင်းကို စူပုပ်ပုပ်ဖြင့် ကြည့်နေသည်။ ခခ မျက်နှာလွှဲမည်အပြင် ကိုစိုင်းက ခခဘက်ကို ဖျတ်ခနဲ လှမ်းအကြည့်ကို မျက်ဝန်းယောင့်စွန်းလေးမှ လှမ်းမြင်လိုက်ရသေးသည်။

ကိုစိုင်းက ရုတ်တရက် မမကျော့ လက်မောင်းကို လက်သီးဖြင့် ခပ်ဖွဖွထိုးလိုက်ပြီး မမကျော့က ရယ်နေသည်မို့





ခခ ရင်ထဲမှာ ကျင်သွားသော်လည်း မတတ်နိုင်ပါ။ ခခ မျက်နှာညိုနေသည်မို့ နန်းဝါကလည်း မျက်နှာမကောင်း။

မမကျော့က ...

"နန်းဝါရေ ဒီမှာ ခေါ်ပုတ်ကြော်ပေးမယ်၊ စားမလား"

"မစားတော့ဘူး၊ ညနေစောင်းနေပြီ၊ ရင်ပြည့်လိမ့်မယ်"

"ဒါဆို တို့ဟူးခေါက်ကြော်ပေးမယ်"

"တော်ပါပြီ"

"စားပါဦးဟဲ့"

"ကြီးကြီးလေးရော"

"မနက်ကတည်းက ဟိုဘက်ပိုင်းက အသိအိမ်မှာ အလှူလုပ်လို့သွားတာ၊ ခုထိကို ပြန်မရောက်သေးဘူး"

"ဟင် ... ကြီးကြီးလေးနဲ့တောင် မတွေ့ရတော့ဘူး"

"ဒီမှာ အိပ်သွားပါလားဟယ်"

"မအိပ်တော့ဘူး"

"နင်တို့ကလည်း တစ်ခါမှ မအိပ်ဘူး။ အခု ကိုစိုင်း ဆိုင်ကယ်နဲ့ပဲ လာကြတာလား၊ နင့်ရှိဆိုင်ကယ် မပါဘူးလား"

"မပါဘူး၊ ကိုစိုင်းနဲ့ အကြုံလိုက်လာတာ"

"နင်တို့က ကိုစိုင်းနဲ့ တော်တော်ခင်နေပြီပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ခါ ဒီကပြန်တော့လေ ဆိုင်ကယ်ဘီးက လမ်းတစ်ဝက်မှာ ပေါက်ပါလေရော၊ အဲဒါ ကိုစိုင်းနဲ့ တွေ့လို့သာ တော်တော့တယ်၊ မဟုတ်လို့ကတော့ မတွေးရဲဘူး၊ လမ်းတစ်ဝက်မှာ ကိုးလိုးကန့်လန့် ဖြစ်မှာသေချာတယ်"

"ကယ်တင်ရှင်ကြီးပေါ့လေ"

"ကိုစိုင်းက သဘောထား ပြည့်တယ်နော်"

"အဟင်း ... သူက မိန်းကလေးတိုင်းအပေါ် သဘောထား ပြည့်တယ် ထင်တယ်"

"မမကျော့ကလည်း"

"နင်တို့ ဒီမှာအိပ်သွားလေ၊ မနက်ဖြန်မှပြန်"

"မရဘူး၊ ခခက မနေတတ်ဘဲနေဦးမယ်၊ ပြီးတော့ အမေ့ကိုလည်း ပြန်လာမယ်လို့ပဲ ပြောခဲ့တာ၊ အမေကလည်း သိပ်နေမကောင်းဘူးလေ"

"အမလေး ... နေမကောင်းဘူးသာပြောတာ ကိုစိုင်းနဲ့တော့ ပါလာတယ်"

"ဩော် ... ခခ တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့သာ လိုက်လာပေးတာပါ"

"သူက စိုင်းနဲ့ လိုက်ချင်တာလား"





"အို ... မမကျော့ကလည်း၊ အဲလိုတော့ မပြောပါနဲ့၊ သူက ညှို့သည်ပဲ၊ ကိုစိုင်းတို့ နန်းဝါတို့က အိမ်ရှင်ပီပီ ဝတ္တရားကျေရမှာပေါ့"

"သဒ္ဒါပိုကြတယ်ပေါ့လေ၊ သဒ္ဒါလွန်လွန်းရင် သိပ်မကောင်းဘူးနော်"

"မမကျော့ရယ် ရိုးသားစမ်းပါ၊ သူက ကိုယ့်ပြည်နယ်ရဲ့ ညှို့သည်ပဲလေ၊ ဧည့်ဝတ္တရားပဲ"

"ညှို့သည်ကလည်း ညှို့သည်ထက်ပိုပြီး အခွင့်အရေး မယူနဲ့ပေါ့"

"အို ... ဘာတွေများ အခွင့်ရေး ယူနေလို့လဲ"

"စိုင်းအပေါ် လိုတာထက်ပိုပြီး ရင်းနှီးနေသလိုပဲ"

"အဲဒါက မမကျော့ ရင်ထဲမှာ အဆိုးမြင်ဝါဒီ ရှိနေလို့ပါ၊ ကိုစိုင်းနဲ့ပတ်သက်ပြီး တွန့်တိုတဲ့စိတ် ရှိနေလို့ပါ၊ တကယ်ဆိုရင် ခခနဲ့ ကိုစိုင်း ဘယ်လောက်ပဲ ရင်းနှီးပါစေ၊ မမကျော့နဲ့ မဆိုင်ဘူးလေ။ ခုက မမကျော့က ကိုစိုင်းကိုလိုက်ပြီး တွန့်တိုနေတာနဲ့ ခခကို အမြင်မကြည် ဖြစ်နေတာပေါ့"

"အို ... နန်းဝါရယ်၊ ညည်းက ငါ့ညီမပါအေ၊ သူစိမ်းဘက်က ကဲကဲဆတ်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝါက မှန်တဲ့ဘက်က ပြောတာပါ၊ သူ့ဘက်လိုက်တာလည်း မဟုတ်ဘူး"

"တော်ပြီ နန်းဝါ၊ ညည်းပြောပုံဆို ငါကပဲ အရှက်မရှိတဲ့ မိန်းမ ဖြစ်နေပြီပေါ့။ ငါကပဲ ကိုစိုင်းကို အသည်းအသန် လိုချင်နေသလို ဖြစ်နေပြီပေါ့"

"နန်းဝါ အဲလိုမပြောပါဘူး"

"တော်ပြီ ... ညည်းလည်း အလကားပဲ"

"အို ... နန်းဝါကို လာမမဲပါနဲ့၊ မမကျော့က လုံးဝဘာလိုင်းကြီး ဆော်ကားနေတာ၊ နန်းဝါ သူငယ်ချင်းက သူ့ဘာသာ အေးဆေးနေတာ၊ မမကျော့ကို ဘာမှမပတ်သက်ဘူး။ မမကျော့ ကိုစိုင်းကလည်း သူ့ဘာသာ ခခကို သဘောကျလို့နေမှာပေါ့၊ သူနဲ့ မမကျော့က သမီးရည်းစားတွေမှ မဟုတ်တာ၊ မမကျော့မှာ ပြောပိုင်ခွင့် ချုပ်ချယ်ပိုင်ခွင့် မရှိဘူး၊ ကိုယ့်ဘာသာလည်း ပြန်စဉ်းစားကြည့်ပါဦး၊ တော်ပြီ ... နန်းဝါ ပြန်တော့မယ်၊ မမကျော့ဆီကို သတိရလို့ လာလည်တာ၊ ခုတော့ စိတ်က မကြည်လင်တော့ဘူး၊ ပြန်မယ်"





"ပြန် ... ပြန်၊ နင် ခေါ်ထားလို့ စိုင်းနဲ့ ဒီကောင်မလေး ဆုံတာ"

"မမကျော့က အရှမ်းကို သဘောထားသေးတာပဲ၊ တော်ပြီ ပြန်တော့မယ်၊ ကြီးကြီးလေးကို နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ ..."

"ခခရေ ပြန်ရအောင်"

"ဟင် ... ပြန်တော့မလို့လား"

"ပြန်ရအောင်ကွာ၊ အိမ်မှာ အမေကလည်း သိပ်နေမကောင်းတော့ စောစောပြန်ရအောင်"

"အေး ... ပြန်မယ်လေ။ ကိုစိုင်းရော"

"ဟိုဘက်မှာ"

"နန်းဝါ သွားခေါ်လိုက်လေ"

"အင်း"

မမကျော့က ခခကို ဟန်ဆောင်ပြီးပင် နှုတ်ဆက်ဖော်မရပါ။ ပြန်ဖို့ ဆိုင်ကယ်ပေါ်တက်တော့ ...

"ခခ နောက်ဆုံးက ထိုင်မယ်နော်၊ နောက်ဆုံးက စီးကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့"

"အို ... အလယ်ကပဲထိုင်ပါ၊ ပြုတ်ကျမှာစိုးလို့၊ နန်းဝါပဲ နောက်က ထိုင်မယ်"

"နောက်က စီးကြည့်ချင်လို့ပါ နန်းဝါရဲ့"

"မရဘူး၊ အလယ်ကပဲစီး"

ကိုစိုင်း မျက်နှာပေါ်မှာ ဝမ်းနည်းခြင်းတွေက တရိပ်ရိပ် ဖြတ်ပြေးနေသည်။ ခခရဲ့စိမ်းကားမှုတွေအတွက် နာကျင်နေသလား ကိုစိုင်းရယ်၊ စိမ်းကားခံရသူထက် စိမ်းကားပြနေသူရဲ့ ရင်ထဲမှာက ပိုပြီးနာကျင်နေရတယ်ဆိုတာ ကိုစိုင်း သိရဲ့လား။

"နန်းဝါ တက်လိုက်ပါ၊ သူ စိတ်ချမ်းသာသလို နေပါစေ၊ ကိုယ် ဆိုင်ကယ်အရှိန် လျှော့မောင်းပါ့မယ်"

သုံးယောက်စလုံးကို စူးရှစွာ ကြည့်နေသော ကျော။

"စိုင်း ဘယ်တော့လာဦးမှာလဲ"

"အားရင်တော့ ရောက်မှာပါ၊ သွားပြီနော်"

"ကျော စောင့်နေမယ်နော်"

ကိုစိုင်းက ဆိုင်ကယ်ကို မောင်းထွက်လာလိုက်သည်။ တစ်လမ်းလုံး စကားမပြောတော့ပါ။ နန်းဝါက ...





"ခခ ကိုယ့်ခါးကို ဖက်ထားနော်"

ခခ နန်းဝါခါးကို တအားဖက်ထားလိုက်ပြီး နန်းဝါ ကျောပြင်မှာ မျက်နှာအပ်ကာ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ နန်းဝါ အိမ်ရောက်တော့ ...

"ကိုစိုင်း မိုးလည်း ချုပ်တော့မယ်၊ ဒီမှာ ထမင်းစားပြီးမှ ပြန်ပါလား"

"တော်ပြီ နန်းဝါ၊ ဩော် ... ခခ"

"ရှင်"

"ပင်းတယသွားမယ့် အစီအစဉ်ကို ဖျက်ချင်ရင်လည်း ရတယ်နော်၊ အားမနာနဲ့"

"ကိုစိုင်း"

"ကိုယ် သွားတော့မယ်"

နန်းဝါက အိမ်ထဲဝင်သွားသည်။ မှောင်ရိပ်သမ်းချိန်မို့ အပြင်မှာလည်း ဘယ်သူမှ ရှိမနေ။ ဆိုင်ကယ်စက်နှိုးနေသော ကိုစိုင်းနားသွားပြီး သူ့လက်မောင်းကို ခခ နှုတ်ခမ်းလေးနှင့်ထိကာ ...

"ကိုစိုင်းကို ခခ ချစ်တယ်"

"ကလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းရယ်"

"ကလေးလေး တကယ်ပြောတာလား"

"အင်း"

"ဟား ... ဝမ်းသာလိုက်တာကွာ"

သူက ခခရဲ့ခါးသေးသေးလေးကို ဆွဲဖက်ပြီး ကျန်လက်တစ်ဖက်က ခက်ခေါင်းလေးကို သူ့ပခုံးဆီ ဆွဲယူဖိချလိုက်သည်။

"ကိုစိုင်း"

"ဟင်"

"ကိုစိုင်းကို အရမ်းချစ်တယ်သိလား၊ ကိုစိုင်းကို ချစ်တယ်"

"ကလေးရယ် ကိုယ် ဝမ်းသာလိုက်တာ၊ ကိုယ်လည်းကလေးကို အရမ်းချစ်တယ်၊ ကိုယ်လည်း နှလုံးသားတစ်ခုလုံးဖုံးပြီး ချစ်တယ်သိလား"

"ဟုတ်"

"ဟား ... ချစ်ဖို့ကောင်းလိုက်တာ၊ ပြန်တောင်မပြန်ချင်တော့ဘူး၊ ကိုယ် မနက်ကျရင် လာခေါ်မယ်သိလား မနက်စောစော မြင်းသွားစီးရအောင်နော်၊ ပြီးရင် မနက်စာကို ကိုယ့်လက်ရာ ရှယ်ကျွေးမယ် သိလား"





"စားရချည်သေးရဲ့"

သူမလေးရဲ့ ပြောင်ချော်ချော် အပြောကို သ...ဘာကျသွားပြီး ပါးကို လိမ်ဆွဲဖျစ်လိုက်သည်။

"အား ... နာလိုက်တာ"

"ဥဖြ ရှတ်"

"သွား လူလည်ကျတယ်"

သူမရဲ့ပါးလေးနှစ်ဖက်က နှစ်ဆီသွေးလွှမ်းသွားပြီး ခေါင်းလေးပါ ငုံ့သွားသည်။ သူက သူမရဲ့ ဆံပင်လေးတွေကို ခပ်ဖွဖွနမ်းလိုက်ပြီး သူမမေးစေ့ကို အသာပင့်လိုက်ပြီး သူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ကြိုးစားသော်လည်း သူမက မျက်လွှာချထားသဖြင့် မျက်ခွံတွေကို ခပ်ဖွဖွနမ်းလိုက်သည်။

"ခခ အိမ်ထဲဝင်တော့မယ်"

"မလွှတ်ပေးချင်ဘူး"

"သွားတော့မယ်ဆို"

"ကိုကို မနက်ကျရင် လာခေါ်မယ်နော်"

"ဟုတ်"

တကယ်တမ်း မနက် ကိုစိုင်းလာခေါ်တော့ ခခက အိပ်ရာကပင် မနိုးသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



“ခဏနော် ကိုစိုင်း၊ နန်းဝါ နှိုးပေးမယ်”

“နေပါစေ နန်းဝါ၊ မနှိုးပါနဲ့ ကိုယ် နှင်းဆီပင်တွေ ကြည့်လိုက်ဦးမယ်၊ မနက်စောစော ပန်းခင်းထဲလာရတဲ့ အရသာလည်းမဆိုးပါဘူး”

ပြောပြီး ပန်းပင်တွေဘက်ထွက်သွားတော့သည်။ မနှိုးနဲ့ဆိုပေမယ့် ကာလနဂါးမကလေးက မနှိုးရင် ရှစ်နာရီထိုးတာတောင်နိုးမည်မထင်။

“ခခ … ခခ”

“အင် … ဘာလဲ”

“ထတော့လေ၊ ဟိုမှာ ကိုစိုင်း ရောက်နေပြီ”

“အင်း …”

“ဟယ် … ခခ ထဆို”

“အိး”

“ဩော် … ဟဲ့ … ထပါဆို၊ အီးအဲနဲ့ လိုမ့်နေတယ်၊ ကိုစိုင်းရောက်နေပြီရော”

“ဟဲ ဟဲ … ရောသံပါလာပြီဆိုရင်တော့ထမယ်၊ ဘာလို့စောစောစီးစီးလာနှိုးနေတာလဲ”

“အယ် … ကိုစိုင်း ရောက်နေတယ်လို့”





“ဟာ … ဟုတ်သားပဲ”

ပြောပြီး ခုတင်ပေါ်မှဆင်းကာ ရေချိုးခန်းထဲ ဝင်ပြေးသွားသည်။ နန်းဝါက အိပ်ရာသိမ်း၊ အခန်းရှင်းရင်းနဲ့ …

“မြန်မြန်လုပ်”

“လာပြီ”

ရေချိုးခန်းထဲမှ ပြေးထွက်လာကာ ဆွယ်တာတစ်ထည်နဲ့ ဂျင်းပင်န်တစ်ထည် ကောက်ဝတ်လိုက်ပြီး ခေါင်းဖြီးကာ ဆံပင်တွေကို သိုးမွေးကွင်းနဲ့ စုချည်လိုက်သည်။ မျက်နှာကို နှုတ်ခမ်းနီပါးပါးလေးလိမ်းလိုက်ပြီးတော့ …

“ပြီးပြီ သွားတော့မယ်”

“ဖုန်းယူသွားဦး၊ တော်ကြာ ရန်ကုန်အိမ်က ဖုန်းလာနေဦးမယ်”

“အေး … မေ့သွားတာ”

“သိနေတယ်လေ”

“သွားပြီ တာ့တာ”

“ခခ”

“ဟင်”

ခခက အခန်းဝရောက်မှ ပြန်လှည့်ပြီး မေးဆတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ဆုံးဖြတ်လိုက်လို့လဲ"

"အခု ဒီအချိန်ပေါ့နော်၊ ပြီးတော့ အတိုင်းအတာတစ်ခုအထ ပေါ့၊ အဲဒီအတိုင်းအတာတစ်ခုပြီးသွားတဲ့အခါကျရင် ခေ က အိမ်ပြန်ရမယ်၊ ပြီးရင် ခခက ခခုရဲ့မူလဘဝထဲ ပြ ဝင်ရမယ် ...

ဒါပေမဲ့ ခခဘဝမှာ ခခချစ်သူကို ချစ်တယ်လို့ပြေ ခွင့်ရချင်တယ်၊ ခခလေ အချစ်အတွက် တစ်ခဏလေး ဖြစ်ဖြစ် စိတ်ချမ်းသာချင်တယ်၊ ဒါတွေဟာ ကိုစိုင်းအပေ မတရားသလို အခွင့်အရေးယူသလိုဖြစ်နေပြီလားတော့ ေ ဘူး၊ သေချာတာကတော့ ဒါတွေဟာ အတိုင်းအတာတစ် အထိပါပဲ၊ ခခဟာ နောက်ဆုံးတော့ ခခဟာ အိမ်ပြန်ရမယ် ညှော်သည်ပါ နန်းဝါရယ်"

စကားအရှည်ကြီးကို မနားတမ်းပြောပြီးတော့ လှည် ထွက်သွားသည်။ ခခရယ် ကိုစိုင်းဘက်ကိုရော မတွေးတော့ဘူ လား၊ ပျံသန်းသွားတဲ့ ငှက်ကလေးကတော့ သူ့လိုရာခရီးကို ဆက်နှင်သွားမှာပဲ။ ကျန်ခဲ့ရတဲ့ သစ်ကိုင်းခြောက်ရဲ့ဝေဒနာကိုတော့ သိမယ်မထင်။

"ကိုစိုင်း"





"နန်းဝါ နိုးလိုက်တယ်ထင်တယ်"

"အဟင်း ... သွားမယ်လေ"

"ဒါ ကိုကို့ချစ်သူလေးပေါ့၊ ဟုတ်လား၊ ကိုကို အိပ်မက် မက်နေတာလား"

"ဟုတ်မှာပေါ့"

"အိပ်မက်ဟုတ်မဟုတ် စမ်းသပ်ကြည့်ရအောင်"

"ကိုစိုင်းနော်"

"ဟဲ ဟဲ ..."

"ရယ်သံကြီးက ကျောချမ်းစရာကြီး"

ကိုစိုင်းရဲ့ ဆိုင်ကယ်နောက်မှာ ကိုစိုင်းခါးကို တင်းနေအောင်ဖက်ပြီး ကိုစိုင်း ကျောပြင်မှာ မျက်နှာကို ကပ်သားတည်ကျအောင်အပ်ပြီး ငြိမ်သက်စွာပေါ့။ ဒါတွေဟာ တစ်ချိန်ကျရင် လှပတဲ့ အိပ်မက်တစ်ခု နူးညံ့တဲ့ကဗျာတစ်ပုဒ် ဖြစ်ကောင်းဖြစ်နေမှာပါ။ ဆိုင်ကယ်လေးက ကိုစိုင်းရဲ့ခြံထဲ ကွေ့ဝင်ကာ ပေါ်တီကို အောက်မှာ ရပ်လိုက်သည်။

"ကလေး"

"ဟင့်အင်း ... မဆင်းချင်သေးဘူး"

www.burmeseclassic.com



"ဟာကွာ"

သူက ဆိုင်ကယ်ကို စက်ပြန်နှိုးပြီး ခြံထဲမှ ပြန်ထွက်လာသည်။ တောင်ကြီးမြို့အထွက်နားက ချယ်ရီပင်တွေ စီတန်းနေတဲ့ လမ်းကလေးအရောက်မှာ ဆိုင်ကယ်လေးက အရှိန်သတ်သွားပြီး ချယ်ရီပင်တစ်ပင်အောက်မှာ ထိုးရပ်သွားသည်။ ခခကတော့ သူ့ကိုဖက်ပြီး ငြိမ်သက်လျက်ပါပဲ။ သူ့ကိုယ်ပေါ်မှာ ခခရဲ့ လက်ကလေးတွေကို ခပ်တင်းတင်းဆုပ်ကိုင်ထားမိသည်။ ဆွဲဖယ်ပစ်လိုက်ဖို့ နှမြောနေမိတာ ဘာကြောင့်မှန်းမသိ။ ပြီးတော့ ခခ အဲဒီလိုဖက်ထားတာကို သူ့ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ ကြေကွဲနေသလို ထိရှရှနှင့်။

"ကလေး"

ခေါ်မိတဲ့အသံက တုန်တုန်ယင်ယင်နှင့် ...

"အင်း"

"ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"အင်း"

"ဘယ်လိုကြီးမှန်းမသိဘူး၊ ဟိုလေ ..."

"တော်တော့ကွာ၊ မပြောနဲ့တော့ ကိုစိုင်းရယ်၊ ခခတို့ကြားမှာ စကားလုံးတွေ မလိုအပ်ပါဘူး"





"ကလေး ကိုကို့ကိုချစ်လား"

"အင်း"

"ဘယ်လောက်ချစ်လဲ"

"တစ်ဘဝလုံးမှာ တစ်ခါပဲ ချစ်ခဲ့မှုးတယ်၊ အရင်ကရော နောက်ကိုရော အဲလိုအချစ်မျိုး မရှိနိုင်ဘူး၊ တစ်ခါပဲ အလေးနက်ဆုံးပဲ"

ပြောပြီး သူ့ကျောပြင်မှာ မျက်နှာအပ်ထားမိသည်။

"ကလေးရယ် ကိုယ်ကတော့ ကိုယ့်ရဲ့အချစ်ကိုပြောတောင် ပြောမပြတော့ဘူး၊ သေချာတာတစ်ခုက ကလေးကို ကိုယ်ပိုင်ဆိုင်ချင်တယ်၊ ကိုယ့်ရဲ့အနာဂတ်တွေ လှပဖို့က ကလေးရှိနေမှ ဖြစ်တော့မယ်၊ အဲဒါပဲ ပြောတတ်တယ်"

"မပြောတတ်လို့ပဲနော်၊ ပြောတတ်ရင် ခခ အရည်တောင် ပျော်သွားလောက်တယ်"

"အဟင်း"

"ကိုစိုင်း"

"ပြောလေ"

"ခခလေ ချယ်ရီပင်တွေကို ချစ်တယ်၊ ချယ်ရီရောင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်"

"အိုခေလေ ... ဒါဆိုရင် ကိုယ်တို့ လက်ထပ်ကြတဲ့အခါ
ခခက ချယ်ရီရောင်ဝတ်စုံလေးဝတ်ပေါ့၊ ပြီးတော့ ဒီတောင်
ကြီးမြို့ကို ချယ်ရီတွေဖုံးထားတဲ့အချိန်မှာပဲ ကိုယ်တို့ လက်
ထပ်ကြတာပေါ့"

"ကိုစိုင်းရယ်"

"နော် ... ကိုယ့်အိုင်ဒီယာကောင်းတယ်မို့လား"

ခခက မျက်ရည်လဲ့သောမျက်ဝန်းလေးဖြင့် ခေါင်း
ညိတ်ပြသည်။ သူ ထင်လိုက်တာကတော့ ကြည်နူးမျက်ရည်တွေလို့
ပေါ့။ တကယ်တမ်းက ...

"ကိုစိုင်းရယ် ... သိပ်တော့စိတ်ကူးယဉ်မထားနဲ့ပေါ့၊ တွေ
သောလက်မဆန့်မိတဲ့"

"ဖွဟဲ့ ... လွဲပါစေကွာ၊ ကိုယ်က ကလေးကိုချစ်တယ်
ကလေးကလည်း ကိုယ့်ကိုချစ်တယ်၊ အဲဒီအချစ်တွေရဲ့စွမ်း
အားကြောင့် ကိုယ်တို့နှစ်ယောက် ဘယ်တော့မှ မကွဲစေ
ဘူး ... စိတ်ချ၊ လွဲခဲ့ရင်တောင် သေကွဲပဲဖြစ်ရမယ်"

ကိုစိုင်းစကားတွေကြောင့် ခခမှာ ကြက်သီးမွေးညင်း





တွေထလာမိသည်အထိပင် ကြည်နူးမိရသည်။ စိတ်ထဲကလည်း
ကိုစိုင်း စကားတွေကို မိုက်မဲစွာ ထောက်ခံမိသည်။ မျက်စိစုံမှိတ်
ကာ ယုံကြည်ရှေ့ဆက်တိုးလိုက်ချင်စိတ် ဖြစ်သွားမိသည်အထိပင်။

"ကလေး ရန်ကုန် ဘယ်တော့ပြန်မှာလဲ၊ ကလေး ရန်ကုန်
ပြန်သွားရင် ကိုယ်တော့ လွမ်းနေတော့မှာပဲ၊ ကိုယ်လည်း
ကလေးပြန်ရင် ရန်ကုန်ကိုလိုက်ခဲ့မယ်လေ၊ ပြီးရင် ကလေး
မိဘတွေဆီကို လိုက်တွေ့မယ်၊ ပြီးတော့ သူတို့ရဲ့ ချစ်စရာ
ကောင်းတဲ့သမီးလေးနဲ့ လက်ထပ်ခွင့်ပေးပါလို့ ဒူးထောက်
တောင်းပန်မယ်လေ"

"အဟင်း ... ဟုတ်တယ်လေ၊ ခခ ပြန်သွားရင် ကိုစိုင်းကို
သတိရနေမှာ၊ မြင်းစီးကြတာ၊ ဆိုင်ကယ်စီးကြတာတွေကို
လည်း သတိရနေမှာ၊ ပြီးတော့ ကိုစိုင်း ချက်ကျွေးဖူးတဲ့
ထမင်းဝိုင်းလေးကိုလည်း သတိရနေဦးမှာ၊ ပြီးတော့ ဒီနေရာ
က အနမ်းနွေးနွေးလေးကိုလည်း သတိရနေဦးမှာပါပဲ"

ခခက သူမနဖူးကို လက်ဖြင့်ထောက်ပြီး ပြောလိုက်
သဖြင့် သူက ထိုနဖူးပြင်လေးကို အသာဖိကပ်နမ်းရှိုက်လိုက်ပြီး ...

"သတိရစရာမလိုဘူးလေ၊ ကိုယ် တစ်ခါတည်းလိုက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးမိဘတွေဆီမှာ ခွင့်လိုက်တောင်းမလို့ပါဆို"

"ဟင် ... တစ်ခါတည်းတော့ မလိုက်နဲ့လေ၊ ခခက အရင် မေမေတို့ကို ပြောပြထားချင်တယ်"

"တကယ်လို့ ကလေးရဲ့ မိဘတွေက သဘောမတူဘူးဆိုရင်ရော"

"ခခက တစ်ဦးတည်းသော သမီးပါ ကိုစိုင်းရဲ့၊ မေမေတို့က အရမ်းချစ်ကြတာ၊ ခခ စိတ်ညစ်အောင် လုပ်မှာမဟုတ်ဘူးလို့ ခခ ယုံကြည်ထားတယ်၊ ခခကလည်း မေမေတို့ကို စိတ်မညစ်စေချင်ဘူး"

"အေးလေ၊ ကလေးသဘောပဲ၊ ကလေး စိတ်ညစ်နေရမှာစိုးလို့ အဲဒီအကြောင်းတွေ ထပ်မပြောတော့ဘူးနော်"

"အဲလို သိပ်ပြီးမသိတတ်ပါနဲ့လား ကိုစိုင်း"

"ဘာဖြစ်လို့လဲ"

"ပိုပိုပြီး ချစ်လာမိလို့"

"ဟာကွာ"

သူက မချင့်မရဲရေရွတ်ပြီး ခခ လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လာသည်။ ခခက သူ့ပခုံးပေါ် ခေါင်းလေးမှေးတင်လို့ပေါ့။ အချိန်တွေက တစ်စက္ကန့်ပြီးတစ်စက္ကန့် မရပ်မနား ချီ





တက်နေကြသည်။ ချစ်သူကို အနားမှာထားပြီး စိတ်တိုင်းကျပြီးပြည့်စုံတဲ့ဘဝဟာ အချိန်တွေကုန်မြန်လွန်းနေသလိုပဲ။ အနာဂတ်ဆိုတာ မသေချာနိုင်သူတွေအတွက်ကတော့ ရှိနေသေးတဲ့ အချိန်လေးကို ရသမျှ ဆွဲဆန့်ထားချင်မိသည်။

"ကိုကို"

"ဟင်"

"ကိုကို့ကို ခခရဲ့ ရှင်သန်ခြင်းတစ်စက္ကန့်အထိ ချစ်နေမယ်ဆိုတာ ယုံနော်"

"အင်း ..."

"ခခဘဝမှာ အနှိုင်းမဲ့သော၊ ပြီးတော့ ဒီကမ္ဘာပေါ်မှာ ခခရဲ့ တစ်ဦးတည်းသောချစ်သူဟာ ကိုကိုပဲဆိုတာလေးလေးနက်နက် ယုံကြည်ထားပေးနော်"

"အင်း ..."

"ပြီးတော့ ခခကို မချစ်တော့ရင်တောင် ဘယ်တော့မှ မမုန်းပါနဲ့နော်"

"ဟာကွာ ... ဘာတွေပြောနေတာလဲ၊ ကိုကိုက ကလေးကို ဘာလို့ မုန်းရမှာလဲ၊ ဘာကြောင့်မှ မမုန်းဘူး စိတ်ချ"

"တကယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဆယ်ကယ်ကွာ ... ကဲ"

"ကျေးဇူးတင်ပါတယ် ကိုကို၊ ခခလေ ခခ ချစ်သူဆီက အမုန်းတွေကို မလိုချင်ဘူး၊ အချစ်တွေမရတော့ရင်တောင် အမုန်းတွေတော့ မလိုချင်ဘူး ကိုကိုရယ်"

"ကဲပါ ကလေးရယ်၊ ဘာတွေ တွေးနေတာလဲ၊ တွေ့တဲ့ အချိန်လေးမှာ ပျော်ပျော်ရွှင်ရွှင်နေတာ မဟုတ်ဘူး၊ ကိုကို ကလေး ခခကို ကလေးလေးလိုပဲ ထင်ထားတာ၊ ခုလို လေးနက်တည်ငြိမ်တဲ့အတွေးတွေ ရှိတယ်တောင် မထင်မိဘူး သိလား၊ ဒီလို ရင့်ကျက်တည်ငြိမ်တာလေးကိုလည်း တစ်မျိုးချစ်မိတာပါပဲ"

"ဟုတ်လား ... ခခ ဘာလုပ်လုပ် ချစ်တာပဲလား"

"အင်း ... အရမ်းချစ်တယ်၊ ပြီးတော့ ..."

"ဟိုး ..."

"မရတော့ဘူး"

သူ့နှုတ်ခမ်းမှတစ်ဆင့် ခခ လည်တိုင်မှာ အနွေးဓာတ်တစ်ခု ဖြတ်ဆင်းသွားသည်။ ပြီးတော့ ပါးမို့မို့နှစ်ဖက်။ ပြီးတော့ ဖြူစင်မှုအမှတ်တရတံဆိပ်ဖြစ်တဲ့ နဖူးလေးပေါ့။





"တီ"

ဆိုင်ကယ်ဟွန်းသံကြားသဖြင့် နန်းဝါ ထွက်ကြည့်သည်။

"ဟယ် ... ကိုစိုင်း"

"စောစောစီးစီး ဧည့်သည်ရောက်လာပြီလို့ ထင်နေပြီလား"

"ဟို ... ရပါတယ် ကိုစိုင်းရဲ့"

"ခခ မနိုးသေးဘူးမို့လား"

"ရှင် ... ဟုတ်ကဲ့ ... ဟို ..."

ကိုစိုင်းက သူ့အပျော်နှင့်သူမို့ နန်းဝါရဲ့မျက်နှာကို အကဲမခတ်မိသေးပေ။

"ဒီဆို ထုံးစံအတိုင်း ကိုယ် ပန်းခင်းထဲကပဲ စောင့်မယ်၊ ဪ ... နန်းဝါ သူ့ကို မနှိုးနဲ့နော်၊ သူ့ဘာသာဆိုရင် ဘယ်အချိန်မှနိုးလဲဆိုတာ၊ ကိုယ်သိချင်လို့၊ ကိုယ့်ကို မနေ့က ပြောသွားတော့ သူက ကိုယ်မရောက်ခင် နိုးအောင် ထမယ်တဲ့၊ အိပ်ပုတ်မလေး"

"ကိုစိုင်း ... ခခ ပြန်သွားပြီ"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုစိုင်း၊ ခခ ညကားနဲ့ ပြန်သွားတာ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ကိုယ့်ကိုလည်း ဘာမှမပြောသွားဘူး"

"သူက အဲလိုပဲ၊ ဘာအကြောင်းမှ မရှိဘူး၊ ပြန်ချင်တယ်ဆိုပြီး ထပြန်သွားတာ"

"ဩော် ... တကယ့်ကလေးစိတ်လေးပဲကွာ၊ ဒါဆို ကိုယ်ဝဲရန်ကုန် လိုက်သွားရတော့မှာပေါ့၊ ဟူး ... မလွယ်ပါလားခခရယ်၊ ကိုယ့်ကို ခခ ဖုန်းနံပါတ်ပေးပါဦး၊ ဖုန်းနံပါတ်တောင် မယူထားလိုက်ရဘူး"

"ဟိုလေ ... နန်းဝါ အားနာပါတယ် ကိုစိုင်း"

"ဟင် ..."

"ခခက မပေးရဘူးလို့ မှာသွားတယ်၊ ပြီးတော့ သူ့ကို မေ့လိုက်ပါတဲ့"

"ဟာ ... ဘာတွေလဲကွာ၊ မနောက်ပါနဲ့ နန်းဝါရယ်၊ ခခ အိမ်ထဲမှာ ရှိတယ်မို့လား"

"တကယ်တော့ ခခမှာ အိမ်က သဘောတူထားတဲ့သူရှိတယ် ကိုစိုင်းရဲ့၊ သူကိုယ်တိုင်ကလည်း သူ့မိဘတွေရဲ့





စကားကို ခေါင်းညိတ်လက်ခံထားပြီးသား"

"ကိုယ့်ကို အဲလိုတော့ မနောက်ပါနဲ့ နန်းဝါ၊ ကိုယ် အဲဒါကို အမှန်တရားလို့ လက်မခံနိုင်ဘူးဖြစ်နေတယ်"

"ဒီရောက်တော့ သူ ကိုစိုင်းနဲ့ တွေ့တယ်၊ ဒါပေမဲ့ သူ့မှာက လွတ်လပ်စွာ ရွေးချယ်ခွင့်ကမရှိတော့ဘူး၊ သူ တော်တော်လေးခံစားသွားရတယ်၊ ကိုစိုင်းကို ငြင်းဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မငြင်းနိုင်ခဲ့ဘူး၊ ဒီထက်ပိုဆိုးမှာစိုးလို့ နောက်ဆုံး သူ ပြန်သွားဖို့ပဲ ဆုံးဖြတ်ခဲ့တယ်၊ ဘယ်လိုမှ မဖြစ်နိုင်မှန်းသိရက်နဲ့ ရှေ့ဆက်တိုးမိတာလို့ အပြစ်ရှိတယ်ဆိုပြီး အရမ်းလည်းစိတ်မကောင်းဖြစ်သွားပုံပဲ၊ ဒါပေမဲ့ ကိုစိုင်းဟာ သူ့ဘဝမှာ တစ်ဦးတည်းသောချစ်သူပါ၊ သူ တကယ်ချစ်တာပါလို့ ပြောပေးပါတဲ့၊ ပြီးတော့ သူ့လိပ်စာ၊ ဖုန်းနံပါတ် ဘာတစ်ခုမှ မသိချင်ပါနဲ့တဲ့၊ သူ့ကို ကိုစိုင်း ရှာတွေ့ခဲ့ရင်တောင် အခြေအနေက ဘာမှထူးလာမှာမဟုတ်လို့ လိုက်မရှာပါနဲ့တဲ့"

"ဟာကွာ ... အဲဒါ တစ်ဖက်သတ်ကြီးပဲ၊ ကိုယ့်ဘက်ကို ကိုယ့်အခြေအနေကို နည်းနည်းမှထည့်မတွေးဘဲ ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



စက်စက် ဆုံးဖြတ်ချက်ကြီးပဲ"

"အဲလိုတော့ မထင်ပါနဲ့ ကိုစိုင်းရယ်၊ သူလည်း တော်တော်လေးကို ခံစားရတာပါ"

ကိုစိုင်းမှာ ငူငူငိုင်ငိုင် ဖြစ်နေသည်။ နန်းဝါမှာလည်း စိတ်မကောင်းပေ"

"ခခက အိမ်မှာဆို အရမ်းချုပ်ချယ်ခံရတာ၊ ဘယ်လိုပြောရမလဲ၊ ချစ်လွန်းလို့ ဂရုစိုက်ကြတော့ ချုပ်ချယ်ခံထားရသလို ဖြစ်နေတာပေါ့၊ တောင်ကြီးကို လိုက်လာဖို့ခွင့်တောင်းတော့ သူ့အိမ်ကဲ့ လုံးဝ ခွင့်မပြုဘူး၊ နန်းဝါ ကျောင်းပိတ်ရက်ပြန်တိုင်း သူက လိုက်ခဲ့ဖို့ခွင့်တောင်းတယ်၊ ဒါပေမဲ့ သူ့အိမ်က မရဘူး ...

ခု ကျောင်းလုံးဝပြီးသွားလို့ ပြန်လာတော့ သူက လည်း ခွတ်ကိုလိုက်ချင်တာပေါ့၊ အဲဒါနဲ့ သူ့အိမ်ကို မရရအောင်ပြောတာ၊ အဲဒီမှာ သူ့ ပါးပါးက သူ့ကို ကတိတစ်ခုတောင်းထားတယ်၊ အဲဒါက ဒီခရီးကို သွားချင်ရင် အိမ်ထောင်ရေးကို မိဘတွေစိတ်တိုင်းကျ လက်ခံရမယ်ပေါ့ ...





ပြီးတော့ သူ့မိဘတွေက သူ့ပါးပါးကပေါ့နော်၊ သူ့အတွက် အိမ်ထောင်ဖက်ကို ရွေးထားပြီးသားတဲ့၊ ဒါပေမဲ့ ခခအနေနဲ့က အဲဒီကတိကို လက်မခံရင်လည်း ဒီခရီးကို မလိုက်လာရရုံအပြင် ဘာမှ မရှိဘူးလေ၊ အချိန်တန်ရင် ထုံးစံအတိုင်း သူ့မိဘစကားပဲ နားထောင်ရမှာပဲဆိုတော့ သူက ကတိပေးလိုက်တာပေါ့ ...

ပြီးတော့ သူ့မှာကလည်း ချစ်သူတွေ ဘာတွေ မရှိသေးဘူးလေ၊ ဒီရောက်မှ ကိုစိုင်းနဲ့ ဆုံတာ၊ ဒီရောက်မှ သူချစ်တဲ့သူ တွေ့တာဆိုတော့ သူ ဘာမှ မတတ်နိုင်ဘူး၊ မျက်စိစုံမှိတ်ပြီး ခွတ်တိုးဖို့တော့ မစဉ်းစားချင်ဘူးတဲ့၊ ဘာပဲဖြစ်ဖြစ် နန်းဝါကတော့ သူ မှန်မှန်ကန်ကန် ဆုံးဖြတ်သွားတဲ့အတွက် ချီးကျူးမိသေးတယ်"

"နန်းဝါရယ်"

"နားလည်ပေးလိုက်ပါ ကိုစိုင်းရယ်"

"ကိုယ် ကြိုးစားကြည့်ချင်သေးတယ်၊ ကိုယ့်ကို သူ့လိပ်စာ ပေးပါလား"

"သူ့ဘာသာနေပါစေတော့ ကိုစိုင်းရယ်၊ ဆုံးဖြတ်ချက်မှန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေအတွက် အမှန်တရားဆိုတာ ရှိနေမှာပါ၊ ရှိသင့် ရှိထိုက်တဲ့ သစ္စာတရားတွေထဲမှာ ကိုယ် လက်ခံထားခဲ့မှုတဲ့ ကတိအပေါ် သစ္စာရှိတာလည်း ပါမယ်ထင်တယ်"

"ဒါဆို ကိုယ်ကရော"

"ကိုစိုင်းရယ် ... တစ်ချိန်ချိန်ကျရင် ကိုစိုင်းလည်း အဆင် ပြေသွားမှာပါ၊ အခိုက်အတန့်တစ်ခုလောက်ပါပဲ"

"နန်းဝါ ကိုယ့်ကို အထင်သေးတာပဲ"

"နန်းဝါ အဲလိုဆိုတာမဟုတ်ပါဘူး၊ ကိုစိုင်း ခဲကို ချစ်တာ မှန်ပါတယ်၊ ဒါပေမဲ့ အချိန်အတိုင်းအတာတစ်ခု ရလာတဲ့ အခါ ခံစားရတာ သက်သာလာမှာပါ ...

နန်းဝါ ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ဘူးနော် ကိုယ်တွေ့မို့လို့ ကိုယ်တွေ့ကြုံဖူးလို့ပြောတာ ...

နန်းဝါတုန်းက ဆိုရင် နန်းဝါချစ်သူ က သူ့အိမ်ကို ဆန့်ကျင်ပြီး နန်းဝါကို လက်ထပ်ဖို့ပြောတယ်၊ ဒါပေမဲ့ နန်းဝါ သူ့ကိုမယူရက်ပါဘူး ကိုစိုင်း ...

သူ့အတွက် အဆင်ပြေဆုံးဖြစ်နေတဲ့ အခြေအနေ တစ်ခုကို နန်းဝါကြောင့် မပျက်စီးစေချင်ဘူး နန်းဝါပဲ





နောက်ဆုတ်လိုက်တယ် ...

ခံစားရတာမှ အလဲအကွဲပဲနော်၊ ဒါပေမဲ့ အခုဆို သူ့ အဆင်ပြေနေပြီ၊ ရလဒ်က ဒါပဲလေ၊ ခုလို ဆုံးဖြတ်ခဲ့ တဲ့အတွက် နန်းဝါ ဘယ်တော့မှ နောင်တမရဘူး၊ ကျေနပ် တယ်"

"နန်းဝါရယ်"

"ကိုစိုင်းနဲ့ နန်းဝါအဖြစ်က ထပ်တူပါပဲ၊ နန်းဝါတောင် ခံနိုင်ရည်ရှိခဲ့သေးတာပဲ ကိုစိုင်းရယ်၊ ခဲ သူ့ဘဝနဲ့သူ အဆင်ပြေပါစေတော့"

"ကိုယ် ဘယ်လိုလုပ်ရမလဲတောင် မသိတော့ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုစိုင်း၊ လတ်တလော အဖြစ်ထက် ရေရှည်ကိုတွေးပြီး ဆုံးဖြတ်နိုင်ပါစေလို့ နန်းဝါ ဆန္ဒပြုပါ တယ်"

"ဘာပဲဖြစ်ဖြစ်လေ ကိုယ် ရန်ကုန်သွားမယ်၊ ကလေးကို မတွေ့တွေ့အောင်ရှာမယ်၊ ဘာဖြစ်လို့လဲသိလား နန်းဝါ၊ နန်းဝါတို့အဖြစ်မှာ နန်းဝါရည်းစားက မချစ်မနစ်သက်သူ ကို ပေါင်းသင်းရတယ် ဆိုပေမယ့် ယောက်ျားလေးလေ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ဝေးရတဲ့ဒုက္ခအပြင် မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရတဲ့သောကကို ကလေး ခံနိုင်ရည်ရှိမယ်မထင်ဘူး၊ အဲဒါကြောင့် ကိုယ် သူ့ကို လိုက်ရှာကြည့်ဦးမယ် ...

ကံဆုံရင်တော့ ကိုယ်တို့ နှစ်ယောက် ပြန်ဆုံရမှာပေါ့"

နန်းဝါကတော့ သက်ပြင်းပဲချနေသည်။

"ကိုယ် သွားတော့မယ် နန်းဝါ၊ တကယ်လို့ နန်းဝါနဲ့ ကလေး အဆက်အသွယ်ရရင် ပြောပေးပါ၊ ကိုယ် သူ့ကို လိုက်ရှာနေတယ်လို့"

"ပြောပေးပါ့မယ် ကိုစိုင်း၊ ဒါပေမဲ့ ကိုစိုင်းလည်း ပြန်စဉ်းစားပါဦး"

ကိုစိုင်း ခေါင်းငိုက်စိုက်ချပြီး ထွက်သွားသည်။ နန်းဝါ မျက်ဝန်းမှာလည်း သူမတို့တုန်းက အဖြစ်တွေကို မြင်ယောင်လာပြီး မျက်ရည်တွေဝဲနေသည်။

"ကိုစိုင်းရယ် ... ဖူးစာဆိုတာ မွေးကတည်းက နဖူးမှာ ရေးလာပြီးသားပဲလေ၊ ကံကြမ္မာက သတ်မှတ်ခဲ့တဲ့ ဒီဖူးစာကို နန်းဝါတို့က ပြင်နိုင်မှာတဲ့လား၊ အတိတ်ဘဝက ဆု





တောင်းမှားခဲ့ကြတယ် ထင်ပါရဲ့"

သူမရဲ့ ရေရွတ်သံဖွဖွကို ကြားနေရသော မိခင်ကြီးမှာ အိမ်နံရံအကွယ်ကနေ အင်္ကျီလက်မောင်းစဖြင့် မျက်ရည်သုတ်နေသည်။ အဖမဲ့သော ဒီသမီးလေးမျက်နှာမငယ်အောင် လူတစ်လုံးသူတစ်လုံး ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ရုံလောက်သာ ပန်းပင်စိုက်ပြီး ရှန်းကန်ပေးခဲ့ရတာ။ သူ့အဖေသာရှိရင် ဒီသမီးလေးကို ဒီထက်ပိုပြီးသာအောင်ထားနိုင်မှာ။ ခုတော့ မိမိတို့ရဲ့ ချို့တဲ့မှုကြောင့် သမီးလေး သူမ ချစ်သူနှင့် လွဲခဲ့ရသည်တဲ့လေ။ စိတ်ကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ခဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အလွယ်မရင်းခဲ့ပါဘူး

တကယ်တင်းခဲ့တဲ့ သံယောဇဉ်တစ်မျှင်က

နှလုံးသားချည်ခင် အငင်မှားတာကြောင့်

ဆုံမှတ်ရယ်လွဲ

ပုံအပ်တဲ့အသည်း ကွဲခဲ့ပြီ

တိုးတိတ်ကြေကွဲ

ငါတစ်ယောက်တည်းပေါ့။

ရင်ထဲမှာ ခံစားရတာတွေကို ကဗျာတစ်ပုဒ်အဖြစ် စာစီချ၊ ဆို့နင့်ပေါက်ကွဲလာတဲ့ မျက်ရည်တွေကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း သိမ်းဆည်းထားသော်လည်း စီးတဲ့ရေ ကန်သင်းပျက်နဲ့ ဆယ်မိသလိုပင် ဖိတ်လျှံလို့။

"ဒေါက် ... ဒေါက်"

"သမီး ခေ ... အိပ်နေလား"





မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းလေး ပွတ်သုတ်ကာ မျက်နှာကို ခရင်ပတ်ခ် ပါးပါးလေးတို့လိုက်သည်။ ရေးလက်စစာအုပ်ကို ခေါင်းအုံးအောက်ထိုးသွင်း၏။

"ဒေါက် ... ဒေါက်"

တံခါး ထဖွင့်ပေးလိုက်တော့ တံခါးဝမှာ မေမေ။

"သမီးလေး ငြိမ်နေပါလား"

"မေမေ ဘာမိုင်းစရာရှိလို့လဲ"

"မနိုင်းပါဘူးတော်၊ သမီးကို မေမေ ပြောစရာရှိလို့"

"ဟုတ်"

"သမီး ပါးပါးက သမီးကို မိဘဝတ္တရားအားလုံးကျေချင်တယ်တဲ့ သမီးရယ်၊ မေမေကတော့ ကိုယ့်သမီးလေးကို နမြောတာပေါ့၊ ဒါပေမဲ့လည်း သမီးကညာ အခါရှိတုန်း သင့်တော်ရာ စီစဉ်ရမှာဆိုတော့ ..."

မေမေက ပြောပြီး စကားကို ခဏရပ်ကာ သူမကို အကဲခတ်နေသည်။

"သမီး အိမ်ထောင်မပြုချင်သေးဘူး မေမေရယ်"

"ဒါပေမဲ့ အရွယ်ကရှိသေးတယ် သမီး၊ အခုဆို သမီး ဘွဲ့လည်းရပြီ၊ ဒါပေမဲ့ မေမေတို့က သမီးကို ချစ်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



ကရိုကထခံပြီး ဂရုတစိုက်လုပ်ခဲ့တာတွေက သမီးကို နှစ်သလိုများ ဖြစ်နေမလားလို့လည်း စိုးရိမ်မိတယ်၊ သမီးလေးဟာ လူ့လောကကြီးအကြောင်း ဘာမှ မသိသေးပါဘူး ကွယ် ...

မပြောကောင်းမဆိုကောင်း မေမေတို့ တစ်ခုခုဖြစ်သွားရင် သမီးလေးကို ဘယ်လိုမှ စိတ်ချနိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် သမီး ပါးပါးက သူ သင့်တော်သူတွေ့တုန်း စီစဉ်ချင်တဲ့သဘောပါ ...

ပထမတော့ မေမေလည်း သဘောမတူဘူး၊ မေမေက သမီးကို ကလေးပေါက်စလေးလို့ ထင်နေတုန်းလေ၊ ဒါပေမဲ့ ပြန်တွေးကြည့်တော့ သမီးပါးပါး ပြောတာတွေက အမှန်တရားတွေပဲဆိုပြီး မေမေ လက်ခံလိုက်တာ၊ အစ္စးသဖြင့် မေမေက ရောဂါသည်ဆိုတော့ မေမေ ဖြုန်းစားဖြစ်သွားခဲ့ရင်တောင် သမီးကို စိတ်မချနိုင်ဘဲ အသေဖြောင့်မှာမဟုတ်ဘူး"

"တော်ပါတော့ မေမေရယ် ... တော်ပါတော့၊ မေမေတို့ သဘောကျသလိုလုပ်ပါတော့၊ သမီး လက်ခံပါ့မယ်"

"မိဘစကား နားထောင်တဲ့ ငါ့သမီးလေး ဘယ်တော့မှ မဆင်းရဲဘူး"





"ကိုယ်ရော စိတ်ပါ မဆင်းရဲရရင်တော့ အကောင်းဆုံးပေါ့ မေမေရယ်"

"သမီး ပါးပါးက ခပ်ညံ့ညံ့ ဖခင်မျိုး မဟုတ်ပါဘူး သမီးရဲ့၊ သမီး စိတ်ဆင်းရဲအောင် လုပ်မယ့်လူမျိုးကို သူ ဘယ်ရွေးပါမလဲ"

"မေမေ့သမက်လောင်းက ချောလား မေမေ"

"မေမေတောင် မတွေ့ရသေးပါဘူး သမီးရယ်၊ သမီးပါးပါး ကောင်းတယ်ဆိုတော့လည်း ..."

အဲဒီလို မေမေပါ ရောဂါကြောင့်ရော၊ နဂိုအနေအားတာကြောင့်ပါ အိမ်ထဲကအိမ်ပြင် သိပ်မထွက်သလို အစစအရာရာလည်း ပါးပါးအပေါ် အားကိုးတွယ်တာတတ်ပြီး ပါးပါးသဘောပါးပါးအလိုကျ နေတတ်သည်မို့ ပါးပါးကလည်း ဇနီးသည်အပေါ် တရဏာသက်ကာ ပိုပြီးတော့ပင် ညှာတာကြင်နာသည်မို့ ခခတို့မိသားစုဘဝလေးက အေးချမ်းလှသည်။ ခုတော့ ခခ ရင်ထဲမှာ မအေးချမ်းနိုင်တော့။

ကိုယ့်အပူနှင့်ကိုယ် ကြိတ်မှိတ် ကြေကွဲနေရသည်။ ဆောင်ကြီး သွားမိတာကြောင့် ပါးပါးကို ထိုကတိ ပေးခဲ့ရသလို၊ ဆောင်ကြီး သွားမိတာကြောင့်ပင် ခခ နှလုံးသားလေး အသက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားခဲ့ရသည်။ ခုတော့ တောင်ကြီး သွားမိတာကိုပင် နောင်တရချင်ချင်ရယ်ပါ။

"သမီး"

"ရှင် မေမေ"

"ဘာတွေများ တွေးနေတာလဲ ခခရယ်၊ မေမေ ခေါ်နေတာကို မကြားဘူး၊ ဟိုမှာ နန်းဝါဆီက ဖုန်းလာနေတယ်လို့"

"ခြော် ... ဟုတ် မေမေ"

ဖုန်းဆီသွားတဲ့ခြေလှမ်းတွေမှာ ရင်ခုန်သံတွေ တဒုန်းဒုန်းပေါ့။

"ဟယ်လို"

"ကလေးပိစိ နေကောင်းရဲ့လား"

"လူကို မေးတာလား၊ စိတ်ကိုမေးတာလား"

"နှစ်ခုစလုံးပေါ့"

"စိတ်ကတော့ နေမကောင်းဖြစ်နေတယ် နန်းဝါ၊ အဖျားဒီဂရီ တစ်ရာ့လေးလောက်ရှိမယ်ထင်တယ်"

"ဖြစ်ရမယ် ခေါ်ခွေခတို့ကတော့"

"နန်းဝါရော အမေရော နေကောင်းတယ်မို့လား"

"ကောင်းပါတယ်၊ အမေကတော့ ထုံးစံအတိုင်းပဲ"





"ဂရုစိုက်ပါ နန်းဝါရယ်၊ ဖိုးမောင်တို့ ဂျမ်းပုံတို့ကိုလည်း သတိရတယ်လို့ ပြောပေးပါဦး"

"နင် ပြောချင်တာ ဒီစကားတွေ မဖြစ်နိုင်ဘူး၊ ခခ အနားမှာ နင့်မေမေ ရှိနေလို့လား"

"မဟုတ်ဘူး နန်းဝါ၊ ငါကိုယ်တိုင်ကိုက ပြောသင့်တဲ့စကားတွေပဲ ပြောနေတာပါ၊ မနေ့ကဆိုတာကိုတောင် ပြန်မတွေးချင်ဘူး နန်းဝါရဲ့၊ မနေ့က ဆိုတဲ့နေ့တွေမှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကိုလည်း ပြန်မပြောချင်ဘူး"

"ကလေးပိစိ တော်တော်လူကြီးဆန်လာပြီပဲ၊ အေးလေ ... အချိန်က ကုစားပေးသွားမှာပါ၊ ဒါဆို ငါ သူ့အကြောင်း မပြောတော့ဘူးနော်"

"မပြောနဲ့တော့ နန်းဝါ၊ ခခ ဘာမှ မသိချင်ဘူး"

"ပြီးရောလေ၊ ကျန်းမာရေးကို ဂရုစိုက်၊ ပြီးတော့ သတို့သားလောင်းနဲ့ရော တွေ့ပြီးပြီလား"

"မတွေ့ရသေးပါဘူး၊ တွေ့ချင်စိတ်လည်း မရှိဘူး၊ မင်္ဂလာဆောင်တဲ့နေ့တော့ တွေ့ရမှာပေါ့"

"ရုပ်ဆိုးဆိုးကြီးဆိုရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာပေါ်မှာ ကိုယ့်ချစ်သူလောက် ဘယ်သူမှ မလှပါဘူး၊ မချောပါဘူး နန်းဝါ၊ ကိုယ့်ချစ်သူလောက် ဘယ်သူ့မှ ချစ်စရာမကောင်းပါဘူး၊ ချစ်တိုင်းမညားတဲ့ ဇာတ်လမ်း တစ်ပုဒ် တိုးလာတယ်လို့ပဲ သဘောထားလိုက်ပါ့မယ်ဟာ"

"အေးပါ၊ နင် မင်္ဂလာဆောင်ရင်တော့ ငါ့ကို ဖိတ်ဦးနော်၊ ငါ လာဖြစ်အောင်လာမယ်သိလား"

"နင် အရံလုပ်ပေးရမယ်လေ၊ မလာလို့ရမလား"

"ငါက အရံမလုပ်ချင်ဘူးဟ၊ သတို့သမီးပဲ လုပ်ချင်တာ၊ ခခရဲ့ပွဲမို့လို့သာ လုပ်ပေးရမှာ"

"အေးပါ ... ကျေးဇူးရှင်"

"ဟဲ ဟဲ ... ကဲ ... ဒါပဲဟာ၊ ငါ သတိရလို့ အခြေအနေလည်းသိချင်လို့ ဖုန်းဆက်လိုက်တာ"

"အေးပါ၊ အမေ့ကို ဂရုစိုက်ဦး"

"စိတ်ချ၊ ငါ့မှာ ဂရုစိုက်စရာ ဒါပဲရှိတာ"

"အေး ... ဒါပဲနော်"

ဖုန်းချပြီး ပြန်လှည့်လိုက်တော့ မေမေ့ရဲ့ စူးစူးစမ်းစမ်းအကြည့်ကို ရင်ဆိုင်လိုက်ရသည်။ ခခ မသိချင်ယောင်ဆောင်ပြီး





မိမိ အိပ်ခန်းဘက် ထွက်လာလိုက်သည်။ ပြီးတော့ အခန်းတံခါး အလုံပိတ်ကာ အသည်းကွဲရောဂါသီချင်းကို သံကုန်ဟစ်နေမိသည်။

တစ်ရက်ပြီးတစ်ရက် မင်္ဂလာကိစ္စက သက်ဝင်ထမြောက်လာသည်။ တစ်ရက်ထက်တစ်ရက် မင်္ဂလာကိစ္စဆိုတဲ့ အသံတွေက နားထဲမှာ လျှံနေသည်။ မေမေကိုယ်တိုင်က ရောဂါတစ်ဝက်သက်သာနေပုံဖြင့် တက်တက်ကြွကြွ လှုပ်ရှားနေတာမြင်ရတော့ ခခ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကို နောင်တမရတော့။ အတတ်နိုင်ဆုံး အခန်းထဲက မထွက်ဘဲ ငြိမ်သက်တိတ်ဆိတ်နေသည်။ ချစ်သူ ဘယ်လိုနေရှာမလဲဟု တွေးမိပြန်တော့လည်း စိတ်မကောင်းချင်။ မျက်ရည်က အိခနဲ ဝိုင်းလာ။ ဒီလိုနဲ့ပဲ ...။

❣❤❣



www.burmeseclassic.com

www.burmeseclassic.com



ပါးပါး နိုင်ငံခြားက ပြန်လာတဲ့နေ့ မိသားစု စုံစုံညီညီနဲ့ မနက်စာစား ကော်ဖီဝိုင်းလေးမှာပေါ့ ...

"သမီး ခခ ... ပိန်သွားသလိုပဲ"

"အို ... ကျွန်မလည်း သမီးကို ဂရုစိုက်ပါတယ်၊ မနေ့ကပဲ ဆေးစစ်ပေးထားတယ်"

"ဟော့ ကိုယ်က ဘာမှမပြောရပါလားကွာ၊ အခုခေတ်က ပိန်တဲ့ခေတ်လေ၊ ငါ့သမီးတော့ ကမ္ဘာပေါ်မှာ အလှဆုံးသတို့သမီး ဖြစ်တော့မယ်ထင်တယ်"

"ပါးပါးကလည်း ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေပြန်ပြီ"

"ဟား ဟား ... အေး အမှန်ဆို ဒီထမင်းဝိုင်းမှာ မောင်မင်းလည်း ပါသင့်တယ်၊ ဒါပေမဲ့ ပါးပါးက ကိုယ့်မိသားစုချည်းပဲ သီးသန့်စားရအောင် သူ့ကို မခေါ်တာ"

"ဘယ်သူလဲ ပါးပါး"





"ဟော ... သမီးရဲ့ ခင်ပွန်းလောင်းလေ၊ မေကြီးက ပြောမထားဘူးလား"

"ပြောပါတယ်၊ သမီးက အမှုမဲ့အမှတ်မဲ့ ဖြစ်နေလို့ပါ"

"သမီး အိမ်ထောင်တစ်ခုပြုတယ်ဆိုတာ ငှက်ပျောသီး အခွံနွှာစားတာမဟုတ်ဘူး၊ ဒါ တစ်သက်လုံးနဲ့ဆိုင်တဲ့ကိစ္စမျိုးပဲ၊ သမီးရဲ့ စိတ်ဝင်စားမှုက အခုလောက်အထိ မနည်းသင့်ဘူး"

"သမီး အချိန်တန်ရင် မင်္ဂလာပွဲတက်မှာပါ ပါးပါး၊ ဒါပေမဲ့ အဲဒီမင်္ဂလာပွဲ မတိုင်မီ သမီး နေချင်သလိုနေခွင့်ပေးပါ၊ ပြီးတော့ ပါးပါးတို့ စီစဉ်တာကို သမီး မငြင်းသလို သမီး တောင်းဆိုတာကိုလည်း လက်ခံပေးပါ ပါးပါး၊ သမီး ဒီကြားထဲက ကိုမင်းစံကို မတွေ့ချင်ဘူး၊ သမီးကို သူနဲ့ မတွေ့ပေးပါနဲ့"

"မောင်မင်းစံကို သမီး သဘောကျမှာပါ"

"ခုလောလောဆယ်တော့ သမီး တွေ့ချင်စိတ်မရှိဘူး ပါးပါး"

"အေးလေ ... သမီး သဘောပဲ၊ ပါးပါး ဒီလောက်တော့ လိုက်လျောရမှာပေါ့၊ ကဲ ... ငါ့သမီးဖို့ ပါးပါး ဝယ်လာတာတွေ သမီး အခန်းထဲ ပို့ခိုင်းထားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပါးပါး"

အေးစက်စက်ဖြစ်နေသော သမီးဖြစ်သူကို ကြည့်ကာ ဖခင်ဖြစ်သူ မျက်ခုံးပင့်သွားသည်။ အရင်ကဆို ဖခင်ဖြစ်သူ ဝယ်လာသည့် နိုင်ငံခြားပြန်လက်ဆောင်တွေရတိုင်း မြူးတူးခုန်ပေါက်နေတတ်သူလေးက သူ မဟုတ်တော့သလို ငြိမ်သက်နေသည်။

"သမီး ပါးပါးရော သမီး မေမေရော သမီးကို ဘယ်လောက်ချစ်လဲဆိုတာ သမီး အသိဆုံးနော်၊ သမီးတစ်ယောက်တည်းရှိလို့ သမီးသာလျှင် ပါးပါးတို့ရဲ့ကမ္ဘာလေး ဖြစ်နေခဲ့တယ်၊ အခု ပါးပါးတို့အတွက် ဘာတစ်ခုမှ မပါဘူး၊ သမီးအတွက် သမီးရဲ့ရှေ့ရေးအတွက် စီစဉ်ရတာပဲ၊ မဟုတ်လို့ သမီးလေး မသူတော်နဲ့တွေ့သွားရင် ဒုက္ခရောက်မှာစိုးလို့ပါကွယ်"

"တစ်ယောက်တည်းနေလည်း ရတာပဲ ပါးပါးရယ်"

"သမီးရယ် မိန်းမဆိုတာ တစ်ယောက်တည်းနေလို့ မသင့်တော်ဘူး၊ ပြီးတော့ သမီးမှာက အစ်ကိုဟဲ့မောင်ဟဲ့လည်း ရှိတာ မဟုတ်ဘူး၊ ပြီးတော့ သမီးလေးက လူ့လောကကြီးအကြောင်း ဘာမှ မသိနားမလည်သေးဘူးလေ၊ သမီးလေးကို ပါးပါးတို့မရှိတော့ရင် ဘယ်လိုမှ စိတ်ချနိုင်မှာမဟုတ်ဘူး"





"ပါးပါးနော် မင်္ဂလာပွဲမတိုင်ခင် ခဏ စိတ်တိုင်းကျ နေခွင့်ပေးရမယ်နော်"

"သမီးက ဘယ်လိုနေချင်လို့လဲ"

"အထူးသဖြင့် စိတ်ကို လွတ်လွတ်လပ်လပ်ထားချင်တယ် ပါးပါးရယ်"

"သမီး စိတ်ကျဉ်းကျပ်နေလို့လား"

"အဲလိုသဘောမဟုတ်ပါဘူး ပါးပါးရယ်၊ ဘယ်လိုပြောရမလဲ၊ ခဏ အိမ်ထောင်မပြုခင်ဆိုတဲ့ အချိန်ကလေးမှာ စိတ်လက်ပေါ့ပါးစွာနေချင်တဲ့သဘောပါ"

"အိုကေလေ သမီး သဘော"

"ကျေးဇူးတင်ပါတယ် ပါးပါးရယ်"

"သမီး ကားသုံးချင်ရင် ဦးဘမောင်ကို မောင်းခိုင်းလေ"

"ပါးပါး ကားကို ဘယ်သူမောင်းပေးမလဲ"

"ဒီနေ့တော့ ပါးပါး ဦးဘမောင်ကို ခေါ်သွားမယ်၊ ပြီးရင် ပြန်လွှတ်လိုက်မယ်လေ၊ ပါးပါး ကုမ္ပဏီမှာ ဒရိုင်ဘာတွေ ပေါပါတယ်၊ ရုံးကတစ်ယောက်ယောက်ကိုပဲ မောင်းခိုင်းလိုက်မယ်၊ ပြီးတော့ သမီး မေမေဆီမှာ ပိုက်ဆံ လိုသလောက် ထုတ်သုံး၊ ခင် သမီးကို ပိုက်ဆံထုတ်ပေးလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သမီး ပိုက်ဆံ မလိုပါဘူး မေမေ"

"လိုရင် ထုတ်ပေါ့ သမီးရယ်၊ ကဲ ... ပါးပါးလည်း ကုမ္ပဏီကို လစ်တော့မယ်၊ ဒီနေ့ မောင်မင်းစံနဲ့ ချိန်းထား သေးတယ်"

"ကျွန်မ လိုက်ခဲ့လို့ရမလား"

"ဘာအတွက်လဲ ခွင်"

"မောင်မင်းစံကို တွေ့ချင်လို့ပါ"

"လိုက်ချင်လိုက်ခဲ့ ခင်၊ ဒါပေမဲ့ ကိုယ်တို့က နေ့လယ်စာ စားရင်းနဲ့ စကားပြောကြမှာ၊ ခင့်ကို ဆယ့်တစ်နာရီခွဲ လောက် လာခေါ်နိုင်းလိုက်မယ်၊ ဒီမနက် ကိုယ် ရုံးမှာ အလုပ်ရှိသေးလို့ ဆယ့်တစ်ခွဲကို အဆင်သင့်ပြင်ပြီးစောင့်နေ လိုက်"

"ဟုတ်ကဲ့"

"သမီး .ခခ ပျော်ပျော်ရွှင်ရွှင်နေနော်"

"ဟုတ်ကဲ့ပါ ပါးပါး"

စိတ်ထဲမှာတော့ ...





"ဘယ်လိုလုပ်ပြီး ပျော်နိုင်မှာလဲ ပါးပါးရယ်၊ ခခ အသည်း တွေ တစ်စစီ ကြေမွအက်ကွဲနေတယ်၊ ရင်တွေနာနေတယ်၊ တစ်ရက်ထက်တစ်ရက် ရင်ထဲမှာ စုလာတဲ့ ကြေကွဲမှုတွေ မီးတောင်တစ်ခုလို ပေါက်ကွဲကာနီးပြီ ပါးပါးရဲ့"

"သမီးလေးကြည့်ရတာ ငှုငိုင်ငိုင်နဲ့ မရွှင်လန်းဘူး၊ ဘာ ဖြစ်နေလဲ မေမေ့ကိုပြော"

"ဘာမှ မဖြစ်ပါဘူး မေမေ"

"အိမ်ထောင်ပြုရမယ်ဆိုလို့ ကြောက်နေတာလား သမီး၊ ဒါဟာ လောကဓမ္မတာတစ်ခုပါပဲကွယ်"

"ဟုတ်ကဲ့ မေမေ့ကို ခွင့်တောင်းရဦးမယ်"

"ပြောလေ သမီး"

"ခခ ဒီနေ့ ဗိုလ်ချုပ်ဈေးသွားချင်လို့"

"မေမေ လိုက်ခဲ့ရမလား"

"ခခ တစ်ယောက်တည်း သွားချင်တာ"

"ဦးဘမောင် ပြန်လာရင် သွားလေ၊ ကောင်မလေးတစ် ယောက်ယောက် ခေါ်သွားပါလား၊ အညိုဖြစ်ဖြစ်"

"သမီးတစ်ယောက်တည်း သွားချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သဘောပဲ၊ သမီး ပါးပါး ခွင့်ပြုထားလို့သာ မေမေတော့ မလွှတ်ချင်ဘူး၊ အေးလေ မကြာခင်မှာ သမီးလေးဟာကိုယ့်ဘဝကိုယ် ထူထောင်တော့မှာပဲ၊ မေမေတို့က ဆိုင်ရုံပဲဆိုင်တော့မှာပဲလေ၊ သမီး သွားကာနီးရင် မေမေ့ဆီမှာ ပိုက်ဆံလာထုတ်ဦး"

"ဟုတ်"

လေးကန်တဲ့ခြေလှမ်းတွေဟာ ခခမှ ဟုတ်ရဲ့လားဟု ထင်ချင်စရာပင်။ ခခတစ်ယောက် ရှေ့လျှောက်ပိုပြီးတော့မင် ပြောင်းလဲသွားဦးမှာပေါ့နော်။ အဓိကပြောင်းလဲမှုကြီးကတော့ ခခဟာ ကိုစိုင်းရဲ့ ချစ်သူမဟုတ်တော့မယ့် ကိုမင်းစံရဲ့ဇနီးသည်အဖြစ်တဲ့လား။

❣ ❤ ❣





"မောင်မင်းစံကို ဦးပြောစရာရှိလို့ ခေါ်လိုက်တာပဲ"

"ဟုတ်ကဲ့ ပြောပါ ဦး"

"ဒီလို မောင်မင်းစံရဲ့၊ ဦးမှာ သမီးလေးတစ်ယောက် ရှိတယ်"

"ဟုတ်ကဲ့"

"ဦးတို့ရဲ့ တစ်ဦးတည်းသောသမီးလေးဆိုတော့ စိုးရိမ်ပူပန်မှုများနဲ့ သမီးလေးကို ရင်ခွင်ထဲပဲ ထည့်ထားခဲ့မိတယ်၊ ဒါပေမဲ့ အချိန်တန်အရွယ်ရောက်လာတော့လည်း မိဘဝတ္တရား ဆိုတာကြီးက ခေါင်းထဲဝင်လာသလို သမီးလေးရဲ့ ရှေ့ရေးဆိုတာကိုလည်း တွေးပူလာတယ်၊ ကုန်ကုန်ပြောရရင် ဦးရဲ့မျက်စိထဲမှာ မောင်မင်းစံကို မြင်လာတယ်၊ သမီးအတွက် မောင်မင်းစံသာ အသင့်တော်ဆုံးလို့လည်း တွေးမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"အုံညြသွားမယ်ဆိုတာ သိပါတယ် မောင်မင်းစံ၊ ပြီးတော့ မောင်ရင် မငြင်းပါဘူးလို့လည်း ယုံကြည်ထားတယ်"

စီးပွားရေးလုပ်ရာတွင် ကွက်ကျော်မြင်တတ်သဖြင့် သူ လေးစားအားကျခဲ့ရသော သူ့ရဲ့သူဌေး ခုတော့ သူ့ဘဝကိုပင် ကွက်ကျော်ရိုက်တော့မည်ပင်။

"အစီကကတော့ သမီးနဲ့လက်ထပ်တာထက် ရွှေအိမ်စည် စီးပွားရေးလုပ်ငန်းစုကြီးကို မောင်မင်းစံ လက်ထဲ အပ်ချင်တာလည်း ပါပါတယ်၊ ဦးရဲ့စီးပွားရေးအားလုံး သမီး ရွှေအိမ်စည်ရဲ့နာမည်တွေနဲ့ချည်းပဲလေ၊ အဲဒီတော့ သူစိမ်း မဝင်လာစေ ချင်ဘူး"

သူ ခေါင်းငိုက်စိုက်ကျနေသည်။ ငါးစားပြတယ်လို့လည်း မထင်ရက်တော့ပါဘူးလေ။

"မင်္ဂလာကိစ္စ အဝဝကို ဦးပဲ အားလုံးစီစဉ်လိုက်မယ် မောင်မင်းစံ မောင်ရင်က မိဘတွေမရှိတော့ ဦးတို့ကပဲ နှစ်ဖက်မိဘလုပ်ပြီး စီစဉ်ရတော့မှာပေါ့"





သူ့သဘောထားကို မမေးတော့ဘဲ စီစဉ်နေပုံမှာ မသိရင် သားသမီးရင်းချာလို သဘောထားတယ်ဟု ထင်ရချင်စရာပင်။ တတ်နိုင်ပါပေ့ကွယ်။

"ဘယ်လိုလဲ မောင်မင်းစံ၊ အသံ မထွက်ပါလား"

"ကျွန်တော်"

"ပြောပါ မောင်မင်းစံ၊ ဘာတောင်းဆိုချင်သေးလဲ"

အဲလို အမေးခံရတာကိုက သူ့ဘက်က ကော်ကော် အောက်နေပြီ။

"ပြောစရာရှိတာပြောပါ မောင်မင်းစံ၊ အားနာတယ်ဆိုတာ လူပျော့လူညံ့တွေရဲ့ အပြုအမူပဲ"

"ကျွန်တော် စဉ်းစားပါရစေဦး၊ ဒါက ဘဝနဲ့ဆိုင်တဲ့ကိစ္စမျိုးဖြစ်နေတယ်၊ အခုမြှန်းစားသိလိုက်ရတဲ့ကိစ္စတစ်ခုကို ချက်ချင်း ပြန်ဖြေပေးဖို့က"

"အိုကေ ... မောင်မင်းစံ၊ ဒါပေမဲ့ မောင်မင်းစံ တစ်ခုယုံကြည်ပေးထားရမှာက သမီး ရွှေအိမ်စည်ဟာ ဘာချွတ်ယွင်းချက်မှ မရှိဘဲ ရွှေပင်ပေါ်က ရွှေကျေးစစ်ပါတယ်ဆိုတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသဘောမဟုတ်ပါဘူး၊ ကျွန်တော့်အတွက် ကျွန်တော် စဉ်းစားချင်သေးတဲ့သဘောပါ"

"ကောင်းပြီ ကဲ ... စားကြရအောင်၊ အစားအသောက်တွေ မှာထားတာတောင် ရောက်နေပြီ၊ ခင် စားလေ"

စကားတစ်ခွန်းမှဝင်မပြော ဇနီးသည်အပေါ် ဩဇာ ညောင်းပုံရသော ယောက္ခမလောင်းကိုကြည့်ကာ သူကရော ရွှေအိမ်စည်အပေါ် ဩဇာညောင်းပါ့မလားဟု မင်းစံ တွေးနေမိသည်။ သေချာတာကတော့ သူကိုယ်တိုင်ကကို ဩဇာညောင်းချင်စိတ် မရှိခြင်းပင်။ ရွှေအိမ်စည်တဲ့ နာမည်ကတော့ အပျံစားပင်။ သူ့ဖခင် ကိုယ်တိုင်ကလည်း ရွှေပင်နားသော ရွှေကျေးပါတဲ့။ ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ ကိုယ့်ဝမ်းနာကိုယ်သာသိသည်ပင်။

"မောင်မင်းစံ စားမကောင်းဘူးလား"

"ကောင်းပါတယ်ခင်ဗျ"

"မောင်မင်းစံကတော့ အံ့ဩနေမှာပါ၊ မိန်းကလေးဘက်က စပြောတယ်ဆိုပြီး"

"ဟို ... ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ မရှိပါဘူး ဦး"





"ကဲပါ စား ... စား ... အားရပါးရစား၊ ထမင်းကျွေးပြီး ဒီစကားပြောတယ်လို့လည်း မထင်နဲ့ပေါ့ မောင်မင်းစံ၊ ပြီးတော့ မောင်မင်းစံ လုံးဝမငြင်းဘူးလို့ ယုံကြည်ထားလို့ ဒီစကားကို ပြောရတာပါ"

"ဟုတ်ကဲ့ ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ခခ ... ခခပါလား"

အင်းလျားလမ်းထဲ ကွေ့ဝင်သွားသောကားပေါ်မှာ ခခကို တွေ့လိုက်ရသည်မို့ သူ 'ကားနံပါတ်ကို အရမှတ်လိုက်ပြီး ပြည်လမ်းပေါ်မှ ပြန်ကွေ့ကာ အင်းလျားလမ်းထဲ ပြန်ဝင်လိုက်သည်။ ရွက်လှေအသင်းထဲ ဝင်သွားသော ကားရဲ့နံပါတ်ဟာ အစောက သူ မှတ်လိုက်သောနံပါတ်ပါ။ အင်းလျားရေစပ်မှာ တွေ့ရသောပုံရိပ်ကလေးဟာလည်း သူ့ အသက်တမျှချစ်မြတ်နိုးရသော 'ချစ်သူလေးပါပဲလေ။

"ခခ"

"ဟင်"

"ခခ"

"လူမှားနေပြီထင်တယ်"





"မျက်လုံးက အမြင်မှားနေတယ်ဆိုရင်တောင် နှလုံးသားက ချစ်သူပုံရိပ်ကို ဘယ်လိုမှ မေ့နိုင်မှာမဟုတ်ဘူး"

သူမက ခေါင်းငုံ့သွားသည်။

"ခခကို ရှာလိုက်ရတာ တွေ့တော့လည်း ပြောစရာစကား မရှိသလိုပဲ"

"ဖြစ်သင့်ပါတယ်"

"ဟုတ်တယ်၊ စကားလုံးတွေ မလိုအပ်လောက်အောင် နားလည်ထားပြီးသားပဲလေ"

"ကိုစိုင်း"

"ကိုကိုပါ ကလေးရယ်"

"ခခ အိမ်ထောင်ပြုတော့မှာ"

"ဒါဆို ကိုယ်ကရော"

"ခခ မိဘတွေကို ပေးထားပြီးသားကတိကို မဖျက်ချင်ဘူး ကိုစိုင်းရယ်"

"ဒါဆို ကိုယ်ကရော"

"ခခ သမီးလိမ္မာဖြစ်ပါရစေ ကိုစိုင်း"

"ကိုယ့်အပေါ် တရားတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မတရားခဲ့ဘူးဆိုရင်တောင် ခခ ကိုစိုင်းနဲ့ ကတိသစ္စာတွေ မပြုခဲ့ဖူးဘူး"

"ရက်စက်လိုက်တာ ကလေးရယ်၊ တခြားသူရဲ့ရင်ခွင်မှာ ပျော်နိုင်တယ်ပေါ့"

"မပျော်ရင်တောင်မှ အဆင်တော့ပြေမယ် ထင်ပါတယ်"

"ကိုယ်နဲ့ဆိုရင် အဆင်မပြေနိုင်လို့လား"

"ခခက ကိုစိုင်းနဲ့ မတွေ့ခင်တည်းက လက်ခံထားတဲ့ကိစ္စလေ"

"အေးပေါ့လေ ကိုယ်လို ငမွဲကောင်ရဲ့ရင်ခွင်က ရွှေမင်းသမီးအတွက် သိမ်နုပ်နေမှာပေါ့"

"ပြောပါ ကိုစိုင်း၊ ခခကို ပြောလိုက်ရမှ ကိုစိုင်း ရင်ထဲမှာ သက်သာတယ်ဆိုရင် ကြိုက်သလိုပြောနိုင်ပါတယ်"

သူမလေးရဲ့ ခံစားချက်ကို သတိပြုမိလိုက်သည်။

"ကလေး ... ကိုယ်နဲ့ တောင်ကြီး ပြန်လိုက်ခဲ့ပါလားဟင်"

"လိုက်ချင်တာပေါ့၊ နှစ်ခါမခေါ်နဲ့နော်၊ သိပ်ပြီးစိတ်ခိုင်တာမဟုတ်ဘူး"





ပြောပြီး သူ့လက်မောင်းရင်းမှ နဖူးလေး လာထိသည်။ သူမကိုယ်လုံးလေးကို တင်းနေအောင်ဖက်ထားမိသွားသည်။ နည်းနည်းလေး လျှော့လိုက်ရင်ပဲ လွတ်ထွက်သွားတော့မလားအောက်မေ့ရသည်ကွယ်။

"ကိုကို"

"ပြောလေ ကလေး"

"ကိုကို့ကို ခခ တကယ်ချစ်ခဲ့တာပါ"

"ကိုကို ယုံပါတယ်"

"ခခ လှည့်စားခဲ့တာလည်း မဟုတ်ပါဘူး"

"အင်း ..."

"ပြီးတော့"

"ဘာမှ မပြောနဲ့တော့ကွာ"

"ဟို ..."

ခခရဲ့နှုတ်ခမ်းဟွေက ဘာစကားမှ မကျနိုင်တော့။ ပြီးတော့ စကားခွန်းမဆိုတဲ့ ထိုနှုတ်ခမ်းတွေက အလိုအလျောက် ပူနွေးရှိန်းမြလာသည်လားမသိ။ သေချာတာကတော့ ခခ ကိုယ်တိုင် ထိုနွေးထွေးမှုကို နှစ်သက်လိုလားမိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ခခလေ ကိုကိုမဟုတ်တဲ့ တခြားတစ်ယောက်ကို ကြည်ဖြူနိုင်ပါ့မလား မသိဘူး ကိုကိုရယ်"

"ကလေး တောင်ကြီးပဲ လိုက်ခဲ့ပါတော့၊ ကိုယ်တို့ အားလုံးကို စွန့်လွှတ်လိုက်ကြရအောင်"

"မိဘတွေကိုရော စွန့်လွှတ်လိုက်ရမှာလား"

"ကလေးရယ် ... ဆောရီးကွာ၊ ကိုကို ကလေးကို ကလေးမိဘတွေနဲ့ ခွဲမိတော့မလို့၊ ဒီဘဝမှာတောင် မိမစုံဖမစုံနဲ့ မိဘမဲ့နေရတာ"

"ကိုကို မပြောပါနဲ့တော့လား၊ ခခ ကိုကိုနဲ့ပဲ လိုက်ခဲ့တော့မယ်"

"ဟင့်အင်း ... မခေါ်တော့ဘူး"

"ကိုကို"

ကြေကြေကွဲကွဲ ငိုကြွေးနေတဲ့ ချစ်သူရှိုက်သံလေးကို မကြားရက်တော့ပါ။ ရင်ခွင်ထဲက ချစ်သူမျက်နှာလေးထက်ကို အနမ်းတွေ တစ်ပွင့်ချင်းစီချနေမိသည်။ နဖူးဆံစလေးမှစ၍ မေးဖျားလေးထိတိုင် အနမ်းပွင့်စီနေမိသည်။ ပြီးတော့ နောက်ဆုံးခွဲခွာကာနီးမှာ သူမ နှုတ်ခမ်းလေး ပိုမိုဖူးကြွကာ ဆေးမကျဘဲ နီရဲနေသည်မို့ ...





"ကလေး နှုတ်ခမ်းထော်နေပြီ"

"ဟာ"

သူမ နှုတ်ခမ်းကို လက်ချောင်းလေးတွေဖြင့် အသာလိုက်ဖိနေသည်မို့ အသည်းယားစွာ ပါးမို့မို့ကို ရှိုက်နမ်းပစ်လိုက်သည်။

"နောင်ဘဝဆက်တိုင်း ချစ်သူနဲ့ ကွေကွင်းရတဲ့ဒုက္ခကဝေးပါစေ ကလေးရယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"ကလေး လိမ်လိမ်မာမာနေ၊ အဆင်ပြေအောင်နေ၊ ပြီးတော့ ကိုကို့ကို မေ့လိုက်တော့ ဟုတ်ပြီလား"

"ဘယ်လိုမေ့နိုင်မှာလဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ကိုကို့ကို မေ့လိုက်တာက အကောင်းဆုံးပဲလေ၊ ဒါပေမဲ့ ကိုကို အခုလို ဆုံးဖြတ်တာ ကလေးအတွက်နော်၊ ကိုကို နောက်ကို ကလေးကို မရှာတော့ဘူး။ ကလေး ပျော်အောင်နေရမယ်နော်"

"တကယ်ပဲလား ကိုကို၊ ကိုကို တကယ်ပဲ ဒီလို ဆုံးဖြတ်လိုက်တာလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်စိစုံမှိတ် ခေါင်းညိတ်လိုက်တော့ သူမ မျက်ရည်က ပေါက်ခနဲ။ ဒါပေမဲ့ ဒီမျက်ရည်က နောက်ဆုံးကြွေတဲ့ မျက်ရည်ပဲနေမှာပါ။

"ကိုကို ခဏ သွားတော့မယ် ... ရှတ်"

သူ့ပါးထက်က အနမ်းတစ်ပွင့်မှာ သူ့ရဲ့ နောက်ဆုံး ထွက်သက်ပါသွားသလိုပဲ။ ကျောခိုင်းသွားတဲ့ပုံရိပ်ကလေးက သူ့မြင်ကွင်းမှာ ဝိုးတဝါး။ သူ မငိုသော်လည်း မျက်ရည်တော့ဝဲနေခဲ့ သည်ထင်ပါရဲ့။ ချစ်သူလေးရယ် မှန်ကန်တဲ့ဆုံးဖြတ်ချက်ရဲ့ ရလဒ်ကို ကိုယ်တို့နှစ်ယောက်လုံး ရင်ဆိုင်ရဦးမှာပေါ့။





"ဦး မျှော်လင့်ထားပြီးသားပါ မောင်မင်းစံ၊ ရွှေအိမ်စည်ဟာ ဦးတို့ရဲ့ တစ်ဦးတည်းသောသမီးလေး၊ ဒီသမီးလေးရဲ့ မင်္ဂလာပွဲဟာ အခမ်းနားဆုံးဖြစ်နေစေရမယ်၊ မောင်မင်းစံ အခုချိန်ကစပြီး အလုပ်တွေကို တခြားလူနဲ့ လွှဲထားလိုက်ပြီး မင်္ဂလာပွဲအတွက်ပဲ အားသွန်ခွန်စိုက် စီစဉ်စေချင်တယ်၊ ဘယ်လောက်ကုန်ကုန်နော်၊ ငွေလိုသလောက် ရုံးမှာ အချိန်မရွေးထုတ်"

"ဦးကို တစ်ခုတော့ မေးချင်တယ်"

"မေးပါ မောင်မင်းစံ"

"ကျွန်တော်နဲ့ လက်ထပ်ဖို့ကို ရွှေအိမ်စည်ရဲ့ သဘောထားက ..."

"သမီး လက်ခံထားတယ် မောင်မင်းစံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဘယ်လိုသဘောကြောင့်မှ မဟုတ်ပါဘူး ဦး၊ ကာယကံရှင်ရဲ့ဆန္ဒ ပါစေချင်လို့ပါ"

"မောင်မင်းစံ သမီးနဲ့ တွေ့ချင်သလား"

"ကျွန်တော် မမြင်ဖူးသေးတာတော့ အမှန်ပဲ ဦး၊ ဒါပေမဲ့ အချိန်တန်ရင် တွေ့ရမှာပဲလေ"

"မောင်မင်းစံကို ကျေးဇူးတင်ပါတယ်၊ မောင်မင်းစံနဲ့ပဲ စိတ်ချသွားချင်တဲ့ ဦးရဲ့စိတ်ကို နားလည်ပေးတဲ့အတွက်ရော လက်ခံတဲ့အတွက်ရောပေါ့"

"ရပါတယ် ဦး"

"လက်ထပ်ပွဲနေ့မှာပဲ လုပ်ငန်းအားလုံး သမီးရွှေအိမ်စည်နဲ့ မောင်မင်းစံ ပူးတွဲအမည်နဲ့ လွှဲပေးမယ်၊ မောင်မင်းစံလည်း ဦးရဲ့ လုပ်ငန်းတွေကို အားလုံးနီးပါး နားလည်ထားပြီး သားဆိုတော့ အခက်အခဲ သိပ်ရှိမယ် မထင်ဘူး ...

တစ်နှစ် တန်သည်ကြာလို့ လုပ်ငန်းတွေ အခြေကျပြီ ဆိုရင် ဇနီးသည်ကိုခေါ်ပြီး ရိုပ်သာလေးဝင်ချင်တယ် မောင်မင်းစံရယ်၊ သံသရာရိက္ခာရှာရဦးမယ်"

ယောက္ခမလောင်းကို သူ လေးစားသွားမိသည်။ ဒီမိဘရဲ့သမီး ရွှေအိမ်စည်ဟာ သူ့အတွက် အဖော်ကောင်းဖြစ်လာနိုင်ပါတယ်လေ။





"စိတ်ချပါ ဦး၊ ကျွန်တော် ရွှေအိမ်စည်ကို ဦးတို့ စောင့်ရှောက်သလို စောင့်ရှောက်ပါမယ်လို့ ကတိပေးပါတယ်"

"ကောင်းပြီ၊ မောင်မင်းစံကိုတော့ ယုံကြည်ထားပြီးသားပါ၊ ယုံကြည်လို့လည်း သမီးကိုအပ်တာပေါ့၊ ကဲ ... ဦး အစည်းအဝေးရှိသေးတယ်၊ ဒီအစည်းအဝေးက အရေးကြီးတယ်၊ မောင်မင်းစံပါ တက်လိုက်ပါ"

"ဟုတ်ကဲ့"

အစည်းအဝေးပြီးတော့ သူ အိမ်ပြန်လာခဲ့သည်။ ယောက္ခမလောင်းက ဘာလို့ သမီးဖြစ်သူနဲ့ ပေးမတွေ့တာလဲ သူ စဉ်းစားလို့မရပေ။ သူ့စိတ်ထဲ မကျေနပ်နိုင်စွာဖြင့် ယောက္ခမဆီ ဖုန်းဆက်မိသွားသည်။

"ဟယ်လို"

"ဦး ... ကျွန်တော်ပါ"

"အေး ... ပြော"

"ကျွန်တော် ရွှေအိမ်စည်နဲ့ စကားပြောပါရစေ၊ ဖုန်းပြောရုံပါ"

"အိုကေ ... မောင်မင်းစံ၊ သမီး ဟန်းဒ်ဖုန်း နံပါတ်က 09 ...... ပါ"



www.burmeseclassic.com

"ဟိုတိုကဲ့ ... ကျေးဇူးပါဦး"

ပြီးတော့ ... ရွှေအိမ်စည် ထံသို့ ဖုန်းဆက်လိုက်သည်။

"ရွှေအိမ်စည်နဲ့ ပြောချင်လို့ပါ"

"ရွှေအိမ်စည်ပါ"

"ကိုယ် မင်းစံပါ"

အေးစက်စက်နိုင်လှတဲ့ အသံတစ်ခုဟာ သူ့နား မှာ ကိုးလိုးကန့်လန့်နိုင်လှတဲ့ အမှန်ပင်။

"ပြောပါ"

"ကိုယ် အခု မင်္ဂလာကိစ္စတွေ စီစဉ်နေတယ်"

"ကျွန်မ ကူလုပ်ဖို့ပြောချင်တာလား"

"အိုး နိုး နိုး ... အထင်မလွဲပါနဲ့ ရွှေအိမ်စည်၊ ကို သိချင်တာလေးတစ်ခုရှိလို့ မေးချင်လို့ပါ"

"ကျွန်မ ဖြေနိုင်တဲ့မေးခွန်းမျိုးဆိုရင် ဖြေမယ်"

"အိုကေ ... ရွှေအိမ်စည် ကိုယ်နဲ့ လက်ထပ်ဖို့ သဘော ထားတယ်နော်"

"ဟုတ်ကဲ့"





"အဲဒါ ရွှေအိမ်စည့်ဆန္ဒလား မိဘဆန္ဒလားဆိုတာ ကိုယ် သိချင်တယ်"

"ဘာအတွက်လဲ"

"ရွှေအိမ်စည်မှာ ချစ်သူတွေ ဘာတွေ ရှိနေမှာစိုးလို့ပါ"

"ရှိတယ်ဆိုရင် ရှင်က စိတ်မသန့်လို့လား"

"အထင်မလွဲပါနဲ့ ရွှေအိမ်စည်၊ ကိုယ်မေးတာ ရွှေအိမ်စည် အတွက်မေးတာပါ"

"ရှင့်ကို လက်ခံတာ ကျွန်မဆန္ဒပါ"

"အိုကေ ... ကိုယ်မေးတာ ဘယ်လိုမှ စိတ်မရှိနဲ့နော်"

"ရပါတယ် ရှင်လည်း ဒီလောက်တော့ သိချင်မှာပေါ့၊ ရှင် က ဒီလိုမေးလာတယ်ဆိုတော့ ရှင့်ဘက်မှာတော့ အကြောင်း ရှိချင်ရှိနိုင်တယ်၊ ဒါပေမဲ့ ကျွန်မ စိတ်မဝင်စားဘူး"

"ရွှေအိမ်စည် သဘောပါ"

"see you wedding day ! လို့ပြောရမလား၊ မင်္ဂလာပွဲနေ့ မှ တွေ့ကြတာပေါ့"

"ရတယ်လေ၊ ရွှေအိမ်စည့် သဘောပါ"

"ကျေးဇူး"

www.burmeseclassic.com



ထိုကျေးဇူးဆိုတဲ့ စကားလေးနှစ်လုံးမှာမှ တိုးသ
ချိုရှိနေသည်။ သူမသဘော အကဲ့နက်လိုက်လျှောလို့များ ကျေး
တင်နေသလား။ သူ မစဉ်းစားချင်တော့။ သူကိုယ်တိုင်လည်း
သတို့သမီးကို တွေ့ချင်စိတ်မှ မရှိပဲလေ။

❣❤❣





မင်္ဂလာရက်က တဖြည်းဖြည်းနီးလာသည်။ အိမ်မှာလည်း အားလုံး အလုပ်ရှုပ်နေကြသည်။ ရွှေအိမ်စည်ခေါ် ခခတစ်ယောက်ကတော့ ကာယကံရှင်မဟုတ်သည့်အတိုင်းပင် အားလုံးကို ဉပေက္ခာပြုလျက်။

"သမီးမှာ ဖိတ်စာတွေ ရိုက်ရတော့မှာ ဖိတ်စာဒီဇိုင်း လာရွေးပါဦး"

"မေမေ ကြိုက်တာပဲ ရွေးလိုက်ပါ၊ ဒါမှမဟုတ် ကိုမင်းစံကိုပဲ ရွေးခိုင်းလိုက်ပေါ့ မေမေ"

"သမီး သတို့သမီးဝတ်စုံအပ်ဖို့ကတော့ သမီး မလိုက်လို့ မရဘူးနော်၊ သမီးကိုယ်တိုင်းလိုတယ်"

"သမီးတစ်ယောက်တည်းပဲ သွားလိုက်မယ်လေ"

"ဘာရောင်လေးဝတ်မလဲ သမီး"

"ချယ်ရီရောင်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ဒါဆို သမီးစိတ်တိုင်းကျသွားရွေးလေ"

"ဟုတ်"

"သမီး အရောင်ရွေးပြီးမှ မောင်မင်းစံ ဝတ်ဖို့ စိစဉ်မှာ"

"ဟုတ်ကဲ့ပါ"

"မနက်ပိုင်းက ဆီဒိုးနားမှာလုပ်မယ်၊ ဒင်နာကိုတော့ မောင်မင်းစံရဲ့ခြံထဲမှာ လုပ်မယ်တဲ့၊ သမီး သဘောကျရဲ့လား"

"မေမေတို့သဘောလေ"

"ဘာမှ စိတ်မဝင်စားဘူးလား သမီးရယ်"

"ဒီလိုပါပဲ မေမေရယ်၊ လုံးဝ စိတ်မဝင်စားဘူးလို့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ သမီး ဘာကိစ္စမှ ခေါင်းထဲမထည့်ဘဲ အေးအေးဆေးဆေးနေချင်တဲ့သဘောပါ"

"သမီးကို မေမေ တစ်ခုမေးချင်တယ်၊ ဒါပေမဲ့ ..."

"မေးပါ မေမေ"

"သမီးမှာ ချစ်သူများရှိနေလား၊ မေမေ ဒီအချိန်ကျမှ မေးတာ နောက်ကျနေပြီဆိုတာတော့ သိပါတယ်၊ ဒါပေမဲ့ သမီးပုံစံက မရွှင်လန်းတော့"





"အဲဒီမေးခွန်းကို သမီး မဖြေချင်ဘူး မေမေ၊ ဖြေလိုက်လို့လည်း ဘာမှ ထူးလာမှာမဟုတ်ဘူး"

"သမီး စိတ်မကောင်းဖြစ်နေလား"

"ဒီလိုပါပဲ"

"အင်း ... သမီး ဝတ်စုံ ကိုယ်တိုင်အပ်ဖို့ မနက်ဖြန် သွားလိုက်မလား"

"ဟုတ်"

"အေး အေး ... ဒါဆို မေမေ မြို့ထဲ ခဏသွားလိုက်ဦးမယ်၊ သမီး မင်္ဂလာပွဲမှာ ဝတ်ဖို့ စိန်တစ်စင်စာ အပ်ထားတာ ဒီနေ့ ရမယ် ပြောတယ်၊ ဆံထုံးကို ပန်းမပန်ဘဲ စိန်ပန်းခိုင်လေးတွေ ပန်းပေးမလားလို့၊ မေမေ ကတ်တလော့ထဲမှာ ဒီဇိုင်းရှာပြီး အပ်ပေးထားတာ သမီး လိုက်ကြည့်ဦးမလား"

"ကြည့်ရုံပဲဆိုရင်တော့ မလိုက်ချင်တော့ဘူး မေမေ"

"ဒါဆို မေမေပဲ သွားလိုက်တော့မယ်၊ ဪ ... မေမေ ကားယူသွားမလို့၊ သမီး ကားသုံးဦးမလား"

"မသုံးတော့ဘူး"

"အေး ... အေး ... ဒါဆို မေမေ သွားလိုက်တော့မယ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေသွားတော့ ခခ ခြံထဲဆင်းလာမိသည်။ မေမေ စိုက်ထားတဲ့ သစ်ခွပင်လေးနားရောက်တော့ ချစ်သူခြံထဲက သစ်ခွပင်တွေကို သတိရမိသေးသည်။ ဘာလို့လို့နဲ့ ခခဟာ ကိုမင်းစိုးဆိုတဲ့ လူ့ရဲ့ ရင်ခွင်ထဲ ရောက်တော့မှာပါလား။ အတွေးတွေက ခခနားထင်ကို လာဆောင့်နေသည်။ ရုတ်တရက် အိမ်ထဲပြေးဝင်ပြီး ကိုစိုင်းဆီ ဖုန်းဆက်လိုက်သည်။

"ဟဲလို ... ကိုစိုင်းနဲ့ ပြောချင်လို့ပါ"

"လူလေး ရန်ကုန်သွားတယ်၊ ဘယ်သူဆက်တယ်လို့ ပြောလိုက်ရမလဲ"

"ခခပါ"

"ဩော် ... ကလေးမကိုး"

"ဟုတ်ကဲ့ ဦးကြီး"

"ကလေးမ ဘာကိစ္စရှိလို့လဲ"

"ဦးကြီး ကိုစိုင်းတည်းတဲ့လိပ်စာကို ဦးကြီးသိလား၊ သိရင် ခခကို ပြောပြနော်"

"ဘာလုပ်ဖို့လဲ ကလေးမ၊ လူလေးက မပြောရဘူးလို့ မှာထားတယ်၊ ဦးကြီး မပြောပြနိုင်ဘူးကွယ်"





"ပြောပါ ဦးကြီးရယ်၊ ခခ တောင်းပန်ပါတယ်၊ ခခမှာ အရေးကြီးကိစ္စရှိလို့ပါ"

"ဦးကြီးလည်း မသိပါဘူးကွယ်"

"ဦးကြီး"

"ဦးကြီး အလုပ်ရှိသေးတယ် ကလေးမရယ်၊ ဒါပဲနော်"

"ဦးကြီး"

သူမ စကားပင်မဆုံး။ ဖုန်းချသွားသည်။ ခခ မျက်ရည်တွေ ပေါက်ပေါက်ကျလာသည်။ ချစ်သူကို ဘယ်မှာလိုက်ရှာရမလဲ။ နန်းဝါဆီ ဖုန်းဆက်လိုက်သည်။

"နန်းဝါ"

"ခခ ပြောလေ၊ အသံက တစ်မျိုးဖြစ်နေသလိုပဲ"

"ခခလေ"

"အင်း ... ပြောလေ"

"ကိုစိုင်း နန်းဝါဆီ ဆက်သွယ်သေးလား"

"မဆက်သွယ်တော့ဘူး၊ ဘာလို့လဲ"

"ငါ သူနဲ့ တွေ့ချင်လို့၊ ငါ သူနဲ့တွေ့မှဖြစ်မယ်၊ ဟာ ... ကိုစိုင်း တောင်ကြီးမှာ ရှိလား နန်းဝါ"

"မရှိဘူး ခခရဲ့၊ ရန်ကုန်မှာ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ငါလေ ကိုစိုင်းကိုပဲ လက်ထပ်ချင်တယ်၊ သူ မဟုတ်တဲ့ တခြားသူတစ်ယောက်နဲ့ ငါ ပျော်နိုင်မှာမဟုတ်ဘူး နန်းဝါ ရယ်”

“ငါ နားလည်ပေးနိုင်ပါတယ်ဟာ၊ ဒါပေမဲ့ အခုက အားလုံး စီစဉ်ပြီးပြီမဟုတ်လား၊ စိတ်လျှော့လိုက်ပါ သူငယ်ချင်းရယ်၊ တော်ကြာ မိဘတွေအတွက်လည်း မကောင်းဘူးလေ၊ ခုဆို ဖိတ်စာတောင် ရိုက်ပြီးပြီမို့လား”

“နန်းဝါရယ် ... အီး အင့်”

“မငိုပါနဲ့၊ နင် ငိုတော့ ငါလည်း ငိုချင်တာပေါ့”

“ဒါပဲဟာ၊ ငါ ဖုန်းချလိုက်တော့မယ်”

“အေး ... မင်္ဂလာပွဲရက်သတ်မှတ်ပြီးပြီဆိုရင် ဖုန်းဆက်ဦး”

“အင်း”

နန်းဝါနဲ့ ဖုန်းပြောပြီးတော့ ရေမိုးချိုးအလှပြင်ကာ အပြင်သို့သွားဖို့ပြင်တော့ ...

“မမခ ဘယ်သွားမလို့လဲ”

“ရှော့ပင်ထွက်မလို့”

“မေမေကြီး ကားယူသွားတယ်”





“ရတယ်၊ တက္ကစီငှားသွားမှာ”

“ဟယ် ... မမခကလည်း တက္ကစီတော့ မစီးပါနဲ့”

“မရှည်နဲ့ဟာ၊ ငါ့ဘာသာ ဘာစီးစီးပေါ့”

“အဲဒါဆို အညို အဖော်လိုက်ခဲ့မယ်လေ”

“မလိုက်နဲ့”

“မမခ တစ်ယောက်တည်း”

“ဘာဖြစ်လဲဟာ”

“မေမေကြီး ဆူဦးမယ်”

“လျှာရှည်လိုက်တာ အညို”

“မေမေကြီးက မမကို ဂရုစိုက်ရမယ်လို့ မှာထားလို့ပါ”

“ဝါ ကလေးမဟုတ်တော့ဘူး၊ ယောကျ်ားတောင်ယူတော့ မယ်လို့ မေမေ့ကို ပြောလိုက် ... ကြားလား၊ ငါ သွားပြီ”

အညို့ကို ခပ်တည်တည်နဲ့ ပိတ်ဟောက်လိုက်ပြီး အပြင်ထွက်လာလိုက်သည်။ ပြီးတော့ ကားငှားစီးကာ လသာဘက် ထွက်လာခဲ့သည်။ လသာရောက်တော့ မြို့ထဲ ကားရှုပ်ရှုပ်ထဲမှာ တစ်ယောက်တည်း လျှောက်သွားနေမိသည်။ နွေနေ့လယ်ခင်းရဲ့ နေရောင်ကျဲကျဲအောက်မှာ ပူလို့ပူမှန်းမသိ နွေနေ့လယ်ရဲ့ အပူက ရင်ထဲကအပူကို မီအုံမထင်။ မျက်နှာပေါ်က ချွေးစက်တွေက



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲမှာ စီးကျနေတဲ့ မျက်ရည်တွေကို မိပါ့မလား ကိုစိုင်းရယ်။

"ခခ"

"ဟင်"

နားထဲမှာ ကိုစိုင်းရဲ့ခေါ်သံလား။ ခခ လျှောက်ရင်းလျှောက်ရင်း ခေါင်းတွေပင် မူးလာသည်မို့ နီးစပ်ရာအအေးဆိုင်လေးထဲ ဝင်ထိုင်လိုက်သည်။ အအေးမှာသောက်ရင်း ပလက်ဖောင်းပေါ်မှာ ပျားပန်းခတ်အောင် လှုပ်ရှားနေကြသော အလှာအသီးသီးကလူတွေကို လိုက်ကြည့်နေမိသည်။ ကိုစိုင်းများ ပါမလားလို့လေ။ ခခရှေ့မှာ လာရပ်သော အရိပ်တစ်ခု ကိုစိုင်းရယ်လေ။ ခခ ချစ်သူရဲ့အရိပ်ပေါ့။

"ကိုကို"

"ကလေး"

"အဟင့် ... ကိုကို့ကို လိုက်ရှာနေတာ"

"ရန်ကုန်မြို့ အကျယ်ကြီးကို ကလေးရယ်"

"ဒါပေမဲ့ အခု တွေ့ပြီလေ"

"အခုတောင် ဒီနားကို ကြုံလို့လာတာ ကလေးရယ်၊ ဘာလို့ အဲလို လုပ်ရတာလဲ"





"ဟုတ်တယ်၊ ခခ ရူးမတတ် ခံစားနေရတယ်၊ ခခတောင်ကြီးကိုလည်း ဖုန်းတွေဆက်သေးတယ်၊ ဦးကြီးက မပြောပြဘူး"

"ဘာလုပ်မလို့လဲ"

"မေးရက်တယ် ကိုကိုရယ်"

"ကလေး ... ကိုကို ကလေးကို သိပ်ချစ်ပါတယ်၊ ဒါပေမဲ့"

"ကိုကို ဒါပေမဲ့ မရဘူးကွာ၊ ခခကို တခြားသူတစ်ယောက်ဆီ အလှူကြီးမပေးပါနဲ့"

"ဟာကွာ ... အဲလိုတော့ မပြောပါနဲ့"

"ကိုကို"

"ကလေး"

"ဒါဆို ကိုကို ခခကို တကယ်မချစ်လို့ပေါ့"

"တစ်ခါတလေ ချစ်လွန်းလို့ စွန့်လွှတ်လိုက်ရတာမျိုးတွေလည်း ရှိတယ်လေ"

"အစွန့်ပစ်ခံ နှလုံးသားရဲ့ခံစားချက်ကိုကျတော့ ထည့်မတွက်တော့ဘူးလား"

"ခခလေးရယ် ကိုကို ဘယ်လိုပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်သလိုသာပြောပါ ကိုကို၊ ခဲ ကိုကို ဘာပြောမလဲ လို့ နားထောင်နေပါတယ်"

"ကဲ ... ထ၊ ကလေး ကိုကိုနဲ့ လိုက်ခဲ့တော့"

"ဘယ်ကိုလဲ"

"ဘဝတစ်ခုဆီကိုပေါ့၊ ကိုကိုတို့နှစ်ယောက်ပေါင်းမှ တည်ဆောက်လို့ရမယ့် ဘဝတစ်ခုဆီကို ခေါ်သွားမယ် လိုက်မှာလား"

"အပြီးခေါ်တာလား"

"ဒီတစ်သက်လုံးအတွက်"

"တကယ်နော်"

"လိုက်ခဲ့မယ်၊ ဒါပေမဲ့ ခခမှာ ဘာမှ မပါဘူးနော်"

"ရတယ် ကိုကိုက ကလေးရဲ့တစ်ဘဝလုံးကို တာဝန်ယူခွင့်ရချင်တာ"

"ယူစေ"

"ဘာကိုယူရမှာလဲ"

"ကိုကိုနော်"

"ကဲ ... လာ"





ကိုကို့လက်ကို တွဲခွင့်ရတဲ့ ဒီအထာတာအချိန်တွေကို ပြီးပြည့်စုံတဲ့ ပျော်ရွှင်ချိန်တွေလို့ သိလိုက်ရချိန်မှာ ကိုကိုနဲ့ ဘယ်သောအခါမှ မခွဲဖို့ ဆုံးဖြတ်ချက်တွေ ခိုင်မာနေခဲ့တာပေါ့။ သူ့လက်ကိုတွဲကာ ပြုံးပြုံးလေးဖြင့် ကျေနပ်နေပုံရသော ကောင်မလေးကို ငုံ့ကြည့်ကာ သူ့စိတ်တွေလည်း ပြတ်သားတဲ့ဆုံးဖြတ်ချက်ချပြီးသားဖြစ်သွားသည်။ ချစ်သောကောင်မလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်တော့။ ဖြစ်လာတဲ့ပြဿနာကို ရင်ဆိုင်လိုက်ဖို့ပဲရှိတော့သည်။ ချစ်သူလက်ကို ခပ်တင်းတင်းဆုပ်ထားလိုက်ပြီးချိန် ...

"မမခခ ... အမလေး တော်သေးတာပေါ့တွေ့လို့"

"ဟင် ... အညို နင် ဘယ်လိုလုပ်"

"မမခခ ဘာလုပ်တာလဲ၊ ဦးလေးမောင် ဒီမှာ မမခခကို တွေ့သွားပြီ၊ ဒီကိုလာ"

"အေး ... အေး"

"ပြီးမှ ငါဘာသာ ပြန်လာခဲ့မယ် အညို၊ နင်ဟာလေ တော်တော်ကိုရှုပ်တယ်၊ မလိုက်ခဲ့နဲ့လို့ ပြောထားတာကို လိုက်လာတယ်၊ နင် အလုပ်ထွက်ခံချင်လို့လား အညို"

"မမခခ ကောင်းဖို့အတွက်ပါ၊ မမခခရယ် ပြန်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး အခု ငါက ဘာတွေမကောင်းနေလို့လဲ"

"အိမ်ရောက်မှဆက်ပြောပါ မမရယ်၊ လာပါ သွားရအောင်"

"ငါ မလိုက်ဘူး"

ကိုစိုင်း လက်ကို တင်းနေအောင်ဆုပ်ထားပြီး အညို့ကို အော်ပစ်လိုက်သည်။

"ပြန်လိုက်ခဲ့ပါ မမခရယ်၊ အခု အညို ထွက်လာတာ မေမေကြီးတို့ မသိဘူး၊ မေမေကြီးတို့ အရှက်တွေကွဲကုန်လိမ့်မယ်၊ ပြန်လိုက်ခဲ့ပါ မမရယ်၊ဒီက အစ်ကိုကြီးကိုလည်း အညို တောင်းပန်ပါတယ်ရှင် ..."

မမခက မကြာခင် အိမ်ထောင်ပြုတော့မှာ၊ မင်္ဂလာပွဲအတွက် အားလုံးပြင်ဆင်ပြီးပြီ၊ အညို တောင်းပန်ပါတယ်ရှင်"

"အညို"

ခခ စိတ်တိုပြီး အညို့ကို ထုနေတုန်း ဦးဘမောင်နဲ့ ခြံစောင့် ဦးလုံးတို့က ခခကို ကားပေါ် အတင်းဆွဲတင်ကြပြီး အညို ကားတံခါးရောက်လာချိန် ဦးဘမောင်က ကားကို အတင်းမောင်းထွက်လိုက်သည်။ မျက်ရည်တွေ ပေါက်ပေါက်ကျရင်း တစ်ချက်ကလေးမှ ပြန်မဆွဲဘဲ ခေါင်းငိုက်စိုက်ကျနေသော ကိုစိုင်းကို





ကြည့်ကာ အံ့သြသလို ခံစားရပြီး စိတ်ထဲမှာလည်း အနည်းငယ် မျက်ရှသွားသည်။

"သူက မမကို ဒီလောက်ကြီးချစ်ပုံမရပါဘူး မမခရဲ့၊ မေ့လိုက်ပါတော့"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း အညို၊ နင်က ဘာမို့လို့ ငါ့ကို အခုလို လိုက်လုပ်နေရတာလဲ ပြောပါဦး"

"မေမေကြီးက မှာသွားလို့ပါ မမရယ်၊ မမခ အိမ်က စထွက်ကတည်းက အညို နောက်ကပါလာတာ၊ ပြီးတော့ ဒီလသာနားရောက်မှ ပျောက်သွားလို့ စိတ်ပူပြီး မေမေကြီး ဟန်းဒ်ဖုန်းကိုလှမ်းဆက်လိုက်တာ၊ မမခနဲ့ အညို လသာနားမှာ မုန့်လာစားတာ မမခက ကားလွှတ်ပေးပါလို့ ဆက်နိုင်းလို့ပါဆိုပြီး ကားလှမ်းခေါ်လိုက်တာ၊ တော်သေးတာပေါ့၊ မေမေကြီးမပါလို့၊ အဆင်သင့်ချင်တော့ ဦးလုံးကလည်း ပန်းမျိုးမှာထားတာ လိုက်ယူရင်းပါလာ ..."

"နင် သိပ်ကို အဆင်ပြေသွားတာပေါ့ အညို"

"မမခ အပြစ်တင်ရင်လည်း ခံပါ့မယ်၊ အညိုက မမခအတွက် စိုးရိမ်လို့ပါ၊ မမခက ရွှေမင်းသမီးလေ၊ မမခ ဒုက္ခရောက်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒုက္ခရောက်ရအောင် ငါ ကြိုက်ထားတဲ့ သူက လည်း အစုတ်ပလုတ် မဟုတ်ပါဘူး"

"အညိုက အဲလိုပြောတာ မဟုတ်ပါဘူး မမရယ်"

"နင် ခေါ်လာတာကို ထားပါဦး၊ ကိုစိုင်းက ငါ့ကို ဆွဲခေါ် တောင်မရဘူး၊ အဲဒါ ဘာလို့လဲ"

"သူ မမခကို မချစ်လို့နေမှာပေါ့၊ ဟုတ်တယ် မမခရဲ့ သူ မမခကို မချစ်ဘူး၊ မေ့လိုက်ပါ မမရယ်နော်"

"မဟုတ်ဘူး၊ မဟုတ်ဘူးဟာ၊ ငါ့ကို သူ တကယ်ချစ်တာ"

❣❤❣





"အဲဒီအချိန်ကတည်းက ကိုစိုင်းနဲ့ ထပ်ပြီးအဆက်အသွယ် မရတော့တာ နန်းဝါ၊ သူ ဘာလို့ အေးစက်သွားတာလဲ မသိဘူး၊ ငါ နားမလည်နိုင်တော့ဘူး"

"သူက ရှောင်ပေးတာလားမှမသိတာ၊ သူ ပြောသလို စွန့် လွှတ်ပေးချင်တာလား"

"မဟုတ်ဘူး ပထမ အညိုမရောက်ခင်က သူက ငါ့ကို ခေါ်တယ်၊ ငါကလည်း သူ့နောက်ပဲ လိုက်သွားတော့မယ်ဆို ပြီး အအေးဆိုင်က အထွက်မှာ အညိုတို့ ရောက်လာတာ ပဲ"

"စဉ်းစားစရာပဲ၊ ဒါပေမဲ့ သူ စွန့်လွှတ်လိုက်တယ်ဆိုတဲ့ အဖြေပဲထွက်တယ်"

"တော်ပြီ ငါ့ဘဝနဲ့ငါပဲ ရှိပါစေတော့၊ ဖေဖေတို့ မေမေတို့ စီစဉ်တာကိုပဲ ခေါင်းညိတ်လိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်ဟာ၊ ဖြစ်ချင်တာထက်ဖြစ်သင့်တာကို လုပ်လိုက်တယ်လို့ပဲ သဘောထားလိုက်ပါ"

"နင် အရံလုပ်ပေးရမှာနော်၊ တစ်ပတ်ကြိုပြီး လာခဲ့ရမယ်"

"အေးပါ၊ သိပ်တော့မလုပ်ချင်ဘူး၊ မင်္ဂလာပွဲဆိုတဲ့အခမ်းအနားကို သတို့သမီးအရံဆိုတဲ့ အနေအထားကြီးနဲ့ မဆင်နွဲချင်သော်လည်း အချစ်ဆုံးသူငယ်ချင်းရဲ့ပွဲမို့သာ လုပ်ပေးရမှာ"

"ဟုတ်ပါတယ် ကျေးဇူးရှင်ရယ်"

နန်းဝါဆီက ဖုန်းချသွားချိန်မှာပဲ ဖုန်းက ချက်ချင်းပြန်မြည်လာပြန်သည်မို့ ...

"ဟဲလို"

"ရွှေအိမ်စည်နဲ့ ပြောပါရစေ"

"ရွှေအိမ်စည်ပါ"

"ကိုယ် ... မင်းစံပါ"

"ဟုတ်ကဲ့"

"ရွှေအိမ်စည် အဝတ်အစား သွားရွေးပြီးပြီလား"

"ဟုတ်ကဲ့ ... ဒီနိုင်းရွေးပြီး အပ်ထားခဲ့ပြီ"

"ကိုယ် ဘာလုပ်ပေးရဦးမလဲ ရွှေအိမ်စည်"





"ဘာအတွက်လဲ"

"မင်္ဂလာပွဲအတွက်"

"ရပါတယ်"

"ရွှေအိမ်စည်ဘက်က အားစက်နေတယ်နော်၊ ရွှေအိမ်စည့်ဆန္ဒနဲ့ လက်ခံတာမှ ဟုတ်ရဲ့လား"

"ဘာလို့မေးတာလဲ"

"သြော် ... ကိုယ်နဲ့ လက်ထပ်ရတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်နေတာမျိုးဆိုရင်တော့ ကိုယ် မလိုလားဘူး ရွှေအိမ်စည်"

"ရှင်ကိုယ်တိုင်က ကျွန်မနဲ့ လက်ထပ်ရမယ့်အတွက် သံသယ မကင်းဖြစ်နေပုံပဲ"

"အိုး ... နိုး နိုး ... ရွှေအိမ်စည်၊ အထင်မလွဲပါနဲ့ ကိုယ်က သဘောရိုးနဲ့ပြောတာပါ၊ ပြီးတော့ ရွှေအိမ်စည်ဘက်က မိဘတွေ စိတ်ချမ်းသာဖို့ ကိုယ်က စိတ်ညစ်ခံလိုက်လျော ရတာမျိုး ဖြစ်နေမှာစိုးလို့"

"စေတနာရှင်ပေါ့"

"ကိုယ် သူတော်ကောင်းယောင် မဆောင်တတ်ဘူး၊ ရွှေအိမ်စည်၊ ရွှေအိမ်စည်ဘက်မှာ အခက်အခဲ ဖြစ်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင်ကိုယ်တိုင်က ပါးပါးဆန္ဒကို မလွန်ဆန်နိုင်ဘဲ လက်ခံလိုက်ရလို့ ကျွန်မကို ငြင်းစေချင်တာလား"

"ကိုယ် သတ္တိမကြောင်တတ်ဘူး၊ ပြီးတော့ ကိုယ့်ဆုံးဖြတ်ထားပြီးသားကိစ္စတစ်ခုကို နောက်မဆုတ်တတ်သလို စိတ်မပါရင်လည်း ဘာကိုမှ လက်မခံတတ်ဘူး ရွှေအိမ်စည်"

"ဟုတ်လား ... ကောင်းတာပေါ့"

"အိုကေ ... ရွှေအိမ်စည်မှာ ကိုယ့်အကူအညီ မလိုအပ်ဘူးဆိုရင်လည်း မင်္ဂလာပွဲနေ့မှပဲ တွေ့ကြတာပေါ့"

"ဟုတ်ကဲ့"

အိပ်ရာပေါ် မှောက်အိပ်ပြီး ကိုမင်းစံဆိုသည့်လူကို မေတ္တာပို့နေမိသည်။ ကြီးကျယ်လိုက်တာ။

"သမီး အိပ်နေတာလား"

"မအိပ်ပါဘူး မေမေ"

မေမေ အခန်းထဲဝင်လာတော့ သူမ ခုတင်ပေါ်မှာ ထိုင်လိုက်ပြီး ...

"မေမေ"

"ပြော သမီးလေး"

"ကိုမင်းစံက ကြီးကြီးကျယ်ကျယ် လူစားမျိုးလား"





"မဟုတ်ပါဘူး သမီးရဲ့ မွန်မွန်ရည်ရည်လေးပါပဲ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ သူက မီးကို မြှင့်ဖူးလား မေမေ"

"မမြင်ဖူးဘူး ထင်တယ်"

"မီးခတ်ပုံရော"

"ဟင့်အင်း"

"အဲဒါဆို သူက အစိမ်းသက်သက်ကို လက်ခံလိုက်တာပေါ့၊ အဲဒါ ဘာကြောင့်လို့ထင်လဲ မေမေ၊ ပါးပါးရဲ့ ပိုင်ဆိုင်မှုတွေကြောင့်လား"

"ဒါဆို သမီးလေးကရော မောင်မင်းစံကို မမြင်ဖူးဘဲ အစိမ်းသက်သက်လက်ခံတာ ဘာကြောင့်လဲ"

"ရှင်းရှင်းလေးပါ မေမေ၊ မေမေနဲ့ပါးပါး စိတ်ချမ်းသာအောင်လို့ပေါ့၊ ဒါပေမဲ့ သူကတော့ ပါးပါးစိတ်ချမ်းသာဖို့ဆိုတာ မဖြစ်နိုင်ဘူးနော် မေမေ"

"သမီးစိတ်ထဲ ထင်နေလို့နေမှာပါကွယ်၊ မောင်မင်းစံ စိတ်ထားပြည့်ဝပုံပါပဲ၊ သမီး မင်္ဂလာပွဲမတိုင်ခင် တစ်ခါလောက် တွေ့ကြည့်ပါလား"

"မတွေ့ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ တွေ့ကြည့်သင့်တယ်၊ မေမေတို့က သမီး စိတ်ချမ်းသာအောင်လို့သာ အလိုလိုက်တဲ့အနေနဲ့ သမီးဆန္ဒ ကို လိုက်လျောထားတာ"

"မေမေ သူက မီးခါတ်ပုံလေးတောင် မတောင်းဘူးလား"

"ဟင့်အင်း"

"အိုး ... သိပ်ကို ပစ်စလက်ခတ် မနိုင်လွန်းဘူးလား မေမေ၊ ဒီလိုယောက်ျားမျိုးကို မီး ဘယ်လို လက်ထပ်ရမှာလဲ"

"ဩော် ... သမီးရယ် ... သမီးကကို မတွေ့ချင်တာလေ၊ မောင်မင်းစံကတော့ မေးရှာပါတယ်၊ သမီးကို လာခေါ်ရ မလား၊ သမီးအတွက် ဘာလုပ်ပေးရဦးမလဲနဲ့၊ သူကတော့ တာဝန်ကျေရှာပါတယ်"

တာဝန်ဆိုတဲ့စကားကိုကြားရမှ သူမ သတိဝင်လာ ပြီး ဩော် ... သူက တာဝန်အရ တာဝန်ကျေရုံပဲ ဂရုစိုက်မှာပေါ့၊ သူမက ဒီထက်ပိုပြီး ဘာတွေ လိုချင်နေသေးတာလဲ။ သူမဘက် ကတော့ ကိုမင်းစံကို တာဝန်ကျေလို့လား။ ခခ ပြုံးစိစိဖြစ်သွား သည်။

"ဘာပြုံးတာလဲ မီးငယ်"

"ဘာမှ မဟုတ်ပါဘူး မေကြီးရဲ့"





"အရှူးမလေး"

မေမေ့ကိုဖက်ပြီး မေမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်မိ တော့ နိဝင်ခဲ့ဖူးတဲ့ရင်ခွင်တစ်ခုကို သတိရမိသွားသေးသည်။ ဩော် ... ချစ်သူရယ်။

❣❤❣



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဒီနေ့ မဂ်လာဇတ်စုံ သွားဝတ်ကြည့်ပါဦး၊ လိုတာရှိရင်လည်း ပြင်ရအောင်လို့"

"ဟာ ... မေမေက ကြိုမပြောဘူး"

"ဘာဖြစ်လို့လဲ"

"ဒီနေ့ နန်းဝါ လာမှာ၊ အဲဒါ မီး ကားဂိတ်ကိုသွားကြို မလို့"

"ဟင်"

"နန်းဝါ ကြိုပြီးမှ သွားလိုက်ကော့မယ်၊ နန်းဝါက မနက်ပိုင်းကြီးရမှာ"

"အေး ... အေး ... ဩော် ... သမီး မောင်မင်းစံကိုပါ တစ်ခါတည်း ဝတ်စုံဝတ်ခိုင်းရင်ကောင်းမလားလို့ သမီးနဲ့ အတူတူလေ"



"ဟာ ... မီး သူနဲ့ မတွေ့ချင်သေးဘူး"

"ကဲ ... သဘောပဲအေ၊ မင်္ဂလာပွဲအခမ်းအနားကျမှ ထဘီအနားစ တက်နင်းမိတယ့် ကြားရမယ်"

"ဟိ ဟိ"

ကိုစိုင်းရယ် ခုတော့ တကယ်ပဲ တခြားသူတစ်ယောက်နဲ့ လက်ထပ်ရတော့မယ်။ မျက်ဝန်းမှာ ဝေသီလာသော မျက်ရည်စတွေကို မျက်တောင်တစ်ဖျပ်ဖျပ် ခတ်ရင်း သိမ်းဆည်းလိုက်မိသည်။

"သမီး ဒီမှာ ဖိတ်စာတွေ ရလာပြီ၊ ကြည့်ပါဦး လှလားလို့၊ ပြီးတော့ သမီး ဘယ်သူ့ကို ဖိတ်ချင်သေးလဲ၊ ဖိတ်စာယူထားဦးလေ"

"မကြည့်တော့ဘူး မေမေ၊ ဖိတ်စာလှဖို့ထက် ဖိတ်စာဖြစ်ဖို့ပဲ အရေးကြီးတာပါ၊ ပြီးတော့ မီးမှာ ဖိတ်စရာလူလည်း မရှိဘူး၊ ဖိတ်စာလည်း မယူထားတော့ဘူး"

"နည်းနည်းလေးကတောင် စိတ်မဝင်စားဘူးလား သမီး၊ ဒါ သမီးရဲ့ တစ်ဘဝလုံးနဲ့ဆိုင်တဲ့ ကိစ္စနော်"

"မေမေနဲ့ပါပါကို သမီး ယုံကြည်ထားတယ်လေ၊ သမီးစိတ်ဝင်စားစရာမှ မလိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲအေး၊ ကဲ ... မေမေ သမီးအတွက် အပ်ထားတဲ့ ပစ္စည်းလေးတွေ သွားယူလိုက်ဦးမယ်၊ မေမေက ချစ်သမီးလေးကို စိန်စီပေးမလို့လေ"

"စိန်တွေဖုံးပြီး သမီးလှတာ မပေါ်ဘဲ နေဦးမယ်"

"အမလေး သမီးလှတာကို စိန်တွေရဲ့ပြီး လင်းလက်နေအောင် မေမေက စိန်စီပေးတာ"

"မေမေ့ကို ကျေးဇူးတင်ပါတယ်၊ ကဲ ... မေမေ နောက်ကျနေဦးမယ်"

"ဪ ... သမီး၊ မေမေက ဦးဘမောင်နဲ့ ကားယူသွားမှာ ဆိုတော့ သမီး နန်းဝါကို သွားကြိုရင် သမီးအတွက် သမီးပါးပါး ဝယ်ပေးထားတဲ့ကား ယူသွားလိုက်"

"ပါးပါး ကားဝယ်ပေးထားတယ်"

"ဟုတ်တယ် သမီးအတွက်တဲ့၊ မနက်ကပဲ လာပို့သွားတာ၊ သမီး ပါးပါးက သူ့ရုံးက ဒရိုင်ဘာကိုပါ ထည့်ပေးလိုက်တယ်၊ သမီး သုံးရင် အဲဒီကားကို သုံးပေါ့"

"ဝေး ... ပျော်စရာကြီး ထွက်ကြည့်လိုက်ဦးမယ်"





ပါးပါးက တော်ရုံတန်ရုံ သူမတို့သားအမိကို အလိုမလိုက်ပါ။ ပါးပါးမှာ ကားတွေ အများကြီးရှိသော်လည်း ခခတို့သားအမိအတွက် ကားတစ်စီးသာ ပေးထားသည်။ ဦးဘမောင်မောင်းသော ထိုကားတစ်စီးကိုသာ အလဲအလှယ်နှင့် သုံးနေရသည်။ ခုတော့ ပါးပါးက ခခအတွက် ကားတစ်စီးဝယ်ပေးသဖြင့် ခခ ပျော်နေသည်။ သို့သော်လည်း ဒီရလဒ်တွေဟာ ခခရဲ့နှလုံးသားနှင့် လဲလိုက်ရသည့်ရလဒ်တွေဟု တွေးမိပြန်တော့ ဘယ်ဘက်ရင်အုံအောက်က စူးနင့်စွာ နာကျင်သွားသည်။

ပေါ်တီကိုအောက်မှာတော့ ရေညှိစိမ်းရောင် တလက်လက်တောက်နေသော မာစီးဒီးကားသစ်ကြီးက ခံ့ထည်စွာ။ ဒရိုင်ဘာအစ်ကိုကြီးတစ်ယောက်က ကားဘေးမှာ အဆင်သင့်ရပ်နေသည်။

"မမလေး အပြင်သွားတော့မလား"

"ခဏနေမှ သွားမယ်၊ ခခ ရေသွားချိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"ကားကြီးကတော့ ရှယ်ပဲ၊ မြို့ထဲမှာ နှစ်ပတ်လောက် လျှောက်စီးပစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမဘာသာပြောပြီး အိမ်ထဲပြေးဝင်ကာ ရေပြေးချိုးလိုက်သည်။ ပြီးတော့ စိမ်ပြေနပြေ အလှပြင်နေလိုက်သည်။ အဝတ်အစားတွေ တစ်စုံပြီးတစ်စုံလဲကာ စိတ်ကြိုက်ဖွမ်လိုက်သည်။ အညိုက နောက်ကနေ တစ်ခုချင်း လိုက်ကောက်သိမ်းနေသည်။ စိတ်ကြိုက်ဖြစ်တော့မှ တစ်ကိုယ်လုံး မှန်ရှေ့မှာ လှည့်ပတ်ကြည့်ပြီး ...

"အညို"

"ရှင် မမခ"

"လိုက်ချင်သေးလား"

"အညို့ကို အထင်မလွဲပါနဲ့ မမခရယ်"

"ငါ နန်းဝါသွားကြိုတယ်လို့ မေမေ့ကို ပြောလိုက်"

"ဟုတ်ကဲ့"

အိမ်က ထွက်လာတော့ ...

"ဘယ်သွားမလဲ မမလေး"

"တောင်ကြီးကားဂိတ်"

ကားဂိတ်ရောက်တော့ ကားက မဆိုက်သေးသဖြင့် စောင့်နေရသေးသည်။ ထိုကားဂိတ်မှာ ကိုစိုင်းများ ရှိလေမလား





လည်း ရှာမိသေးသည်။ နောက်ဆုံးအချိန်အထိ မျှော်လင့်နေဦးမှာပါပဲကွယ်။ ကားဆိုက်လာတော့ နန်းဝါကို ကြိုပြီး ပြန်လာကြသည်။

"ပိန်သွားတယ်"

"စိတ်ချမ်းသာနေလို့လေ"

"ဒါပေမဲ့ ပိုပြီးလှလာတယ်"

"ဘာစားချင်လဲ သူငယ်ချင်း"

"တကယ်ပြောတာပါ"

"ငါလည်း တကယ်ဝယ်ကျွေးမှာပါ၊ ဘာစားချင်လဲလို့"

"ကြိုက်တာကျွေး"

"ဟုတ်ပြီ၊ ဒင်းမ်ဆမ်း သွားစားရအောင်"

"အေး"

"ပြီးရင် ဝတ်စုံသွားဝတ်ကြည့်ရဦးမယ်၊ နန်းဝါအတွက်လည်း ဝတ်စုံကိုယ်တိုင်း ပေးရမှာဆိုတော့ တစ်ခါတည်း သွားကြတာပေါ့"

"အိုကေ"

ဝတ်စုံက မြန်မာနိုင်ငံမှာ နာမည်ကြီးဆုံး ဖက်ရှင်ဒီဇိုင်နာရဲ့လက်ရာ ချယ်ရီရောင်နုနုပေါ် ချယ်ရီရင့်ရောင် စီးကွင့်တွေက

www.burmeseclassic.com



တဖျပ်ဖျပ်လက်လို့။ ခခ အသားလေးနဲ့ ပန်ရနေသော ထိုဝတ်စုံလေးရဲ့အရောင်ကို ဒီဇိုင်နာကပင် အရွေးတော်တယ်ဟု ချီးကျူးနေသေးသည်။

"ဒီဝတ်စုံလေးနဲ့ စိန်စီသောသတို့သမီးက အရမ်းကို လှနေမှာသေချာတယ်"

ဒီဇိုင်နာရဲ့စကားအဆုံးမှာပဲ ခခ စိတ်ကူးထဲ အတွေးတစ်ခုရသွားသည်။ ထိုအတွေးကို အကောင်အထည်ဖော်ဖို့လည်း ဆုံးဖြတ်လိုက်သည်။ ပြီးတော့ မေမေ့ဆီ ဖုန်းလှမ်းဆက်လိုက်သည်။

"မေမေ ပန်းအလှပြင်ဖို့ အပ်ထားပြီးပြီလား"

"အပ်ပြီးပြီလေ၊ သမီး ဘာဖြစ်လို့လဲ"

"ဘယ်မှာ အပ်ထားတာလဲ"

မေမေက နာမည်ကြီး Floral တစ်ခုရဲ့အမည်ကို ရွတ်ပြသည်။

"အိုကေ မေမေ၊ သမီး လိုချင်တဲ့ဒီဇိုင်းလေး ပြောမလို့ပါ"

ထို့နောက် Floral သို့ ဖုန်းဆက်ကာ မင်္ဂလာပွဲမှာ ပြင်ဖို့ပန်းမှအစ လက်ကိုင်ပန်းနှင့် ခခ ပန်ဖို့ပန်းအဆုံး ချယ်ရီပန်းနှင့်သာလုပ်ပေးရန် ပြောလိုက်သည်။





"မဖြစ်နိုင်ဘူး ထင်တယ် ညီမရေ၊ ချယ်ရီက များသောအားဖြင့် ဆောင်းတွင်းမှပွင့်တာ၊ အခုက နွေ ဘက်ဖြစ်နေတယ်"

"ရတယ်လေ၊ ဒါဆိုရင်လည်း မင်္ဂလာပွဲကို ချယ်ရီပွင့်တဲ့အချိန်ရောက်မှပဲ ကျင်းပတော့မယ်"

"ဟယ် ... အဲလိုလည်း မဟုတ်သေးဘူးလေ၊ ညီမက ချယ်ရီကြိုက်တယ်ဆိုရင် မမ ချယ်ရီရောင်သစ်ခွလေးတွေ သုံးပေးမယ် ဆိုရင်ရော"

"ဟင့်အင်း ... ခခက ချယ်ရီပန်းပဲ လိုချင်တာ"

"ဒုက္ခပါပဲ မမခင်က ခုနပဲ ဖုန်းဆက်ထားတာ၊ သမီးအကြိုက် လိုက်လျောပေးလိုက်ပါတဲ့၊ မမခင်နဲ့လည်း အရမ်းရင်းနှီးတာ၊ မမက ဖြစ်အောင်လုပ်ပေးချင်ပါတယ်၊ တခြားပန်းပြောင်းလို့မရဘူးလား ညီမလေးရယ်၊ ချယ်ရီပန်းကမှ မပွင့်သေးတာ"

"ခခ ချယ်ရီပန်းပဲ လိုချင်တာ"

"အင်း ... ဂျပန်ကို မှာရင်တော့ ရနိုင်တယ်၊ တရုတ်ပြည်ဘက်လည်း ပွင့်ပုံမရသေးဘူး၊ ညီမလေး မမ မနက်ဖြန်အကြောင်းပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရအောင်လုပ်ပေးနော်"

"မမ အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်"

"ကျေးဇူးပါ အစ်မ"

ဖုန်းပိတ်လိုက်ပြီး ပြုံးစိစိလုပ်နေသော သူမ၏ နန်းဝါက မျက်စောင်းထိုးပြီး ...

"မဖြစ်နိုင်တာကို ဂျီကျနေတယ်"

"ချယ်ရီပန်းမရရင် မရလို့ဆိုပြီး မင်္ဂလာပွဲကို ရက်ရွှေ့လိုက် မယ်လေ မရပါစေနဲ့"

"သြော် ... အကုန်စီစဉ်ပြီးမှ ရှင့်ရဲ့အရူးထမှုနဲ့ ရွှေ့မလား ခခရယ်၊ ကလေးမဆန်စမ်းနဲ့"

"အဟင်း ... ငါက ပျက်စေချင်နေတာလေ၊ မင်္ဂလာပွဲ ရွှေ့ပစ်ရုံတင်မဟုတ်ဘူး၊ ဖျက်ပစ်ချင်တာလေ"

"ခခကလည်းဟာ"

"ကဲပါ နန်းဝါ ကိုယ်တိုင်းပေးလိုက်ဦး"

နန်းဝါအတွက် အရံဝတ်စုံချုပ်ရန် အတိုင်းပေးပြီး တော့ အိမ်ပြန်လာကြပြီး ရေမိုးချိုးပြီးချိန် ...





"ခခ ဖိတ်စာဖတ်ချင်လို့ ဖိတ်စာတစ်စောင်လောက် ပေးပါ ဦး"

"ငါ့ဆီမှာ တစ်စောင်မှ မရှိဘူး"

"တကယ်"

"အင်း ... ဘာပုံစံမှန်းတောင် မသိဘူး"

"နင် မရသေးဘူးလား"

"ဟင့်အင်း ... စိတ်မဝင်စားလို့ မကြည့်ကိုမကြည့်ဘူး"

"ဟမ် ... အံ့သြစရာပဲ ဘယ်လိုမိန်းမလဲ"

"ခခေါ် ရွှေအိမ်စည်ဆိုတဲ့ မိန်းမပဲပေါ့ကွယ် ... ဟဲ ဟဲ"

"ဟင်း ... ရှင်ကတော့လေ"

"မေမေ ပြန်လာမှ တောင်းကြည့်လိုက်တော့ကွာ"

"တကယ်ပဲ ခခရယ်၊ နင် အဲလိုတွေလုပ်နေတာ အန်တီ ဘာမှ မပြောဘူးလား"

"မပြောပါဘူး"

ထိုအချိန်မှာပဲ ပါးပါးဆီက ဖုန်းဝင်လာသည်။

"သမီး"

"ဟုတ် ပါးပါး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ချယ်ရီပန်း လိုချင်တယ်ဆို"

"ဟုတ်ကဲ့ ပါးပါး"

"သမီးရယ် ရာသီချိန်မှ မဟုတ်တာ"

"ဒါပေမဲ့ ခခ အဲဒီပန်းပဲ လိုချင်တယ်လေ"

"အိုကေ သမီး၊ ဒါဆိုရင်တော့ ပါးပါး ဖြစ်အောင်လုပ်ပေးရမှာပေါ့၊ Floralက သူတို့စိစဉ်ရင် ဂျပန်ကို လှမ်းမှာရမှာမို့လို့ မမိတော့ဘူးလို့ပြောနေလို့ ပါးပါးပဲ လှမ်းမှာပေးတော့မယ်၊ ဂျပန်က ပါးပါးအသိကို လေယာဉ်နဲ့ သယ်လာခိုင်းရတော့မှာ"

"ကျေးဇူးပါပဲ ပါးပါး"

"အိုကေ ... အိုကေ ... ဒါဆို ပါးပါး ဖုန်းချလိုက်တော့မယ်နော်"

မေမေ ပြန်လာတော့လည်း ...

"နန်းဝါရေ ဒေါ်ရွှေခလေးကတော့ ရိစ်သလားလို့ မေမေနဲ့ပဲ၊ ကြဲကြဲဖန်ဖန် ဒီအချိန်ကြီး ချယ်ရီပန်းနဲ့ ဆင်ခိုင်းတယ်"

"မေမေကလည်း ပါးပါးက လုပ်ပေးမယ်တဲ့"





"အေးပေါ့ ဖအေက တတ်နိုင်လို့သာပဲ၊ မဟုတ်ရင် ဘယ်လိုလုပ်မလဲကွယ်"

"မရရင် ချယ်ရီပွင့်တဲ့အချိန်ကို ရွှေ့လိုက်မှာပေါ့ မေမေ၊ တစ်သက်တစ်ခါပဲရှိတဲ့ပွဲကို ကိုယ်လိုချင်တဲ့ပန်းရမှ ပုံစံရမှပဲ ဆောင်ပါရစေ"

"အမလေး ခုမှ စိတ်ဝင်စားနေလိုက်တာ၊ အဲစတုန်းကတော့ မေမေ့သဘော ဆိုပြီး၊ တကယ် နန်းဝါရေ၊ ဖိတ်စာလေးတောင် မဖတ်တဲ့သူက ခုမှ ဟိုပန်း ဒီပန်းနဲ့ ဂျီကျနေရော"

"ဖိတ်စာဆိုမှ နန်းဝါကို ဖိတ်စာတစ်စောင်ပေးပါ အန်တီ၊ နန်းဝါ ဖိတ်စာမဖတ်ရသေးလို့"

"အေး ... လာယူ သမီး"

ဖိတ်စာက ပန်းနုရောင်အိအိကလေး၊ ရေမွှေးနံ့သင်းသင်းလေးက မွှေးပျံ့နေသည်။ ဖိတ်စာအနားသတ်က ပန်းနုရောင်ချယ်ရီပုံလေးတွေ ခတ်ထားသည်။

"ဟယ် ... ဖိတ်စာကလည်း ချယ်ရီပွင့်ပုံလေးတွေနဲ့ လှလိုက်တာ၊ ခခ ဒီမှာကြည့်စမ်း"

ခခက ဖိတ်စာကို တစ်ချက်လှမ်းကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဒီဖိတ်စာပုံစံ မေမေ ရွေးတာလား"

"မဟုတ်ဘူး မီးငယ်၊ မောင်မင်းစံ ရွေးတာ၊ ဘာလဲ … သမီး မကြိုက်လို့လား"

"ဟင့်အင်း … ကြိုက်ပါတယ် မေမေ၊ ချယ်ရီပွင့်ပုံလေးတွေ ဆိုလို့ပါ"

"အဲဒါ မောင်မင်းစံ ရွေးတာ သမီးရေ၊ သမီးကို ရွေးခိုင်းတာ သမီးက စိတ်မဝင်စားဘူးဆိုတော့ သူ့စိတ်ကြိုက်ပဲ လုပ်လိုက်တာ၊ အကြိုက်ချင်းတူတော့ ကောင်းတာပေါ့လေ"

ခခ ဘာမှ မပြောဘဲ ငြိမ်နေသည်မို့ နန်းဝါတ ပြုံးပြုံး ကြည့်နေသည်။

"နန်းဝါ ဘာပြုံးတာလဲ"

"ဩော် … ခခရဲ့ဘာတို့သားနာမည်ကို အပြည့်အစုံလည်း မပြောပြဘူးနော်"

"ဟင် … ခခသိတာ ကိုမင်းစံလေ"

"ဟုတ်လို့လား ရှေ့ကတစ်လုံးကို ဖြုတ်ချခဲ့တာလားလို့"

"မသိပါဘူး၊ ကိုမင်းစံပဲ သိတာပါ"





"ကိုယ့်ဖိတ်စာကိုယ် ဖတ်ကြည့်လိုက်ဦး"

"ဖိတ်စာဖတ်အောင် လုပ်နေတာမဟုတ်လား၊ ဒီအထာတွေ ရိုးနေပြီ"

"အေးပါ နောက်မှ နန်းဝါက မပြောဘူး မလုပ်နဲ့နော်"

"စိတ်မဝင်စားဘူး"

"အေးပြီးရော၊ ငါကလည်း မပြောဘူး"

"ဟဲ ဟဲ …"

"သွား … လာရယ်မပြနဲ့၊ ကိုယ်ယူမယ့်ယောကျ်ားနာမည်တောင် အပြည့်အစုံမသိဘူး"

"နားစမ်းပါဟာ၊ ပြီးရင် ဖက်ရှင်ရှိုးကြည့်ရအောင် နန်းဝါ"

"ဟာ … အိပ်ချင်လို့ ညက ကားပေါ်မှာ တစ်ညလုံး မအိပ်ရဘူး"

"အဲဒါဆိုလည်း အိပ်မယ်ဟာ၊ ငါလည်း အိပ်မယ်"

"နင်ဟာလေ အမေ ပြောသလို တကယ်ကလေးပိစိပဲ ခခရဲ့"

"အင်း … အဲဒီကလေးပိစိကို ဘာလို့ ယောကျ်ားပေးစား ချင်ရတာလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမို့လို့ပေါ့ဟာ၊ စိတ်မချလို့ အုပ်ထိန်းပေးသူ ရှာပေးတာပေါ့၊ နှာစေးရင် နှပ်ချေးသုတ်ပေးဖို့တဲ့"

"နှန်းဝါစုတ်"

"အဲဒါ ခခ သူငယ်ချင်းလေ"

"တော်ပြီ အိပ်တော့မယ်၊ အိပ်မက်ထဲမှာ ကိုကိုနဲ့ ဆုံပါရစေ၊ အိပ်မက်ထဲမှာ ဆုံရုံလောက်နဲ့တင် ကျေနပ်ပါတယ်"

"ဘာလဲ ကိုကိုမင်းစံလား"

"နှန်းဝါစုတ်ကြီး"





မနက်ဖြန်ဆိုရင် မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲသဲကျင်းပတော့မည်။ ခခလည်း စိတ်တွေ လှုပ်ရှားနေပြီ။ ပြီးတော့ ခခ ကိုစိုင်းကို အရမ်းကို သတိရနေမိသည်။

"နှန်းဝါ အပြင်သွားရအောင်"

"ဘယ်သွားမှာလဲ"

"အေးချမ်းတဲ့ နေရာတစ်ခုခုပေါ့"

"ဘာဖြစ်ရပြန်ပြီလဲ"

"အိမ်ထဲမှာနေရတာ ငါ့စိတ်တွေ မွန်းကျပ်နေသလိုပဲဟာ"

"ဒါဆို ခြံထဲဆင်းနေလေ"

"ဟင့်အင်း အပြင်ပဲသွားချင်တာ"

"ဒီနေ့ ဝတ်စုံတွေ သွားယူရမယ်ဆို"

"မေမေ စီစဉ်လိမ့်မယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်နောက်ကို အဲဒီလောက် မလိုက်နဲ့လေကွာ၊ မနက်ဖြန်ဆိုရင်လည်း"

"တော်တော့ကွာ၊ မနက်ဖြန် ဆိုတာကြီးကို သတိမရချင်ဘူး"

"ကဲ ... ဘယ်သွားချင်တာလဲ"

"ဘယ်သွားရင် ကောင်းမလဲ"

"ဘုရားသွားမလား"

"ဟင့်အင်း"

"ဒါဆို ကန်တော်ကြီး"

"တော်ပါ ... သူများတွေငေးပြီး ဆွေးရမယ့်အဖြစ်"

"အံမယ် ... ငါ ပြောဖို့များထားပါဦး"

"ကော်ဖီဆိုင် ... တိတ်ဆိတ်ငြိမ်းချမ်းတဲ့ ကော်ဖီဆိုင်လေး တစ်ခုမှာ သွားထိုင်ချင်တယ်"

"ဒါဆို ဟီတာချီ (Hitachi)တာဝါအပေါ်ဆုံးထပ်က သိရိပစ္စယာမှာ သွားထိုင်မလား၊ ဗျူးကောင်းကောင်းကြည့်ပြီး တွေးချင်ရာ တွေးလို့ရတာပေါ့"

"အေး ... သွားမယ်"





ကော်ဖီဆိုင်ကနေ ရန်ကုန်မြို့ကြီးကို အပေါ်စီးက ကြည့်နေမိသည်။

"ဒီရန်ကုန်မြို့ရဲ့ တစ်နေရာရာမှာတော့ ကိုစိုင်း ရှိနေမှာပဲ နော်၊ ကိုစိုင်းကို ငါ တွေ့ချင်လိုက်တာ"

"စိတ်လျှော့လိုက်ပါတော့ဟယ်၊ သူနဲ့နင် ဖူးစာမပါလို့ပဲလို့ သဘောထားလိုက်ပါတော့"

"ဒါပေမဲ့ဟာ ခုချိန်မှာ ငါဟာ သေခါနီးလူတစ်ယောက်လို ခံစားနေရတယ်၊ မျှော်လင့်ချက်တွေ ကုန်ဆုံးပြီး စိတ်ဓာတ်တွေ အောက်ဆုံးကို ထိုးဆင်းကျနေပြီ၊ အဲဒီခံစားချက်ကို နင် နားမလည်ပါဘူး နန်းဝါရယ်"

"နားလည်တာပေါ့ ခခရဲ့၊ သိပ်ကို နားလည်တာ၊ ငါကိုယ်တိုင်လည်း အဲဒီလို ခံစားခဲ့ရတယ်၊ သူ လက်ထပ်သွားတုန်းက ငါက ရန်ကုန်မှာကျောင်းတက်နေတဲ့အချိန်လေ ...

အဲဒီ တုန်းက ဩော် ... ဒီနေ့ မင်္ဂလာပွဲ၊ ဩော် ... ဒီအချိန်ဆို သူ့ရဲ့မင်္ဂလာပွဲမှာ အခါတော်ပေးသံတွေ ဝေစီနေရောပေါ့လို့ တွေးပြီး မျက်ရည်ပေါက်ပေါက် ကျခဲ့ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန် တည်းက နှလုံးသားဗလာနဲ့ အသက်ရှင်ခဲ့ရတယ်၊ သူနဲ့ မတော်တဆဆုံလို့ သူ့အရိပ် တွေ့တိုင်း အဲဒီနေ့က ခံစားမှုနဲ့ထပ်တူ ရင်နာကြေကွဲနေခဲ့ရတယ်၊ အဲဒီလို ငါခံစားနေရတဲ့အချိန် သူကတော့ သူ့မိသားစု အရေးတွေ သူ့အလုပ်တွေနဲ့ ငါဆိုတာ သတိတောင် ရမှာ မဟုတ်တော့ဘူး၊ ဒါပေမဲ့ ငါကတော့ ကျန်နေခဲ့သူလေ"

"မချစ်မနှစ်သက်သူရဲ့ ရင်ခွင်မှာ အောင့်အည်းပြီး နေရမယ့် ငါ့အဖြစ်ကိုကျတော့ရော မစာနာဘူးလား...ငါက ပိုပြီးခံစားရမှာ နန်းဝါ၊ ကိုယ့်စိတ်တောင် ကိုယ်မပိုင်ဘဲ အောင့်ကာနမ်းနေရမှာ"

"ညားတိုင်း မချစ်ဘူးဆိုပေမယ့် အဆင်တော့ပြေမှာပါဟာ"

"ငါ ပျော်ပါ့မလား"

"နင့်ရဲ့ ကိုမင်းစံက ရုပ်ချော သဘောကောင်း၊ ကြင်နာတတ်တဲ့သူပဲ ဖြစ်မှာပါ။ ပြီးတော့ နင့်ကို အလိုလိုက် အကြိုက်ဆောင်ပြီး နင်စိတ်ချမ်းသာအောင် ထားမယ်ဆိုရင် နင် ပျော်မှာပါ။ နင့်ရဲ့ပါးပါးကလည်း လူကဲခတ် မညံ့ပါဘူးကွယ်"





"ငါ့ထိုက်နဲ့ ငါ့ကံပဲပေါ့ဟာ"

ရီဝေတဲ့ အကြည့်တွေက ခပ်လှမ်းလှမ်းမှ ဖူးတွေ့နေရသော ရွှေရောင်ဝင်းအိနေသည့် ရွှေတိဂုံဘုရားဆီသို့။ ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုလျှင် ...

ကော်ဖီဆိုင်မှ ပြန်လာပြီးတော့ အိမ်ထဲဝင်ဝင်ချင်း ...

"သမီးလေး ဘယ်တွေ လျှောက်သွားနေရတာလဲ"

"အပြင်ခဏပါ"

"လာ ... ဒီမှာ သမီးမနက်ဖြန်ဝတ်ဖို့ ပစ္စည်းတွေ လာကြည့်ပါဦး"

ထိုအချိန်မှာပဲ ပန်းအလှပြင်သည့် အစ်မဆီမှ ဖုန်းဝင်လာသည်။

"ညီမလေး ... လက်ကိုင်ပန်းကိုလည်း ချယ်ရီပန်းပဲ ဆင်မှာနော်"

"ဟုတ်တယ် အစ်မ၊ ဆံထုံးမှာပန်ဖို့ပန်းကိုလည်း ချယ်ရီပဲသုံးမယ်".

"ဟုတ်ပြီ ညီမလေး၊ အစ်မ ပြင်ထားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုမင်းစံရဲ့ဖုန်း။

"ရွှေအိမ်စည် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဒီည အိပ်ရေးဝအောင်အိပ်နော်၊ မနက်ဖြန်ကျရင် ပင်ပန်းနေမှာစိုးလို့"

"အဲဒါက ဘာစကားလဲ"

"ဟာ ... အထင်လွဲပြန်ပြီ။ ကိုယ်ပြောတာက မနက်ဖြန်ကျတော့ ပြင်ရဆင်ရ ညှော်ခံရမှာနဲ့ ပင်ပန်းမှာကို ပြောတာပါ ရွှေမင်းသမီးရယ်"

"ရှင့်အသံက တစ်မျိုးပဲ ကိုမင်းစံ၊ ရှင် မူးနေဟာလား"

"ဘာဖြစ်လို့ မေးရတာလဲ ရွှေအိမ်စည်၊ ကိုယ်နဲ့ မင်းရဲ့ ပတ်သက်မှုဆိုတာက မနက်ဖြန်မှ စ,မှာလေ၊ အခု မေးခွင့်မရှိဘူးထင်တယ်"

"ကျွန်မကလည်း သိပ်ပတ်သက်ချင်တာ မဟုတ်ပါဘူး ကိုမင်းစံ၊ ရှင် မူးနေရင် အေးဆေးနေ၊ လာမနှောင့်ယှက်နဲ့လို့ ပြောမလို့ပါ၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေနဲ့"





မခိုးမခန့် ရယ်သံခပ်တိုးတိုးကို သည်းမခံနိုင်လှစွာဖြင့်။

ခခ ဖုန်းကို ပိတ်ပစ်လိုက်သည်။

"အမြတ်ကတ်စရာကြီး"

"ဘယ်သူလဲ"

"ကိုမင်းစံ မူးပြီးဆက်တာ"

"ဟဲ့"

နန်းဝါ လန့်သွားပုံရသည်။

"သူက ခုတည်းက မူးပြီးဆက်တယ်၊ ဖြစ်ပါ့မလား ခခရယ်"

"ငါ့ထိုက်နဲ့ ငါ့ကံပေါ့ဟာ"

ခခက သူမမျက်နှာလေးကို ငေးလို့ပေါ့။

"သမီးရေ ... ဒီမှာ ပစ္စည်းတွေ လာကြည့်ဦးလေ"

"မကြည့်တော့ပါဘူး မေမေရာ၊ မေမေ စီစဉ်ထားတာပဲ ကောင်းမှာပါ"

"ဒီကလေးကတော့လေ သူ့ကိစ္စ မဟုတ်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိစ္စသာ မဟုတ်ရင် ပိုကောင်းမှာပဲ မေမေ"

ဟူသော စကားကို စိတ်ထဲမှာသာ ဆိုဖြစ်သည်ကွယ်။



"ဟဲ့ ... ခခ၊ ထတော့လေ"

"မထချင်ဘူးဟာ"

"မထချင်လို့ ရမလား၊ အချိန်မရှိတော့ဘူးဟဲ့၊ ဟိုမှာ အန်တီတို့တောင် ကော်ဖီသောက်နေကြပြီ"

"နန်းဝါ ... ငါ စိတ်ညစ်လို့ပါဟာ"

"စိတ်ညစ်လည်း ရင်မဆိုင်လို့မှ မရတာကွယ်၊ ထပါဟယ်၊ ဟိုမှာ လုပ်စရာတွေ ရှိသေးတယ်"

"သမီးလေး မနိုးသေးဘူးလား၊ ဒီမှာ မောင်မင်းစံဆီက ဖုန်းလာနေတယ်"

"ဟဲလို"

"ဂွဒ်မောနင်း ရွှေအိမ်စည်"

"ပြောပါ ကိုမင်းစံ"

"ဆိဒိုးနားကို သွားဖို့ ကိုယ်လာခေါ်ပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုမင်းစံ၊ ကျွန်မဘာသာ သွားလိုက်မယ်"

"အိုကေလေ၊ ကိုယ် ဘာလုပ်ပေးရမလဲ ရွှေအိမ်စည်"

"ရပါတယ် ကိုမင်းစံ"

"တစ်ခုခုဆို ကိုယ့်ဖုန်းကို ဆက်လိုက်ပါ ရွှေအိမ်စည်"

"ဟုတ်ကဲ့"

"ဒါဆို ကိုယ် ဆိဒိုးနားကပဲ စောင့်မယ်"

"ဟုတ်ကဲ့ ကိုမင်းစံ"

ကိုမင်းစံက ဖုန်းချသွားပြီ။

"ဘာတဲ့လဲ သမီး"

"သူ လာကြိုပေးရမလား မေးတာပါ"

"မလာနဲ့လို့ ပြောလိုက်တာလား"

"ဟုတ်"

"သမီးကတော့လေ၊ ကဲ ... လာ လာ၊ နန်းဝါပါခေါ်ခဲ့၊ ဘရိတ်ခ်ဖတ်စ် လာစားလှည့်၊ ပြီးတာနဲ့ SPA သွားပြီး ဆိဒိုးနားကို တန်းသွားမယ်"

"ဟုတ်"

ကော်ဖီသောက်ရင်း မျက်ရည်က အလိုလို ဝဲနေသည်။





"မေမေ"

"ပြော သမီး"

"SPA ကို သမီးနဲ့ နန်းဝါပဲ သွားလိုက်တော့မယ်၊ ပြီးမှ"

"မေမေပါ လိုက်မယ်"

"မေမေက စိတ်မချလို့လား"

"မဟုတ်ပါဘူး သမီးလေးရဲ့၊ မေမေလည်း နည်းနည်းပါးပါး ရှိုင်းချင်လို့"

သူမ သက်ပြင်းကျိတ်ချလိုက်ပြီး ...

"သွားမယ် မေမေ"

"ခဏလေး သမီး၊ မေမေ မှာစရာရှိတာ မှာခဲ့ဦးမယ်"

ပြောပြီး မေမေက အညိုတို့ကို မှာနေသည်။

"နန်းဝါ ငါ စိတ်ညစ်တယ်ဟာ၊ ပြီးတော့ ကိုကို့ကိုတွေ့ချင်တယ်"

"စိတ်လျှော့လိုက်ပါတော့ သူငယ်ချင်းရယ်"

"ခုနေ ကိုကိုနဲ့ တွေ့ရင်တောင် မိနိုင်သေးတယ် နန်းဝါ"

"အားလုံး အရှက်ကွဲကုန်မှာပေါ့ သူငယ်ချင်း၊ ပြီးတော့ အန်တီက ရောဂါသည်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလုပ်ရမလဲဟင်"

"စိတ်ကို အငြိမ်သက်ဆုံး ထားစမ်းပါ ခခရယ်၊ ဒီနေ့ နင် မင်္ဂလာဆောင်တော့မယ်၊ ဒီညနေဆို နင်က ကိုမင်းစံရဲ့ဇနီး ဖြစ်နေပြီ၊ ဘယ်မှာလဲ ကိုစိုင်း၊ နင့်ကို မခင်တွယ်ဘဲ စွန့် လွှတ်သွားတဲ့သူကို နင် ဘာဖြစ်လို့ တမ်းတနေမလဲပြော၊ နင့်သမိုင်းမှာ ကိုစိုင်းကို စာမျက်နှာတစ်ခု အနေနဲ့ပဲ ထား ခဲ့လိုက်တော့"

"ကဲပါဟာ၊ တော်ပြီ သွားမယ်၊ မေမေ ပြီးပြီလား"

"လာပြီ သမီး၊ ပြီးပြီ"

SPA ရောက်တော့ တစ်ကိုယ်လုံး စိမ်ပြေနပြေ စိမ် နေမိသည်။ ကြေးချွတ် ပေါင်းတင်ပြီးချိန် ဆိဒိုနားကို ပြေးကြရ ပြန်သည်။ ဆိဒိုးနားမှာ ယူထားသော သီးသန့်ခန်းထဲရောက်တော့ အားလုံးက အဆင်သင့် ရောက်နေသည်။ မိတ်ကပ်ပြင်မယ့်သူတွေ ကလည်း လက်တပြင်ပြင် ဖြစ်နေသည်။ ပန်းအလှဆင်ပေးသည့် အစ်မကလည်း ...

"ညီမလေး ဒီမှာ ဘိုကေးလေး ကြည့်ပါဦး၊ ကြိုက်ရဲ့လား လို့"





"ရပါတယ် အစ်မ၊ ချယ်ရီဖြစ်ရင် ပြီးတာပဲ"

"အို ... ညီမလေး မျက်နှာလေးကလည်း လှလိုက်တာ၊ သိပ်ပြင်စရာတောင် မလိုဘူး၊ မမခင်တို့က သမီးချောလေး ကို သိမ်းထားတာကို၊ ဒီလိုရုပ်မျိုးလေးက ပြင်လိုက်ရင် နတ်သမီးတမျှပဲ၊ ကဲ ... ညီမလေးရေ စ,မယ်"

မိတ်ကပ်ပြင်သောသူတွေရဲ့ ပေါက်ပေါက်ဖောက်သံ ကိုလည်း ကြားတစ်ချက် မကြားတစ်ချက်နှင့်သာ။

"ညီမလေး ဝတ်မှာ ချယ်ရီရောင် ဆိုတော့ ချယ်ရီသွေး ရောင် ပြေးနေအောင် ပြင်ပေးမယ်နော်"

"သတို့သားက သိပ်ကို ကံကောင်းတာပဲ၊ ဒီလို ချွေမင်းသမီး လေးကို ပိုင်ဆိုင်ခွင့်ရတာ ဘယ်လောက်ကောင်းတဲ့ ကုသိုလ် လဲလို့၊ တို့များမှာ မောင်လေးရှိရင်တောင် ယောက်မတော် ချင်သေးတယ်၊ တကယ်ပဲ"

ရယ်ပဲ ရယ်ချင်သေးတော့။ ယောက်ျားရင့်မကြီးတွေ က မိန်းမလျှာတွေဖြစ်နေပြီး ယောက်မတော်ချင်သည်ဆိုတော့ နှန်းဝါက ရယ်သည်။ ဆံထုံး,ထုံးပြီးချိန် ပန်းပန်မည်ပြင်တော့ မေမေက သူအပ်ထားပေးသော စိန်ပန်းခိုင်တွေ ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခခ ချယ်ရီပန်းပဲ ပန်မှာ"

"အို ... မဟုတ်တာ သမီးရယ်၊ ချယ်ရီဆိုတာ ပန်တဲ့ပန်းမှမဟုတ်တာ"

"ဟင့်အင်း မေမေ၊ သမီး ချယ်ရီပန်းပဲ ပန်ချင်တယ်"

"အို ... မေမေက ဒီမှာ သမီးအတွက် တကူးတက လုပ်ပေးထားတာ၊ မေမေ့စေတနာကို အသိအမှတ်ပြုပါ သမီးလေးရယ်နော်၊ သမီးပါးပါးရဲ့ ဂုဏ်သိက္ခာကလည်း ရှိသေးတယ်"

"မေမေရယ် စိန်တွေဝတ်မှ ဂုဏ်သိက္ခာရှိတာလား မေမေ၊ ဒါဆို စိန်မှ မဝတ်နိုင်တဲ့သူတွေ ဂုဏ်သိက္ခာမရှိတော့ဘူးလား၊ သမီး ချယ်ရီပန်းပဲ ပန်ပါရစေ မေမေ"

"ခခ မေမေ့ကို သိပ်ကိုစိတ်အနှောင့်အယှက် ပေးတာပဲ၊ ခခ စိတ်ချမ်းသာပါစေတော့ဆိုပြီး အစစအရာရာ မေမေ အလိုလိုက်ထားပေးတယ်"

"သမီး စိတ်ချမ်းသာနေတယ်လို့များ ထင်လို့လား မေမေရယ်"





"ခခရယ် တော်ပါတော့၊ အန်တီ ပြင်တာဆင်တာ နှောက်ယှက်တော့မှာပဲ၊ ကဲ ... ကဲ ... ဘယ်ပန်း ပန်မလဲ"

နန်းဝါက စကားဖြတ်ပြောလိုက်ပြီး ဖျောင်းဖျလိုက်သည်။ မိတ်ကပ်ဆရာတွေကလည်း ဘာလုပ်ရမှန်းမသိ။ ချယ်ရီပန်း ပန်မည်ဆိုသော ခခကိုလည်း အံ့သြနေပုံရသည်။

"ခခ ချယ်ရီပန်းပဲ ပန်မယ်"

"ကဲ ... ပြင်ပေးလိုက်တော့၊ သူ့စိတ်တိုင်းကျပဲ လုပ်ပေးလိုက်ကြတာပေါ့"

ပြောပြီး မေမေက အခန်းအပြင်ဘက် ထွက်သွားသည်။

"ခခရယ် ... နင်ကလည်း နည်းနည်းလျှော့ဦးမှပေါ့"

"သတို့သမီးက လှပြီးသားဆိုတော့ ဘာပဲပန်ပန် လှပါတယ်၊ ကဲ ... ကဲ ... ဘိသိက်ချိန်ကျတာတောင် မပြီးဘဲ နေဦးမယ်၊ ပန်းပန်ပေးတော့မယ်နော်"

အားလုံး ပြင်ဆင်ပြီးချိန် ခခက လှပဌင်စွားစွာ ပွင့်နေသော ချယ်ရီပွင့်လေးပမာ ဖူးနုနေသော မျက်နှာလေးကလည်း နတ်ပန်းချီ ခြယ်ထားသည့်အလား။



www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာ ခခရယ်၊ ကိုမင်းစံတော့ ရှင့်အလှကိုမြင်ရင် ဥမ္မာဒန္တီကိုမြင်တဲ့ သိဝိမင်းလို ဖြစ်တော့မှာပဲ"

"တော်စမ်းပါဟာ"

ခခက ငိုမဲ့မဲ့ ဖြစ်သွားသဖြင့် ...

"ဟဲ့ ... ခခ၊ မငိုနဲ့နော်၊ မငိုရဘူး၊ ခုပဲ ပွဲထွက်ရတော့မှာ၊ တော်ကြာ ပျက်ကုန်လို့ ပြန်ပြင်နေရဦးမယ်"

လည်ပင်းနဲ့ လက်တွေမှာ စိန်တွေက တဖျပ်ဖျပ် သီးနေသည်။

ဝတ်စုံကလည်း နာမည်ကြီးဒီဇိုင်နာရဲ့ လက်ရာမို့ သူမရဲ့ သွယ်လျသော ခန္ဓာကိုယ်ပေါ်မှာ ပန်ရနေသည်။ ခခကိုယ်တိုင်လည်း မှန်ထဲက သူ့ပုံရိပ်ကို ပြန်ငေးနေမိသည်။

ခုလို ပြင်ပြင်ဆင်ဆင် တစ်ခါမှ မနေဘူးခဲ့၍ သူမပုံရိပ်ကို အထူးအဆန်းလို ကြည့်နေမိသည်။ မှန်ထဲက ကောင်မလေးကလည်း သူ့ကို အံ့ဩသလို ပြန်ကြည့်လို့။

"ဒေါက် ... ဒေါက်"

"သမီးငယ် ပြီးပြီလား"





"ပြီးပြီ ... ပြီးပြီ၊ ဒီမှာ ဒီသမီးလေးကို ကြည့်ပါဦး သူဌေး ရဲ့"

"အားပါးပါး ... သမီးလေးက လှလိုက်တာကွာ၊ ကဲ ... ခင်ရေ ... ခင့်သားတော်မောင်ရော"

"ဟိုဘက်ခန်းမှာ"

"ကဲ ... လာ လာ ခင်၊ သတို့သမီးလေး Ready နော်၊ ခုပဲ ပွဲထွက်တော့မှာ၊ သမီး နန်းဝါရော ပြင်ပြီးပြီလား"

"ပြီးပါပြီ"

"အေး အေး ... အားလုံး အဆင်သင့် ပြင်ထားနော်"

"နန်းဝါ"

"ဟင်"

"ငါ့ရဲ့ လက်ကိုင်ပန်း နင့်ကိုပေးမယ်နော်"

"ငါ မလိုချင်ဘူး ခခ၊ ငါ ဒီဘဝမှာ အိမ်ထောင်မပြုတော့ဘူး။ အချစ်ရေး အဆင်ပြေတဲ့ သူကိုသာ ပေးလိုက်ပါကွာ"

"ပြီးရော"

"သတို့သမီးလေးရေ၊ ဘိသိက်ဆရာ ခေါ်နေပြီ၊ အမလေးတို့များလည်း ဒီလိုမင်္ဂလာဆောင်ချင်လိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်ဆရာ၏ ဟာသကို မပြုံးနိုင်။ နန်းဝါ ဆွဲခေါ်ရာနောက်သို့ သက်ရှိ ကျောက်ရုပ်တစ်ခုလို အတောင့်လိုက်ပါသွားသည်။

"ခခ သတိထားနော်၊ စိတ်ထိန်းနော်၊ ရုပ်ပျက်ဆင်းပျက် မဖြစ်စေနဲ့နော် သူငယ်ချင်း"

"အင်းပါ"

အပြင်ရောက်တော့ နန်းဝါ ခြေလှမ်းတုံ့ခနဲ ဖြစ်သွားသည်။ မင်္ဂလာခန်းမအတွင်းသို့ ဆင်းသော လှေကားထိပ်ရှိ မွေးပွကော်ဇောပေါ် ခြေချမိချိန် ခခ ကိုယ်လေး တစ်ချက်တုန်သွားသည်။ ခေါင်းငုံ့လျက်သာ။

"သတို့သမီးက သတို့သားလက်ကို ချိတ်လိုက်ပါ"

ဘိသိက်ဆရာ၏ စကားကို မကြားသည့်အလား မတုန်မလှုပ် ကျောက်ဆစ်ရုပ်။ ကိုမင်းစံက သူ့မလက်ကိုဆွဲကာ သူ့လက်မှာ ချိတ်လိုက်ပြီး သူမလက်ကို ခပ်ဖွဖွလေး ဆုပ်ကိုင်ထားသေးသည်။

"လှလိုက်တာ ရွှေအိမ်စည်ရယ်"





တိုးရှသော သူ့အသံက တုန်ယင်နေသည်။ သူမကတော့ ငိုမဲ့မဲ့။

"မငိုရဘူးနော်"

နောက်ထပ် လေတိုးသံတစ်ခုက သူမနားစည်ကို ကြားသာရုံမျှ ရိုက်ခတ်လာပြန်သည်။ ခခ စိတ်ကိုတင်းပြီး ခေါင်းမော့ကာ မျက်နှာကိုပင့်ပြီး ပြုံးလိုက်မိသည်။ လင်းလက်နေတဲ့ အပြုံးတွေအောက်က ကြေကွဲခြင်းတွေက ရှန်းကန်ထကြွလျက်။

မင်္ဂလာအခါတော်ပေးသံက စတင်လာချိန်မှာတော့ ခခ ရှေ့မှာ ချယ်ရီပန်းတွေ ကြဲဖြန့်သွားသည့် ပန်းခင်းသောလမ်းပေါ် ခြေလှမ်းစ,ရပါပြီ။

ပြီးတော့ ချယ်ရီပွင့်တွေ ဖုံးလွှမ်းထားသော မင်္ဂလာအခမ်းအနား။

ပြုံးပြီး မော့ချိနေပေမယ့် ခခ မြင်ကွင်းထဲမှာတော့ ဘာမှရှိမနေ။ စင်မြင့်ထက်မှာ နေရာယူပြီးချိန်အထိလည်း ဘေးမှ ကိုမင်းစံကို မကြည့်မိ။ ခန်းမတွင်း ဖြတ်လျှောက်လာစဉ်က...

"သတို့သားနဲ့ သတို့သမီးက နေနဲ့လ ရွှေနဲ့မြပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီးလေးက ချောလိုက်တာနော်၊ သတို့သားက လည်း ခန့်ချောကြီးပဲ"

"လိုက်ဖက်ညီလိုက်တာ"

ဆိုသည့် အသံတွေ ကြားနေခဲ့ရသည်။ သို့သော် ဘေးကို တစ်ချက်ငဲ့မကြည့်ချင်။ စင်ပေါ်မှာ နေရာယူတော့ လည်း ကိုမင်းစံက သူ့လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားသည်။ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်နေတာလည်း အာရုံမဝင်စား။ ဘိသိက် ဆရာရဲ့ ကောင်းချီးမင်္ဂလာပြုသံတွေကိုလည်း အမှတ်တမဲ့။

ပရိသတ်ထဲကို စူးစိုက်ကြည့်နေမိသည်။ ဒီပွဲကို ကိုစိုင်းများ မတော်တဆ ရောက်နေမလားဟု စိတ်ထဲက ထင်နေမိ သည်။ နောက်ဆုံး မျှော်လင့်ချက်ကလေး ထားနေမိသေးသည်။ ခပ်ဖွဖွအသံတစ်ခု ...

"ဘာတွေ ရှာနေတာလဲ ရွှေအိမ်စည်"

"ကျွန်မ ချစ်သူကို ရှာနေတာ"

ပါးစပ်က လွှတ်ခနဲ ထွက်သွားမိသည်။ သူ ဘယ်လို ဖြစ်သွားမလဲ။ စိတ်ထဲမှာ ရုတ်တရက် အားနာစိတ်ဖြင့် သူ့ဘက် လှည့်ကြည့်မိလိုက်သည်။





"ဟင်"

ပြုံးလဲ့နေသော အကြည့်တစ်ခုက သူမ မျက်ဝန်းထဲ ဝင်ရောက်လာသည်။

"ဘယ်လိုလုပ် ..."

"ရွှေအိမ်စည် သတိထားနော်၊ ကိုယ်က မင်းစံပါ"

သူမ မျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့သီသွားသည်။

"သတိထားနော်၊ ဒါ မင်္ဂလာအချိန်ကြီးနော်"

"ကိုကို နှိပ်စက်တယ်၊ ခကို ဘာလို့ ညာတာလဲ၊ ခကို ဘာလို့ ကြိုမပြောတာလဲ၊ ခကို ရက်စက်တယ်"

သူမဆီက အသံတွေက ဗလုံးဗထွေး ထွက်ကျလာ သည်။

သူမလက်ပေါ်မှာ ဆုပ်ကိုင်ထားသော ချစ်သူရဲ့လက် တွေကို ဖျစ်ညှစ်ထားလိုက်မိသည်။

"ကိုကိုလည်း ခုနကမှ သိတာ၊ ကလေး အခန်းထဲက ထွက်လာမှ၊ ဪ ... ကိုယ့် သတို့သမီးပါလား ဆိုပြီး အားနာပါ့နားနဲ့ လှမ်းကြည့်လိုက်တာ၊ ကလေးကို တွေ့ လိုက်ရတော့ တစ်ကိုယ်လုံး မြောက်တက်သွားသလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကိုယ်ပဲ မြင်ယောင်နေတာလားလို့ ထင်လိုက်သေးတာ၊ ဘေးက နန်းဝါကို တွေ့တော့မှ အမှန်တရားကို လက်ခံပြီး အရမ်းပျော်သွားတာပဲ၊ တော်သေးတာပေါ့၊ ကိုယ်တို့ မှားတော့မလို့"

"သွားပါ ခုမှ"

"တကယ်ပြောတာ၊ ကိုကို့ရုပ်ကိုလည်း ကြည့်ပါဦး"

အနည်းငယ် ချောင်ကျသွားသော သူ့မျက်နှာကို ကြည့်ကာ ...

"ခခတို့ အစတည်းက တွေ့ကြရင် ကောင်းသား၊ ဒါနဲ့ ကိုမင်းစံဆို"

"ဟုတ်တယ်၊ ကိုကို့နာမည် အပြည့်အစုံက စိုင်းမင်းစံလေ၊ ကလေးကိုလည်း ရွှေအိမ်စည် ဆိုတော့"

"အား"

"ဘာဖြစ်တာလဲ ကလေး"

ဘေးမှ သတို့သမီးအရန် နန်းဝါက တစ်ချက်ဆွဲဆိတ်လိုက်ပြီး ဘိသိက်ဆရာဘက် မျက်စပစ်ကာ ...

"ဟိုမှာ ရေခဲမုန့် ခွံ့ခိုင်းနေတယ်လေ"





ပရိသတ်တွေကလည်း ကြည့်နေကြသည်။ သူတို့နှစ်ယောက်ကတော့ ပတ်ဝန်းကျင်ကို မေ့လျော့ပြီး စကားတွေပြောနေလိုက်ကြတာ။

ခခက ရှက်ပြီး မျက်နှာလေး ရဲသွားသည်။ သူက ရေခဲမုန့်ခွက်ကလေးယူကာ ချစ်သူလေးကို ခွံ့ကျွေးလိုက်သည်။

ပရိသတ်တွေဆီက ရယ်မောသံသံ့သဲ့ ကြားလိုက်ရသလိုပင်။

ရှက်ရွံ့မျက်နှာပွင့်ဇွာ။

❣ ❤ ❣



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



ဖြူလွှသော သဲသောင်ပြင်ဆီသို့ လှိုင်းလုံးတွေက အားမာန်အပြည့်ဖြင့် တဝုန်းဝုန်း ရိုက်ခတ်လျက်။ အုန်းပင်တန်းဆီမှ တရှူးရှူး တရှဲရှဲ။ အော်သံတွေကလည်း လှိုင်းပုတ်သံကို အားဖြည့်ပေးထားသည်။

အုန်းပင်တန်းလေးရဲ့ အောက်မှာ လှပသော ကောင်မလေးတစ်ယောက်။ ချည်သားအင်္ကျီ ဖြူလွှလွှလေးက တဖျပ်ဖျပ် လွင့်နေသလို ပင်လယ်ပြာရောင် ပတ်ထဘီလေးကလည်း လေအဟုန်မှာ စည်းချက်ညီစွာ။ ပြီးတော့ အဲဒီကောင်မလေးနားမှာ သူမနှင့် သိပ်ကို လိုက်ဖက်ညီလှသော ကောင်လေး။

"ကိုကို"

"ပြော ... ချစ်လေး"

"ကိုမင်းစံက ဘာဖြစ်လို့ ကိုကို ဖြစ်နေရတာလဲဟင်"





"အဲဒါ ကိုကိုတို့ မှန်ကန်စွာ ဆုံးဖြတ်ခဲ့ကြလို့ပေါ့ ချစ်လေးရယ်၊ တကယ်လို့သာ ကိုကို ချစ်လေးကို နိုးပြေးသွားခဲ့ရင် ချစ်လေးဖေဖေက အရမ်းကို စိတ်ဆိုးမှာ၊ ပြီးတော့ ကိုယ်တို့ ဒီနေ့လို ပျော်ရွှင်ကြရမှာ မဟုတ်ဘူး"

"ဒါဆိုရင် ကိုမင်းစံက ကိုစိုင်း မဟုတ်ဘူး၊ ဒါမှမဟုတ် ချွေအိမ်စည်က ခခ မဟုတ်ဘူး ဆိုရင်ရော"

"မှုးစာဆိုတာ နမှုးမှာပါတဲ့စာလေ ချစ်လေးရဲ့"

❣ ❤ ❣



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ချစ်တယ် ...
ကိုကိုကလည်း ချစ်လေးကို ...
ချယ်ရီပန်းတွေကိုလည်း ချစ်တာပဲ ...
ကိုကိုကလည်း ချယ်ရီပန်းတွေကို ...။



သဲသောင်စပ်မှာ
လှိုင်းတွေက လာပေါင်းစပ်ပြီး
အုန်ပင်တန်းတွေ ဝန်းရံထားတဲ့သရုပ်က ပင်လယ်။
ပြီးတော့ ...
လိုက်ဖက်ညီတဲ့
ကောင်လေးနဲ့ ကောင်မလေး။
ပြီးတော့ ...
အဲဒီကောင်မလေးက
ချယ်ရီရောင်သတို့သမီး ...။

www.burmeseclassic.com

www.burmeseclassic.com



မွေးမြေလန်းဆန်း ဘဝပန်းကို

ထာဝရ ဆင်မြန်းနိုင်ကြပါစေ

ရွှန်းမိုးဦး

BURMESE CLASSIC

www.burmeseclassic.com